The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 38 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 2, 2017

# မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့်အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်သို့

စာမျက်နှာ - ၁၈ ➤




## ပြည်ပပို့ကုန် တိုးတက်ရေးအတွက် ဖော်ဆောင်ရမည့် ဈေးကွက်

စာမျက်နှာ - ၁၂ ➤

## အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ငွေချေးနိုင်ပြီ

စာမျက်နှာ - ၁၇ ➤

## သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် “တယ်လီနောသာသာယာယာ” အား ထပ်မံမိတ်ဆက်

စာမျက်နှာ - ၂၅ ➤

ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးစီမံကိန်း အောက်တွင် ဆောင်ရွက်နေသည့် Codex HACCP အရ အစားအစာ ဘေးကင်းရေးစနစ် လုပ်ငန်းတွင်း တိုက်ဆိုင်စစ်ဆေးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၂၂ ➤



## ခွန်အားပြည့်ဖြိုး အင်အားတိုးဖို့ မြန်မာတစ်နိုင်ငံလုံး “ပဲ” စားသုံးကြစို့

စာမျက်နှာ - ၁၅ ➤




FLAV-O-RICH
Chicken Franks
Valley Farm
CHICKEN FRANKS
FRANKFURTER AYAM
GOURMET Chef
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214


Gold Choice®
what a feeling!
White Coffee
My Life My Choice
ဘဝအတွက် ရွေးချယ်မှု...
CAFÉ MOCHA Coffee
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214


ထာဝရ နှစ်သက် စွဲလမ်းစေမည် . . . သဘာဝ
POP POP
COFFEE
2 PLUS 1
POP POP
ရန်ကုန် 09 79 50 60 111
မန္တလေး 09 79 50 60 222
ပြင်ဦးလွင် 09 79 50 60 333


WIN-WIN
လူကြီးမင်းတို့၏ပို့ကုန်သွင်းကုန်လုပ်ငန်းများအတွက်
စိတ်ချရသောဝန်ဆောင်မှု
WIN-WIN ASIA BRIGHT FUTURE CO., LTD.
WIN-WIN LOGISTICS & CUSTOMS BROKERAGE SERVICES
Our Services
Sea Freight
Air Freight
Border Trade
Office:
NO.(107), 1st Floor (Left), 39th Street, Kyauktada T/S, Yangon, Myanmar.
Tel/Fax: +951 249386; Mobile: +959 448013162, +959 43055115, +959 450052351
E-mail : winwinlogistics.09@gmail.com; johnmoez75@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်၍ ပဲစိုက်ပျိုးထွက်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် တွေ့ဆုံညှိနှိုင်းသည့်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒပြောင်းလဲမှု နှင့် ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ တောင်သူများ စိုက်ပျိုးထွက်ရှိလာမည့် ပဲများနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် သီးနှံအစားထိုးပြောင်းလဲစိုက်ပျိုးရန်ကိစ္စများအား ပဲစိုက်ပျိုးထွက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၂၉ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုကိုကန့်သတ်လိုက်သဖြင့် မြန်မာနိုင်ငံမှ ပဲတင်ပို့သူများ၊ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်ကို အားလုံးပူးပေါင်းဖြေရှင်းနိုင်ရေးအတွက် မိမိနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ဦးဆောင်ပြီး ဩဂုတ် ၈ ရက်တွင် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် ပညာရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၏ အကြံပြုချက်များအရ လာမည့်ပဲစိုက်ရာသီတွင် မတ်ပဲလျှော့ချစိုက်ပျိုးရေးနှင့် အခြားဈေးကွက်ဝင်သီးနှံပြောင်းလဲစိုက်ပျိုးရေးကိစ္စ၊ အီးယူနိုင်ငံများနှင့် ဂျပန်နိုင်ငံသို့ တင်ပို့သည့်ပဲများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း သတ်မှတ်ချက်ထက် ပိုမိုပါဝင်နေသည့်အတွက် ပဲများတွင်ပိုးသတ်ဆေးဓာတ်ကြွင်းလျှော့ချနိုင်ရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ပြည်တွင်းလက်ကျန်ပဲများအပေါ် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ စိုက်ပျိုးထားပြီးဖြစ်သော ပဲများကိုတောင်သူများ ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို အကြံပြုဆွေးနွေးခဲ့ပါကြောင်း၊ အစည်းအဝေးသို့တက်ရောက်လာကြသူများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေး ချက်များမှ ဖော်ထုတ်ချက် ၁၀ ချက်ရရှိခဲ့ပြီး ဖော်ထုတ်ချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအထူးလုပ်ငန်းအဖွဲ့ကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်အဖွဲ့များ၊ ပညာရှင်များ၊ တောင်သူကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ အထူးလုပ်ငန်းအဖွဲ့အနေဖြင့် စက်တင်ဘာ ၁၃ ရက်တွင် အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီး ဩဂုတ် ၅ ရက်မတိုင်မီ ပဲတင်ပို့ရန်ချုပ်ဆိုထားသည့် စာချုပ်များအရ ပဲများကို အိန္ဒိယနိုင်ငံသို့ ဆက်လက်တင်ပို့ခွင့်ရရှိရေး၊ အိန္ဒိယနိုင်ငံမှ တင်သွင်းရန် တန်ချိန်ကန့်သတ်ထားသည့် ပဲများမှ ထပ်မံတင်သွင်းရန်ကျန်ရှိသည့်ပဲများ မြန်မာနိုင်ငံမှ ဆက်လက်တင်ပို့နိုင်ရေး၊ အိန္ဒိယနိုင်ငံနှင့် ပဲရောင်းဝယ်မှု G to G (MoU) လက်မှတ်ရေး ထိုးနိုင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ ပေါင်းစပ်ညှိနှိုင်းရေးအထူးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ရာ အိန္ဒိယနိုင်ငံဘက်မှ ညှိနှိုင်းအဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းရေးကိစ္စရပ်များ ညှိနှိုင်းခဲ့ပြီးဖြစ်ကြောင်း၊ ပြည်တွင်းမှ လက်ကျန်ပဲများကို အသုံးပြုနိုင်မည့်နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်အပြင် ပဲအများဆုံးသုံးစွဲသည့်တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ သင်တန်းကျောင်းများရှိသော ဝန်ကြီးဌာန အဖွဲ့အစည်းများ အနေဖြင့် ရိက္ခာအဖြစ် အသုံးပြုခြင်း၊

စာမျက်နှာ - ၁၇ သို့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမေရိကန်နိုင်ငံ John Hopkins University, SAIS ၏ အာရှရေးရာဌာနအကြီးအကဲ Professor Dr. Karl Jackson ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အမေရိကန်နိုင်ငံ John Hopkins University SAIS ၏ အာရှရေးရာဌာန အကြီးအကဲဖြစ်သူ Professor Dr. Karl Jackson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၂၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူး ပြောင်းနေသည့် ကာလတွင်စိန်ခေါ်မှု များစွာနှင့် ကြုံတွေ့နေချိန်တွင် မိမိတို့ တစ်နိုင်ငံတည်း ဆောင်ရွက်ရန်မစွမ်းသည့်ကဏ္ဍများ၌ နိုင်ငံတကာအဖွဲ့အစည်းများ၊ စီးပွားရေးမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေးအမြင်သစ်များနှင့် သုံးသပ်အကြံပြုချက်များအား ကြိုဆိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်မည့် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ယင်းစီမံကိန်းနှင့်အတူ တနင်္သာရီကျွန်းဆွယ်တစ်လျှောက်ရှိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ရေးတို့အား ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် World Bank Group မှ Trade & Competitiveness ၏ Senior Economist ဖြစ်သူ Mr. Sjamsu Rahardja ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကမ္ဘာ့ဘဏ်မှ Trade & Competitiveness ၏ Senior Economist ဖြစ်သူ Mr. Sjamsu Rahardja ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၂၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ကုန်သွယ်မှုဥပဒေမှာ မရှိမဖြစ်လိုအပ်သည့် ဥပဒေတစ်ခုဖြစ်ကြောင်း၊ ခိုင်မာသောဥပဒေ ရေးဆွဲထားရှိသည့်အပြင် ဝန်ကြီးဌာနများနှင့် အခြားဆက်စပ် အဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာရန်လည်း လိုအပ်ကြောင်း၊ လက်ရှိ ညှိနှိုင်းဆောင်ရွက်ထားသည့် ကုန်သွယ်မှုဥပဒေအပေါ် ထပ်မံဖြည့်စွက်သင့်သည်များနှင့် မရှင်းလင်းသည့် အချက်များအား လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဆောင်ရွက်မှုများ ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
-

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်တစ်သောင်းသုံးထောင်ကျော်နဲ့ ဆီနီဂေါနိုင်ငံသို့ ဆန်ကွဲတန်ချိန်နှစ်သောင်းခြောက်ထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ၁၆ရက်မှ ၂၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၅၄ သန်းတန်ဖိုးရှိ ငစိန်ဆန်၊ ဧည့်မထဆန်နဲ့ ကောက်ညှင်းဆန် ၂၁၁၈၉ တန် ကျော်တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန်ချိန် ၇၀၊ ဧည့်မထဆန် ၁၈၈၅၃တန်ကျော်နဲ့ကောက်ညှင်းဆန် ၅၉ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၆၉ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၈၈၃ တန်ကျော်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၅၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၃၈၄၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၂၆၅၆ တန်တင်ပို့မှုလျော့ကျခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၄၆ သန်းတန်ဖိုးရှိဆန်ကွဲ ၁၂၀၆ တန်နဲ့လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၆ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၆၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် စုစုပေါင်းအမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၃၇၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၁၄၇၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၃ တန်လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။ စက်တင်ဘာ ၁၇ ရက်မှ ၂၃ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၆၁ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၂၆၈၂၅ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဧည့်မထဆန် ၁၃၁၂၅ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပြင် အခြားတင်ပို့တဲ့နိုင်ငံများမှာ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၂၈၇၅ တန်နဲ့ ငစိန်ဆန်တန်ချိန် ၅၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၂၅ တန်၊ ငစိန်ဆန်တန် ၅၀ နဲ့ ဇီယာဆန် ၄၈ တန်၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၂၅၀၊ ဂျပန်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၅၀၊ ရုရှားနိုင်ငံသို့ ပေါင်းဆန်တန်ချိန် ၂၀၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၅၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၇၇၀၊ ဂီနီနိုင်ငံသို့ဧည့်မထဆန်တန် ချိန် ၂၈၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန်ချိန် ၄၅၀၊ ဧည့်မထဆန် ၁၅၃၂ တန်နဲ့ ငစိန်ဆန်တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန် ၂၁၂၄၆တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၅၅၇၉ တန် ပိုမိုတာတွေ့ရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၇၃ သန်းတန်ဖိုးနဲ့ ၃၄၈၃၅ တန်ဖြစ်ပါတယ်။ ဆန်ကွဲကို အီးယူနိုင်ငံများသို့ ၆၈၈၅ တန်၊ တရုတ်နိုင်ငံသို့၂၅တန်၊ စင်ကာပူနိုင်ငံသို့၁၂၅တန်၊ သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၅၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၀ နဲ့ ဆီနီဂေါနိုင်ငံသို့ တန်ချိန် ၂၆၂၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှဆန်ကွဲတန်ချိန် ၇၆၉၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၇၁၄၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**




# ပုသိမ်မြို့ပေါ်ရှိ ဆန်စပါးဈေးကွက်တွင် စက်တင်ဘာလဆန်းပိုင်းထက် လကုန်ခါနီး ဈေးနှုန်းမြင့်တက် ရောင်းဝယ်လျက်ရှိ

ပုသိမ်မြို့ဆန်စပါးဈေးကွက်တွင် စက်တင်ဘာလ ပထမပတ် ဧရာဝတီပေါ်ဆန်း ၅၂ပေါင်ခွဲ တင်း၁၀၀လျှင်ယခင် ၁၀သိန်းခွဲဝန်းကျင်မှ ယခု ၁၁သိန်းဝန်းကျင်၊ ပေါ်ဆန်းရင်စပါး၉သိန်းဝန်းကျင်မှ ၉သိန်းခွဲဝန်းကျင်နှင့် စပါးဈေးမြင့်တက်လျက်ရှိပြီး ဧရာဝတီပေါ်ဆန်း တစ်အိတ်လျှင် ယခင် ကျပ် ၃၈၀၀၀၊ ကျပ် ၃၉၀၀၀ မှ ယခု ကျပ် ၄၀၀၀၀၊ ကျပ် ၄၂၀၀၀၊ ပေါ်ဆန်းရင် တစ်အိတ်လျှင် ယခင် ကျပ် ၃၆၀၀၀၊ ကျပ် ၃၇၀၀၀မှ ယခု ကျပ် ၃၈၀၀၀၊ ကျပ် ၃၉၀၀၀၊ ပေါ်ဆန်းအုပ်စုဝင် ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀၀န်းကျင် ဈေးနှုန်းမြင့်တက်၍ ဧည့်မထ အုပ်စုဝင် မနောသုခစပါး ပေါင်၅၀တင်း ၁၀၀ကို ယခင်ကျပ် ၆၂၀၀၀၀၊ ကျပ် ၆၃၀၀၀၀ မှ ယခု ခြောက်သိန်းခွဲဈေး၊ ဆန်တစ်အိတ်ကို ကျပ် ၂၁၀၀၀၊ ကျပ် ၂၂၀၀၀မှ ယခု ကျပ် ၂၂၀၀၀၊ ကျပ် ၂၃၀၀၀ ဝန်းကျင်၊ ရွှေသွယ်စပါး ပေါင်၅၀ တင်း၁၀၀ကို ယခင် ကျပ် ၆၈၀၀၀၀၊ ကျပ် ၆၉၀၀၀၀ မှ ကျပ် ၇၀၀၀၀၀၀န်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၆၀၀၀၊ ကျပ် ၂၇၀၀၀မှ ယခု ကျပ် ၂၈၀၀၀၊ ကျပ် ၂၉၀၀၀၊ နွေသီးထပ်ရင် စပါးဈေး ပေါင်၅၀ တင်း၁၀၀ကို ယခင် ကျပ်၅၆၀၀၀၀၊ ကျပ် ၅၇၀၀၀၀တွင် ဆန်တစ်အိတ် ကျပ် ၂၀၅၀၀၊ ကျပ် ၂၁၀၀၀မှ ယခုစပါးဈေး ခြောက်သိန်း ဆန်တစ်အိတ်လျှင်ကျပ် ၂၂၀၀၀၊ကျပ် ၂၃၀၀၀ဖြစ်သွား၍ဧည့်မထစပါးဈေး တင်း၁၀၀ကို ကျပ် ၂၀၀၀၀၀န်းကျင် ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

မိုးစပါးပေါ်ခါနီး စပါးဟောင်းလက်ကျန်များ လျော့နည်းလာချိန်တွင် ဈေးကွက်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လက်ရှိစပါးဟောင်းဈေးနှုန်းများ မြင့်တက်မှုအပေါ် ပြည်တွင်း/ပြည်ပဈေးကွက်ပေါ် မူတည်၍ စပါးသစ်ဈေးနှုန်းလည်း မြင့်တက်နိုင်ကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးလျက်ရှိသော တောင်သူများထံမှ ရေကြီးရေလျှံမှုမရှိ၊ ပိုးမွှားဖျက်ဆီးမှုသတင်းများ မကြားရ၍ စပါးအထွက်ကောင်းလာနိုင်ကြောင်း ဆန်စက်ပိုင်ရှင်၊ ဆန်/စပါးကုန်သည် အချို့ထံမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၉-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၀ | ၄၃၉ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၅ | ၄၀၄ | ▽ | ၃၇၈ | ၃၉၃ | △ | ၄၀၅ | ၄၀၅ | □ | ၃၉၀ | ၃၈၀ | ▽ |
| ဆန်ဖြူ ၁၀% | ၄၀၉ | ၃၉၈ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၀၆ | ၃၉၅ | ▽ | ၃၆၈ | ၃၈၃ | △ | - | - | - | ၃၈၀ | ၃၇၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၉၈ | ၃၈၈ | ▽ | ၃၅၈ | ၃၇၃ | △ | ၃၆၅ | ၃၆၀ | ▽ | ၃၅၀ | ၃၄၀ | ▽ |
| ပေါင်းဆန် | ၄၅၂ | ၄၃၄ | ▽ | - | - | - | ၄၃၀ | ၄၁၅ | ▽ | ၄၁၅ | ၄၂၀ | △ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၂၉-၉-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၈၅၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၆၂၀၀ | △ | ၂၁၀၀၀ | □ | ၁၀၆၀၀ | □ | ၃၉၀၀၀ | △ |
| ပဲခူး | ၅၁၀၀ | △ | ၂၁၀၀၀ | △ | ၆၇၀၀ | □ | ၃၄၀၀၀ | △ |
| ရွှေဘို | ၆၀၀၀ | △ | ၂၃၀၀၀ | △ | ၁၂၅၀၀ | □ | ၄၃၅၀၀ | △ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၀၀၀ | □ | ၃၂၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | △ | ၂၁၅၀၀ | △ | - | - | ၃၂၀၀၀ | ▽ |
| မန္တလေး | ၆၀၀၀ | △ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | ▽ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၄၈၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၇၇၀ | □ | ၃၂၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မြိတ် | ၄၀၀၀ | △ | ၁၈၀၀၀ | ▽ | - | - | ၃၈၀၀၀ | ▽ |
| ဘားအံ | ၅၄၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၀၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၅-၉-၂၀၁၇ မှ ၂၉-၉-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1276 | 50,887,425.810 |
| 2 | Form D | 63 | 2,312,320.430 |
| 3 | Form E | 121 | 2,311,713.120 |
| 4 | Korea GSP | 7 | 155,092.180 |
| 5 | Form AK | 212 | 8,674,947.431 |
| 6 | Form AJ | 9 | 290,208.510 |
| 7 | Form AI | 58 | 2,462,151.910 |
| 8 | Form AANZ | 29 | 200,245.450 |
| 9 | Form DFTP | | |
| Grand Total | | 1775 | 67,294,104.841 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၉-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၂/၉ | ၂၉/၉ | ပြောင်းလဲမှု | ၂၂/၉ | ၂၉/၉ | ပြောင်းလဲမှု | ၂၂/၉ | ၂၉/၉ | ပြောင်းလဲမှု | ၂၂/၉ | ၂၉/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၁၉ | ၈၈၈ | ▼ | ၁၀၀၀ | ၉၁၇ | ▼ | ၁၀၀၀ | ၉၀၀ | ▼ | ၁၀၀၀ | ၉၁၅ | ▼ |
| ပဲစင်းငုံ | ၆၈၆ | ၆၆၈ | ▼ | ၆၆၇ | ၆၃၃ | ▼ | ၆၅၀ | ၆၀၅ | ▼ | ၆၅၀ | ၆၁၅ | ▼ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၈၀ | ■ | ၁၆၇၁ | ၁၅၆၄ | ▼ | - | ၁၄၄၇ | - | ၁၃၇၀ | ၁၄၇၅ | ▲ |
| ကုလားပဲရိုးရိုး | ၃၀၀၀ | ၂၈၀၀ | ▼ | ၂၄၉၈ | ၂၄၄၅ | ▼ | ၂၃၆၀ | ၂၃၉၅ | ▲ | ၂၃၈၀ | ၂၃၄၀ | ▼ |
| ပဲလွန်းဖြူ | ၂၀၀၀ | ၂၀၀၀ | ■ | - | - | - | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၄၃၆ | ၂၄၃၆ | ■ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၉-၉-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၂/၉ | ၂၉/၉ | ပြောင်းလဲမှု | ၂၂/၉ | ၂၈/၉ | ပြောင်းလဲမှု | ၂၂/၉ | ၂၈/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၃၀ | ၄၁၀ | ▼ | ၆၇၇ | ၆၁၉ | ▼ | ၆၄၇ | ၆၁၉ | ▼ |
| ပဲစင်းငုံ | ၃၂၀ | ၃၁၀ | ▼ | ၅၈၅ | ၅၆၃ | ▼ | ၆၂၇ | ၆၁၆ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၀၈ | ၆၈၄ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၁၀ | ၁၁၄၅ | ▲ | ၈၈၅ | ၈၁၆ | ▼ | ၉၂၄ | ၈၆၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၆.၉.၁၇)ထိ | ယခုတစ်ပတ် (၂၃.၉.၁၇)ထိ | (၁.၁.၁၇) မှ (၂၃.၉.၁၇) ထိ |
| မတ်ပဲ | ၃၉၁၄၁၄ | ၅၃၆၂ | ၃၉၆၇၇၆ |
| ပဲတီစိမ်း | ၁၀၁၇၁၇ | ၉၂၂ | ၁၀၂၆၃၉ |
| ပဲစင်းငုံ | ၁၉၇၈၅၉ | ၁၇၇၃ | ၁၉၉၆၃၂ |
| ကုလားပဲ | ၃၆၆၂၉ | ၂၆၂ | ၃၆၈၉၁ |
| ပဲလွန်းဖြူ | ၁၂၅၈၄ | ၅၃ | ၁၂၆၃၇ |
| မြေထောက်ပဲ | ၉၀၇၃ | - | ၁၈၁၄၆ |

### ငွေလိုရှ၍ရောင်းချသူတချို့ဖြင့် ပြည်မတ်ပဲ အရောင်းအဝယ်ဖြစ်နေ

ပြည်ပဲဈေးကွက်အတွင်း စက်တင်ဘာလကုန်ပတ်မှာ မတ်ပဲသီးနှံရောင်းဝယ်မှုအနည်းငယ်ဖြစ်ခဲ့လို့ အိတ် ၁၀၀ ကျော် နေ့စဉ်ရောင်းချခဲ့ကြရတယ်လို့ သိရပါတယ်။ ဒေသတွင်းမှာ အရောင်းအဝယ်ဖြစ်သလို ရန်ကုန်ဝယ်လက်လည်း ဝယ်ယူမှုရှိတယ်လို့သိရပြီး ဈေးကွက်အတွင်း ငွေလို၍ကျဈေးဖြင့်ရောင်းချသူများရှိခဲ့ကြတဲ့အတွက် အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၁၈၃၀၀ ဖြင့်သာ ယခင်တစ်ပတ်ကထက် ထပ်မံဈေးလျော့သွားခဲ့တာကိုတွေ့ရပါတယ်။ ဩဂုတ်လကုန်ပတ်မှစ၍ယခုလကုန်ပတ်ကာလ တစ်လတာကာလအတွင်း မတ်ပဲသီးနှံဈေးမှာကျပ်နှစ်သောင်းနှင့် နှစ်သောင်းအောက်သာရရှိပြီး အရောင်းအဝယ်ဖြစ်မှုပမာဏနည်းပါးခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

### ပြည်ပဲကြီးအရောင်းအဝယ်သွက်နေပြီး ဈေးအမြင့်ဆုံးရ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း စက်တင်ဘာနောက်ဆုံးပတ်တွင် ပဲကြီးသီးနှံဟာ ပဲကြော်ဖိုသမားများ ပုံမှန်အဝယ်ရှိလို့ နေ့စဉ်ရောင်းချမှုရှိခဲ့တာကို တွေ့ရပါတယ်။ နေ့စဉ်အိတ် ၂၀၀မှ ၂၅၀ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ ဈေးငြိမ်လျက်ရှိလို့ (ရွှေကျွန်း)တစ်တင်းလျှင်ကျပ် ၅၅၀၀၀၊ (ကမ်းနား) တစ်တင်းလျှင်ကျပ် ၅၀၀၀၀ ဖြင့် လလယ်မှစ၍ ယင်းဈေးအတိုင်း ဈေးဆက်ငြိမ်နေခဲ့ပါတယ်။

လဆန်းရက်က မျိုးပဲများဝယ်ယူကြတဲ့အတွက် မျိုးပဲဈေးတစ်တင်းလျှင်ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခုလအတွင်း ပဲမျိုးစုံဈေးကွက်အတွင်းမှာ အရောင်းအဝယ်လည်းသွက်၊ ဈေးလည်းကောင်းခဲ့တဲ့အတွက် ပဲကြီးသီးနှံဟာ ဈေးအမြင့်ဆုံးရနေတဲ့ပဲတစ်မျိုးဖြစ်ခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

# စက်တင်ဘာလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲကြီးသီးနှံဈေးအမြင့်ဆုံးရှိပြီး ပဲတီစိမ်းဈေးလျော့နည်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်ပဝယ်လက်ပဲတီစိမ်းသီးနှံနှင့် ပြည်တွင်းဝယ်လက်ပဲများ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြသလို လက်လီအရောင်းအဝယ်ဖြစ်တဲ့ပဲများလည်းရှိခဲ့ကြတာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ မန္တလေးဝယ်လက်သမားများ နေ့စဉ်အဝယ်ရှိခဲ့လို့ အိတ် ၁၅၀ မှ ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးနှုန်းမှာ တစ်တင်းလျှင်ကျပ် ၂၈၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်တစ်တင်းလျှင် ကျပ်သုံးထောင်ခန့်ဈေးပိုရလာတာကိုလည်းတွေ့ရပါတယ်။

ပန်းတောင်း၊ ကံမ၊ရွှေတောင်၊ ကျိုးသဲ၊ ပြည်အနီးတစ်ဝိုက်မှ နေ့စဉ်အိတ်၁၀၀ကျော် ဝင်ရောက်ခဲ့သလို ဝယ်လိုအားလည်း ပုံမှန်ရှိတဲ့အတွက် အဝင်ရှိသလောက်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခုအချိန် ပြည်ပဝယ်လက်ပဲများအနက် ပဲတီစိမ်းသီးနှံတစ်မျိုးသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒေသတွင်းအရောင်းအဝယ်ဖြစ်တဲ့ ပဲသီးနှံများထက် ဈေးလျော့နည်းနေခဲ့ကြောင်းသိရပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်အနည်းငယ်ရှိသော်လည်း အိတ်၁၀၀ပတ်ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းမှာတစ်တင်းလျှင်ကျပ် ၁၂၅၀၀ခန့်ဖြင့် ယခင်တစ်ပတ်ကထက် ထပ်မံဈေးလျော့သွားခဲ့တာကို တွေ့ရပါတယ်။

ယခုနှစ်အတွင်း ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံဟာ ဈေးအနိမ့်ဆုံးဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်ကတော့ မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးနှုန်းများဟာ ပဲဈေးကွက်အတွင်း ဈေးကောင်းရခဲ့ပေမယ့် ယခုနှစ်မှာတော့ ပဲဈေးနှုန်းများ ဈေးကောင်းမရခဲ့သည့်အပြင် ပြည်ပဝယ်လိုအားလည်းမရှိသည့်အတွက် အဆိုပါ ပဲနှစ်မျိုး၏ဈေးနှုန်းများမှာ အနိမ့်ဈေးနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ယခုနှစ်အတွင်း မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ ဈေးမကောင်းခဲ့ပေမယ့် ကုလားပဲသီးနှံကတော့ ပေါ်စကတည်းက ဈေးကောင်းခဲ့သလို ဩဂုတ်လဆန်းမှစ၍ ပဲဈေးများတရိပ်ရိပ်မြင့်တက်ခဲ့တဲ့အတွက် ယခုအချိန်မှာတော့ တစ်တင်းလျှင်ကျပ် ၄၅၀၀၀ ဖြင့် ပဲခွဲစက်သမားများ အဓိကထားဝယ်ယူတဲ့ သီးနှံလည်းဖြစ်နေခဲ့ပါတယ်။

ပဲခွဲစက်သမားအပြင် မျိုးပဲများလည်း ဝယ်ယူနေကြတာကြောင့် မျိုးပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၄၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ယခင်နှစ်စက်တင်ဘာလအတွင်းက ကုလားပဲသီးနှံဈေးမှာ တစ်တင်းလျှင် ကျပ် ၄၃၀၀၀ ရရှိခဲ့လို့ ယခုနှစ်ဈေးမှာ တစ်တင်း ကျပ်နှစ်ထောင်ကျော် သုံးထောင်အထိပိုရခဲ့တဲ့အတွက် ယခင်နှစ်အတိုင်း ယခုနှစ်မှာလည်း ဈေးကောင်းရတဲ့အခြေအနေကို ဆက်လက်ထိန်းနိုင်ခဲ့တာကိုတွေ့ရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများအနက် ကုလားပဲနဲ့ ပဲကြီးသီးနှံများဈေးလည်းကောင်း အရောင်းအဝယ်လည်း ပုံမှန်ဖြစ်နေတယ်ဆိုပေမယ့် အိတ်ရာကျော်သာ ရောင်းချခဲ့ရပါတယ်။ ကျန်ပဲများဖြစ်တဲ့ ထောပတ်ပဲ၊ စားတော်ပဲ၊ ပဲပုပ်၊ ပဲနီပြားသီးနှံတို့ဟာ လက်ကျန်နည်းလာပြီဖြစ်လို့ အရောင်းအဝယ်မသွက်တော့ဘဲ လက်လီသာ အိတ်အနည်းငယ်စီဖြင့် နေ့စဉ်ရောင်းချခဲ့ရပါတယ်။

ပဲဈေးနှုန်းအနေဖြင့် ထောပတ် ပဲတစ်တင်းလျှင်ကျပ် ၃၂၅၀၀၊ စားတော်ပဲတစ်တင်းကျပ် ၄၉၀၀၀၊ ပဲပုပ်တစ်တင်းလျှင်ကျပ် ၂၈၀၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၃၃၀၀၀ တို့ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်နေခဲ့တဲ့အတွက် လက်လီပဲများအားလုံးလိုလို ဈေးကောင်းရလျက်ရှိပါတယ်။

စားတော်ပဲသီးနှံဈေးကတော့ လက်လီပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရခဲ့လို့ လက်ကားရောင်းဝယ်မှုများတဲ့ ကုလားပဲသီးနှံထက်ပင်ဈေးပိုနေခဲ့ကာ ပဲမျိုးစုံဈေးကွက်အတွင်း ပဲကြီးသီးနှံပြီးလျှင် ဒုတိယဈေးအမြင့်ဆုံးရတဲ့ သီးနှံဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

### မုံရွာဆီထွက်သီးနှံဈေးကွက်တွင် မြေပဲဆန်ဈေးကျသော်လည်း အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ရဲ့ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။ အဝင်နည်းသွားပေမယ့် အဝယ်ရှိနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်မြေပဲဆန်ဈေးကွက်မှာ မြေပဲလုံးဆန်နီတစ်ပိဿာလျှင်ကျပ် ၂၂၀၀ မှ ကျပ် ၂၂၅၀၊ လုံးဆန်ဖြူ တစ်ပိဿာလျှင်ကျပ် ၂၁၅၀မှ ကျပ်၂၂၅၀ဖြင့် ဒေသတွင်းဆားလှော်သမားများဝယ်ယူမှုရှိလို့ တစ်ရက်လျှင် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မြေပဲဆီဆန်အနေနဲ့တစ်ပိဿာ ၁၈၂၅ကျပ်ဖြင့် ဒေသခံဆီစက်ဝယ်လိုအားရှိခဲ့လို့ တစ်ရက် အိတ် ၄၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက်စာလျှင် ဈေးကျလာတာတွေ့ရပါတယ်။

နှမ်းဈေးကွက်မှာလည်း ဈေးဆက်လက်ငြိမ်လျက်ရှိရာ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၂၀၀၀မှ ကျပ် ၃၅၀၀၀ ဖြင့် လှော်လက်သမားများကအဝယ်ရှိခဲ့လို့ တစ်ရက်လျှင်အိတ် ၃၀၀ မှ ၅၀၀ကြား ၊ နှမ်းညိုတစ်တင်းလျှင် ၂၈၀၀၀ကျပ်ဖြင့် ဆီစက်သမားများဝယ်ယူမှုကြောင့် တစ်ရက်လျှင်အိတ်၂၀၀ခန့်နှင့်နှမ်းနက် တစ်တင်းလျှင် ၃၂၀၀၀-၃၅၀၀၀ကျပ်ဖြင့် တရုတ်ဝယ်လက်အနည်းငယ်ရှိခဲ့လို့ တစ်ရက်လျှင် အိတ်၂၀၀ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**လင်းလင်းသန့်**

### စက်တင်ဘာနောက်ဆုံးပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်)တစ်ပိဿာလျှင်ကျပ် ၁၉၀၀၊ ကျွန်းဆန်တစ်ပိဿာလျှင် ကျပ်၁၉၀၀မှ၂၁၀၀၊ S1(မြေပဲဖြူ လုံးဆန် ကျပ် ၂၀၀၀နှင့်၂၁၀၀ဈေးဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက် မတ်ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျလျက်ရှိပြီး အနိမ့်ဈေးတစ်တင်းလျှင်ကျပ် ၁၈၀၀၀၊ အမြင့်ဈေးတစ်တင်းလျှင်ကျပ် ၁၉၀၀၀၊ စွန်တာပြာတစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ ပဲဇီးကွက်ဈေးနှုန်းမှာလည်း စက်တင်ဘာတတိယပတ်တွင် အနည်းငယ်မြင့်တက်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ ပဲပိစပ်တစ်တင်းလျှင်ကျပ် ၁၄၅၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ်၂၆၀၀၀ နှင့် ကျပ်၂၇၀၀၀ ဈေးဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း တွေ့ရသည်။

ကုလားပဲများဖြစ်သော HLတစ်တင်းလျှင်ကျပ် ၄၃၅၀၀၊ 929 တစ်တင်းလျှင်ကျပ် ၄၄၄၀၀ ဖြင့် တင်း၂၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့်အနိမ့်ဈေးကျပ် ၃၂၀၀၀၊ အမြင့်ဈေးကျပ် ၃၄၀၀၀ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

**လှိုင်ဦမှာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈.၉.၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.SK LINE-1 | P.Oil(In Bulk) ၅၀၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း (၂) | - CAPE FLORES | ကုန်သေတ္တာ ၆၄၆ ကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း (၁) | - WEST SCENT | ကုန်သေတ္တာ ၄၈၂ ကုန်တင်ဆဲ |
| အလုံဆိပ်ကမ်း (၃) | - TRANG AN -05 | ဆန် ၁၀၀၀၀တန်ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - MCC MERGUI | ကုန်သေတ္တာ ၆၃၁ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - PATRIA | ဆန် ၁၅၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - BLUE GATE | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - HAN THAR | Steel Product ၅၀၀၅ တန်ကုန်တင်ရန်ရှိအလုပ်မလုပ် |
| ဗိုလ်တထောင်ဆိပ်ကမ်း(၂) | - IDM DOODLE | Steel၁၀၀၈၂ တန်ကုန်ချဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၃) | - DAWEI | ကုန်သေတ္တာ ၁၇၄ ကုန်ချရန်ရှိအလုပ်မလုပ် |
| သီလဝါဆိပ်ကမ်း (၁) | - KOTA RATNA | ကုန်သေတ္တာ ၈၀ ကုန်တင် ၈၉ ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - KANG YU | Steel Product ၂၈၁၆၂တန်ကုန်တင်ဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HAN ZHANG | Stator Assembly(1)Unit ၅၆ တန်ကုန်ချရန် | CHINA | ၂၈.၉.၂၀၁၇ |
| NEPTUN | 9 Units (MILYTRY TRUCK& TRALLERS) ၁၀၄ ကုန်တင်ရန် | RUSSIA | ၂၉.၉.၂၀၁၇ |
| HANDY STRANGER | Rice ၂၀၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၂၉.၉.၂၀၁၇ |
| LORD VISHNU | Units Vehicle (R0/RO) ၃၁၁ တန်ကုန်ချရန် | JAPAN | ၂၉.၉.၂၀၁၇ |
| HONG KAI | Fertilizer&Steel ၁၇၅၁၈ တန်ကုန်ချရန် | CHINA | ၃၀.၉.၂၀၁၇ |
| PATARA | Units Vehicle (R0/RO) ၆၉၉ တန်ကုန်ချရန် | JAPAN | ၃၀.၉.၂၀၁၇ |
| HOANG PHONE STAR | Ammonium Nitrate ၃၀၈၁ တန်ကုန်ချရန် | VIETNAM | ၃.၁၀.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| EVER ABLE | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂၈.၉.၂၀၁၇ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၉.၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၉.၉.၂၀၁၇ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.၉.၂၀၁၇ |
| HUNSA BHUM | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၉.၂၀၁၇ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁.၁၀.၂၀၁၇ |
| OCEAN ARROW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁.၁၀.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၀.၂၀၁၇ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၀.၂၀၁၇ |
| SHAMIM | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၁၀.၂၀၁၇ |
| MAERSK WARSAW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃.၁၀.၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁၀.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY SEAL | MOGAS 92 RON | - | ၂၈.၉.၂၀၁၇ |
| MT.GREAT DIOMOND | ဒီဇယ်ဆီ | - | ၂၉.၉.၂၀၁၇ |
| MT.SINGA PARAIS | ဒီဇယ်ဆီ | SINGAPORE | ၃၀.၉.၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၃၀.၉.၂၀၁၇ |
| MT.MESON | P'Oil | INDONESIA | ၃၀.၉.၂၀၁၇ |
| MT.GLUHOLMEN | MOGAS 92 RON | SINGAPORE | ၃၀.၉.၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁.၁၀.၂၀၁၇ |

## ပစ္စည်းလက်ကျန်နည်းလာလို့ ပြည်ဘိုကိတ် လက်လီသာအရောင်းအဝယ်ဖြစ်

စက်တင်ဘာနောက်ဆုံးပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ လက်လီရောင်းဝယ်မှုများတဲ့ပဲများအနက် ဘိုကိတ်ပဲသီးနှံဟာ လက်ကျန်ပစ္စည်းနည်းခဲ့ပြီဖြစ် လို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲလက်ကျန်နည်းလို့ ပဲဈေးမှာ လလယ်ကတည်းက ဈေးပိုရလာပြီး ယခုတစ်ပတ်မှာလည်း တက်ဈေးအတိုင်း တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ဈေးငြိမ်အရောင်း အဝယ်ဖြစ်နေခဲ့ပါတယ်။ ယခင်နှစ်က ဘိုကိတ်ပဲသီးနှံရဲ့ စက်တင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးမှာတစ်တင်းကျပ် ၂၄၀၀၀ သာရရှိခဲ့လို့ ဘိုကိတ်ပဲသီးနှံသည်လည်း ဈေးကောင်းရနေခဲ့ကာ ယခင်နှစ်ထက် တစ်တင်း ကျပ်ခြောက်ထောင်ခန့်ပိုရလာခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## စက်တင်ဘာလကုန်ပတ်အတွင်းပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ ဈေးနှုန်းမှာ အနည်းငယ်ကျဆင်းလျက်ရှိပြီး တစ်တင်းလျှင် ကျပ်၁၂၅၀၀ဖြင့် တင်း ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကုလားပဲဈေးကွက်မှာလည်း တရိပ်ရိပ်ကျဆင်းလျက်ရှိပါတယ်။ ကုလားပဲဈေးနှုန်းများမှာကုလားပဲဖြူ V2 တစ်တင်းလျှင်ကျပ်၄၆၀၀၀ရှိပြီး ကုလားပဲဝါ HL၏ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက်အနည်းငယ်ကျပြီး တစ်တင်းလျှင်ကျပ်၄၅၀၀၀ မှ ကျပ် ၄၃၅၀၀ ထိ ကျဆင်းနေကြောင်းသိရှိရသည်။

ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင်ကျပ် ၄၄၀၀၀ ဈေးဖြင့် တင်း၅၀နှင့်၁၀၀ကြားတွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်းဈေးနှုန်းမှာလည်း ယခင်တစ်ပတ်ထက် အနည်းငယ်ဈေးကျလျက်ရှိပြီး တက်ဈေးကိုမျှော်မှန်းသော်လည်း တောင်သူများ မျှော်မှန်းသလို ဖြစ်မလာခဲ့ဘူးလို့ သိရပါတယ်။

တစ်တင်းလျှင်ကျပ်၂၉၅၀၀ဈေးဖြင့် တင်း ၅၀ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက် နှမ်းဈေးနှုန်းများ အနည်းငယ်မြင့်လျက်ရှိပြီး နှမ်းညိုတစ်တင်းလျှင်ကျပ်၂၈၇၀၀၊နှမ်းဝါ(ယော)တစ်တင်းလျှင်ကျပ် ၃၁၈၀၀၊ နှမ်းနက်ဈေးနှုန်းမှာ တစ်တင်းလျှင်ကျပ် ၂၈၅၀၀၊ နှမ်းနက်(စမုံ)မှာ အရည်အသွေးကောင်းခြင်း၊ ဆီထွက်ကောင်းခြင်းတို့ကြောင့် ဈေးကောင်းရလျက်ရှိပြီး ကျပ် ၃၀၀၀၀ မှ၃၆၀၀၀ အထိရရှိနေကြောင်းသိရပါတယ်။

ဒေသထွက်ကုန်ဖြစ်သည့် မြေပဲဆီ(ဆုံဆီ)တစ်ပိဿာ ဈေးနှုန်းမှာ လက်ကားဈေး ကျပ် ၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ကြက်သွန်နီစိုက်တောင်သူများတွင် လက်ကျန်နည်းပြီး အဝင်နည်းလျက်ရှိရာ ကြက်သွန်နီဈေးမှာ အနည်းငယ်မြင့်တက်လျက်ရှိပါတယ်။

လက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင်ထိပ်စ ကျပ် ၂၁၀၀၊ အလတ်စ ကျပ် ၂၀၀၀၊ အနိမ့်စ ကျပ် ၁၉၀၀ ရှိပြီး လက်လီဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် ၂၆၀၀၊ အလတ်စ ကျပ်၂၄၀၀၊ အနိမ့်စကျပ် ၂၂၀၀ ဈေးဖြင့် တစ်နေ့လျှင်ပိဿာချိန် ၅၀၀၀မှ ၃၀၀၀၀ကြား နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မုံရွာကုန်စည်ဒိုင်မှာ စက်တင်ဘာလစတုတ္ထပတ်အတွင်း ဖြစ်ပေါ်ခဲ့သောပဲမျိုးစုံဈေးကွက်နှင့်ဈေးနှုန်း

စက်တင်ဘာလစတုတ္ထပတ်တွင်းဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်ရှိပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ ပဲစင်းငုံ၊ မတ်ပဲသီးနှံပေါက်ဈေးနှုန်းများမှာ ဈေးအတက်အကျများဖြစ်ပေါ်နေကြောင်းသိရပါတယ်။

ယခုတစ်ပတ်ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၁၂၆၀၀နှုန်းနဲ့ အိတ်၅၀၀ခန့်၊ မတ်ပဲသီးနှံ တစ်တင်းလျှင် ကျပ် ၁၉၀၀၀နှုန်းနဲ့ အိတ် ၂၀၀ခန့်၊ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၂၉၀၀၀အထိ မြင့်တက်လာပြီး အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရကြောင်းသိရပါတယ်။ ကုလားပဲဈေးကွက်မှာ ပြည်တွင်းမှ ဝယ်ယူမှုများနေပြီး မျိုးပဲအဝယ်သမားများနှင့် ကြာဆန်စက်၊ ပဲခွဲစက်တွေကလည်း ပုံမှန်ဝယ်ယူနေတဲ့အတွက် အတက်ဈေးနဲ့အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။

ယခုတစ်ပတ်ကုလားပဲဖြူလုံးကြီး တစ်တင်းပေါက်ဈေးနှုန်းမှာကျပ် ၄၆၀၀၀၊ ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၄၃၅၀၀၊ ၉၂၉ တစ်တင်းလျှင် ကျပ် ၄၄၅၀၀၊ V7 တစ်တင်းလျှင် ကျပ် ၅၀၀၀၀နှုန်းနဲ့ အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပဲဈေးကွက်အတွင်းပဲကြီး သီးနှံနှင့် ကုလားပဲသီးနှံပေါက်ဈေးနှုန်းမှာ အမြင့်ဆုံးရှိနေကြောင်းတွေ့ရပါတယ်။

ယခုတစ်ပတ် ပဲကြီး တစ်တင်းပေါက်ဈေးနှုန်းမှာကျပ် ၆၂၀၀၀မှ ၆၆၀၀၀ နှုန်းပေါက်လျက်ရှိပြီး စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ CPပြောင်း စသည့်သီးနှံများလည်း ဈေးနှုန်း အတက်အကျ အနည်းငယ်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်စွန်တာနီပဲ တစ်တင်းကျပ်၃၂၅၀၀၊ ပဲနီလုံးကြားတစ်တင်း ကျပ် ၄၀၀၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၃၀၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ် ၃၉၀၀၀၊ ဂျုံတစ်တင်း ကျပ် ၂၀၀၀၀၊ CP ပြောင်းတစ်တင်း ကျပ် ၇၇၀၀နှုန်းနဲ့ အသီးသီးပေါက်လျက်ရှိကြောင်းမုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရောဆန်ကြမ်းပါ ဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရောဆန်ကြမ်းပါ ဈေးတက်ကြောင်းသိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းထိပ်စတစ်အိတ်ကျပ် ၃၅၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ်၃၇၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၃၄၅၀၀၊ နယ်စုံကျိုက်လတ် ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၄၀၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၃၃၀၀၀ရှိပြီး ဆန်အဝင်နည်းတဲ့အတွက် တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ်၂၀၀၀ အထိ ဈေးတက်ကြောင်း သိရပါတယ်။

ရွှေဘိုပေါ်ဆန်းဆန်ကတော့ တစ်အိတ်ကို ကျပ်၄၈၀၀၀မှ ကျပ် ၄၉၀၀၀ဈေးရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ယခုတစ်ပတ်မှာ ဆန်ကြမ်းတစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ်၁၃၀၀အထိ ဈေးတက်ကြောင်းသိရပါတယ်။ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ်၂၃၃၀၀နဲ့လတ်စတစ်အိတ်ကျပ်၂၂၀၀၀၊ရွှေသီးထပ်ရှယ် တစ်အိတ်ကျပ် ၂၃၅၀၀ မှ ကျပ် ၂၃၇၀၀၊ ရွှေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၃၅၀၀မှ ကျပ် ၂၄၂၀၀၊ ဧည့်မထ၂၅ မှတ်တစ်အိတ်ကျပ်၂၁၀၀၀မှ ကျပ်၂၁၅၀၀ဖြစ်ပါတယ်။ ပစ္စည်းအဝင်နည်းပြီး အရောင်းအဝယ်ဖြစ်တာကြောင့် ဈေးတက်တာဖြစ်တယ်လို့ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာလည်း အရောင်းအဝယ်ကောင်းတာကြောင့် တစ်အိတ်ကို တစ်ယွမ်မှနှစ်ယွမ်အထိ ဈေးတက်ကြောင်းသိရပါတယ်။ ဧည့်မထ ၅မှတ်မော်ဘီတစ်အိတ် ၁၃၉ ယွမ်မှ ၁၄၂ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ် ၁၃၆ယွမ်မှယွမ်၁၄၀၊ ဧည့်မထ၁၀မှတ် မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ်၁၃၁ ယွမ်မှ၁၃၂ယွမ်၊ မနောသုခ ၁၅ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၅ ယွမ်၊ မနောသုခ ၂၅ မှတ်တစ်အိတ် ၁၁၈ယွမ်မှယွမ် ၁၂၀၊ဧစိန်၅မှတ်တစ်အိတ် ၁၂၇ယွမ်မှ ယွမ်၁၃၀၊ ဧစိန်၁၅မှတ်တစ်အိတ် ၁၂၂ ယွမ်မှ၁၂၅ယွမ်၊ဧစိန်၂၅မှတ် တစ်အိတ် ၁၁၈ယွမ်မှ ၁၂၁ယွမ်ဖြစ်ပါတယ်။ မြို့တွင်းနယ်စုံမှမူဆယ်သို့ဆန်အဝင်မှာ စက်တင်ဘာ၂၀ရက်မှ ၂၆ရက်အထိ ၁၇၆၆၁ တန်ရှိပြီး စက်တင်ဘာ ၂၈ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၄ကျပ်ဈေးပေါက်ကြောင်းသိရပါတယ်။ **ယဉ်ယဉ်အေး**

## ကြက်သွန်

### ပြည်ကြက်သွန်နီဈေးနှုန်းများ ပိုမိုမြင့်တက်လျက်ရှိ

ပြည်ကြက်သွန်နီဈေးကွက်အတွင်း ယခုစက်တင်ဘာလကုန်ပတ်တွင် ကြက်သွန်နီဈေးနှုန်းများ ယခင်တစ်ပတ်ထက် တစ်ပိဿာကို ပျမ်းမျှ လက်ကား ကျပ် ၂၀၀ နှင့် လက်လီ ကျပ် ၃၀၀ မှ ၄၀၀ အထိ အသီးသီးဈေးနှုန်းများ ပိုမိုမြင့်တက်လျက်ရှိနေတာ တွေ့ရပါတယ်။ ဈေးနှုန်းများ မြင့်တက်ခြင်းကြောင့် သီတင်းကျွတ်အခါကာလနှင့် ကထိန်ရာသီအခါကာလနီးနေပေမယ့် ဝယ်လိုအားမသွက်ဘဲ ပုံမှန်ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်သို့ နယ်ကျော်ရောင်းဝယ်မှုအပါအဝင် အိတ် ၂၀၀ မှ ၂၂၀ ထိ အရောင်းအဝယ်ဖြစ်သော်လည်း အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ကျောက်ပန်းတောင်း၊ ဆိပ်ဖြူ တောင်တွင်းစသည့် မြို့များမှ တစ်နေ့လျှင် ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့် အဝင်ရှိပြီး ပုံမှန်အောက် အဝင်နည်းနေကြောင်းသိရှိရပါတယ်။ အဝင်လည်းနည်း ပစ္စည်းလက်ကျန်လည်း နည်းနေသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်လည်း အေးနေကြောင်း ပွဲရုံလုပ်ငန်းရှင်များထံမှ သိရပါတယ်။

ဈေးနှုန်းမှာ ယခုတစ်ပတ်ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် (ကြီး) ကျပ် ၂၄၀၀၊ (လတ်) ကျပ် ၂၃၀၀၊ (သေး)ကျပ် ၂၀၀၀ မှ ၂၂၀၀ ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၂၇၀၀ မှ ၂၈၀၀၊ (လတ်) ကျပ် ၂၅၀၀၊ (သေး)ကျပ် ၂၃၀၀ မှ ၂၄၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားဈေးတစ်ပိဿာ (ကြီး) ကျပ် ၂၂၀၀၊ (လတ်) ကျပ် ၂၀၀၀ မှ ၂၁၀၀၊ (သေး) ကျပ် ၁၇၀၀ မှ ၁၉၀၀ နှုန်းရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် ပိုမိုမြင့်တက်နေတာတွေ့ရပြီး ယခင်နှစ်ကာလတူ ပေါက်ဈေး (အလတ်စ)ဈေးနှုန်းလက်လီ၊ လက်ကား တစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၇၀၀ ရှိတဲ့အတွက် ယခင်နှစ်ထက် ကျပ် ၁၇၀၀ ခန့် ဈေးပိုမို မြင့်တက်လျက်ရှိနေတာ တွေ့ရပါတယ်။ ပြည်ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများ ယခုတစ်ပတ်တွင် ဝင်ရောက်မှုနည်းသွားသဖြင့် ဒေသကြက်သွန်နီဈေးမှာ ပိုမို၍ ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်များ၏ သုံးသပ်ပြောကြားချက်များအရ သိရှိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

### ကြျူကုတ်စဈေးတက်လို့ ရှမ်းကြက်သွန်ဖြူအဝယ်လိုက်လာ

ရှမ်းကြက်သွန်ဖြူကတော့ တောင်သူတွေလက်ထဲမှာ အနည်းငယ်သာ ကျန်ရှိပြီး လှောင်လက်တွေမှာသာ လက်ကျန်များနေတယ်လို့ သိရပါတယ်။ ဒေသတွင်း စားသုံးမှုရယ် ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ ဝယ်လက်တွေရယ်ကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ အပေါ်စလို့ခေါ်တဲ့ (ထူး-၃)၊ (ထူး-၄)တွေကိုတော့ ဝယ်လက်တွေက စားသုံးရန်ဝယ်ယူပြီး (မျိုးခြား)၊ (ထူး-၁)၊ (ထူး-၂) တွေကိုတော့ အကြော်ပြုလုပ်ဖို့အတွက် ဝယ်ယူကြတယ်လို့ ဆိုပါတယ်။ ကြျူကုတ်ကြက်သွန်တွေဈေးတက်လာတာကြောင့် ရှမ်းကြက်သွန်တွေလည်း အဝယ်လိုက်လာတယ်လို့ သိရပါတယ်။

ဒီနှစ်က မိုးများနေတာကြောင့် ကြက်သွန်ဖြူကို ပြန်စိုက်ဖို့အတွက် မျိုးကိုနေပူမလှန်းနိုင်သေးလို့ အစိုက်လည်းနောက်ကျလောက်တယ်လို့ ဒေသခံတွေထံမှ သိရှိရပါတယ်။ ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေး (ပွဲရုံဈေး)က (မျိုးခြား) ကျပ် ၁၅၅၀၊ (ထူး-၁) ကျပ် ၁၆၅၀၊ (ထူး-၂) ကျပ် ၁၉၀၀၊ (ထူး-၃) ကျပ် ၂၃၀၀၊ (ထူး-၄) ကျပ် ၂၇၀၀ ဈေးရှိပါတယ်။ လက်လီဈေးမှာတော့ (ထူး-၄) ကတစ်ပိဿာကို ကျပ် ၅၅၀၀ မှ ကျပ် ၆၀၀၀ ဈေးပေါက်နေပါတယ်။ လဲချားကြက်သွန်ဖြူက တစ်ပိဿာကို ကျပ် ၄၀၀၀ မှ ကျပ် ၅၀၀၀ ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### သီတင်းကျွတ်ကာလနီးလာ၍ ပြည်ကြက်သွန်ဖြူဈေးကျလာ

ပြည်ပွဲရုံများသို့ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်လျက်ရှိနေပါတယ်။ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူတွေက တဖြည်းဖြည်းဈေးကျလျက်ရှိနေတာ တွေ့ရပါတယ်။ သီတင်းကျွတ်ပွဲတော်ရက်အတွင်းအလှူအတန်းပြုလုပ်သူများရဲ့ အဝယ်များတာကြောင့် အရောင်းအဝယ်သွက်နေသော်လည်း ဈေးကျလာကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ (ပွဲရုံဈေး)တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၃၀၀၀ နှင့် (ကြျူကုတ်စ) ကျပ် ၁၈၀၀ ဈေးတို့ဖြစ်ပြီး လက်လီဒေသတွင်း ဈေးများမှာတော့ (ရှမ်းစ) ကျပ် ၃၄၀၀ နှင့် (ကြျူကုတ်စ) ကျပ် ၂၄၀၀ တို့ဖြင့်ရောင်းဝယ်လျက်ရှိနေပါတယ်။ ပြည်အနီးတစ်ဝိုက်ရှိ မြို့နယ်များ၏အိတ်ဆွဲရောင်းဝယ်မှုကြောင့် ပွဲရုံတွင်း အိတ် ၃၅၀ နီးပါး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**နီနီဝင်း**

## ချင်း

### မူဆယ်မှ ချင်းခြောက်လျော့နည်းတင်ပို့

စက်တင်ဘာ ၁၆ ရက်မှ ၂၂ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၀၅၄၂ တန်ဖိုးရှိ ချင်းခြောက် ၁၆ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၁ တန်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၄ တန်ခွဲလျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ကျပ် ၁၆၈၅၇၃၀ ရှိပြီး ယမန်နှစ်ကာလတူကကျပ် ၁၃၆၄၂၅၀ ဝန်းကျင်ခန့်ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### အောင်ပန်းဈေးကွက်တွင် ချင်းဈေးပြန်လည်မြင့်တက်လာ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာတော့ ချင်းဈေးအနည်းငယ်ပြန်တက်လာပါတယ်။ ဈေးကွက်မှာတော့ ချင်း(စို) အဝင်နည်းလာပါတယ်။ ပုံမှန်ဆိုရင် သီတင်းကျွတ်မတိုင်မီ အလှူအတန်းပြုလုပ်ဖို့အတွက် ထုတ်ရောင်းကြပေမယ့် ဒီနှစ်ကတော့ ဈေးမကောင်းတာကြောင့် များများစားစားဝင်လာတာမရှိဘူးလို့ ဈေးကွက်မှ သိရပါတယ်။ ဈေးကွက်ရဲ့ သဘာဝအရ အဝင်နည်းလာလို့ ဝယ်လက်တွေက ဝယ်လာတာကြောင့် ဈေးအနည်းငယ်ပြန်တက်လာပါတယ်။

ချင်းခြောက်ကိုလည်း ပြည်တွင်းပရဆေးဖော်တဲ့ လုပ်ငန်းရှင်တွေက အနည်းငယ်အဝယ်ရှိလာလို့ ဈေးပြန်တက်လာတယ်လို့လည်း သိရပါတယ်။ ချင်း(စို)ကိုတော့ ဝယ်ယူနေကျ ဝယ်လက်တွေဖြစ်တဲ့ တပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာမှ ဝယ်လက်တွေက အများဆုံးဝယ်ယူတာကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း ရှစ်သောင်းငါးထောင်ခန့်နဲ့ ချင်းခြောက်ကတော့ ပိဿာချိန် နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် ချင်းတစ်ပိဿာပေါက်ဈေးကတော့ ချင်း(စို)က အနိမ့်ဆုံး ကျပ် ၂၀၀ မှ အမြင့်ဆုံး ကျပ် ၃၅၀၊ ချင်းခြောက်က ကျပ် ၁၀၀၀ မှ ကျပ် ၁၃၀၀ ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**



### စက်တင်ဘာလ စတုတ္ထပတ်အတွင်း မုံရွာကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်မုံရွာ (ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ကြက်သွန်နီဈေးကွက်မှာ ယခင်တစ်ပတ်ဈေးနှုန်းထက် ပြန်လည်မြင့်တက်လာပြီး အရောင်းအဝယ်လည်း သွက်လာကြောင်း သိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်နီ ပိဿာ ၁၀၀၀၀ ကျော်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ သီတင်းကျွတ်ပွဲတော်များကြောင့် ယခုတစ်ပတ်မှာ အရောင်းအဝယ်သွက်ကာ ဈေးမြင့်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၁၅၀၊ (လတ်) ကျပ် ၂၀၀၀၊ (သေး) ကျပ် ၁၈၅၀ နှုန်းပေါက်ပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၃၀၀၊ (လတ်) ကျပ် ၂၂၀၀၊ (သေး) ကျပ် ၁၉၀၀ နှုန်းနဲ့ ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်က လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၀၀၀၊ (လတ်) ကျပ် ၁၉၀၀၊ (သေး) ကျပ် ၁၈၀၀ နှုန်း ပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ် ၂၂၀၀၊ (လတ်) ကျပ် ၂၀၀၀၊ (သေး) ကျပ်၁၉၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက်ပို၍ ဈေးမြင့်တက်လာကြောင်း တွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ ဈေးအတက်အကျ သိပ်မရှိဘဲ ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူပိဿာ ၁၀၀၀ ခန့်အဝင်ရှိကာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ(ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြျူကုတ်)ကျပ် ၂၀၀၀ နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြျူကုတ်) ကျပ် ၂၅၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## နနွင်း



### ပင်လယ်ရေကြောင်းလမ်းမှ နနွင်းပြန်လည်တင်ပို့

စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၉၄ ဒသမ ၇၂၅ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံသို့ ၁၅ ဒသမ ၇၂၅ တန်၊ စင်ကာပူနိုင်ငံသို့ ၂၉ တန်နဲ့ အိန္ဒိယနိုင်ငံသို့ တန် ၅၀ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းနှစ်ပတ်က အပို့ပျောက်ခဲ့တဲ့ နနွင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၃၀၀-၁၃၅၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၇၇၉၄ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### မူဆယ်မှ တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

စက်တင်ဘာ ၁၆ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၈ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ်ကိုးမျိုး၊ တန်ချိန်အားဖြင့် ၂၂၇တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၁၈တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၉၁ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ နနွင်းတက်၊ တောချင်း၊ ချင်းခြောက်၊ ဆီးဆန်၊ မာလာဥနဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၈၂၇၈တန်ဖိုးရှိနွယ်ချို ၉ တန်ကျော်နဲ့ မိကျောင်းကွမ်းဖတ်စေ့ တန်ဝက်နီးပါးကို တင်ပို့ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၀၆ သန်းတန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်နီးပါးကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ထိုင်းနိုင်ငံတွင် အနိမ့်ဆုံးလုပ်ခ တိုးမြှင့်မှုကြောင့် မမျှော်လင့်သောရလဒ် ဖြစ်ပေါ်နိုင်

ထိုင်းနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့်ကာလ အတွက် ယခုမူဝါဒမှာ ကောင်းမွန်သည်ဟု ထင်မြင်နိုင်ကြောင်း၊ အနိမ့်ဆုံးလုပ်ခတိုးမြှင့်ခြင်းသည် လူနေမှုဘဝအဆင့်မြှင့်ရန် အထောက်အကူ ပြုနိုင်ကြောင်း၊ မမျှော်လင့်နိုင်သော အကျိုးဆက် များ ဖြစ်ပွားခဲ့သည်ကိုလည်း သတိပြုရန် လိုအပ်ကြောင်း၊ ယခု လက်ရှိစီးပွားရေးအပေါ် Grace Lordan နှင့် David Neumark တို့ နှစ်ဦး၏ သုတေသနပြုချက်အရ အနိမ့်ဆုံးလုပ်ခတိုးမြှင့်ခြင်းသည် ကျွမ်းကျင်မှုနိမ့်ပါးသောလုပ်သားများအား လုပ်ငန်းခွင်မှ လျင်မြန် စွာဖယ်ရှားစေနိုင်ကြောင်း၊ လုပ်သားအစား စက်ပစ္စည်းများဖြင့် အစားထိုးမှုဖြစ်ပေါ်စေနိုင်ကြောင်း၊ အထူးသဖြင့် အားနည်းချက် ရှိသူများအပေါ် ထိခိုက်မှု ပိုမိုများပြားစေနိုင်ကြောင်း၊ သက်ကြီး ရွယ်အိုများနှင့် လူနည်းစုများအတွက် ထိခိုက်စေခဲ့သည့် အမေ ရိကန်ဖြစ်စဉ်ကို နမူနာယူကြရမည်ဖြစ်ကြောင်း၊ အချို့ပြည်သူ့ရေး ရာမူဝါဒများသည် မမျှော်မှန်းထားသည့်ဘက်သို့ တိမ်းစောင်းသွား ပြီး စက်ကိရိယာသုံးစွဲမှုအပေါ် အားပေး၍ လူသားများအပေါ် အားထားမှု လျော့ကျစေနိုင်ကြောင်း ဖော်ပြထားပါသည်။

လူတို့ဉာဏ်ရည်ကို ကွန်ပျူတာဖြင့် စီစဉ်တုပတီထွင်မှု (Artificial Intelligence-AI) နည်းပညာသုံးစက်ကိရိယာများသည် အလုပ်ပြီးမြောက်ရန်အတွက် လိုအပ်သော အချက်အလက်များ အား အလိုအလျောက် ရယူသုံးစွဲနိုင်နေပြီဖြစ်ကြောင်း၊ လူတို့အချိန် ယူပြီး စွမ်းအားသုံးစွဲရမည့်လုပ်ငန်းများတွင် စက်ကိရိယာများအနေ ဖြင့် အလိုအလျောက် ဆောင်ရွက်နိုင်ကြောင်း၊ စက်မှုတော်လှန် ရေးကာလတွင် AI ဖွံ့ဖြိုးလာခြင်းအပေါ် လူတို့စိုးရိမ်မှုရှိခဲ့ကြ ကြောင်း ဖော်ပြထားပါသည်။

ယခု မူဝါဒ၏တွန်းအား မပါဝင်သည့်တိုင် အောက်စဖို့ဒ် တက္ကသိုလ်သုတေသနများ၏ ခန့်မှန်းထားချက်အရ အမေရိကန် နိုင်ငံ၏ လုပ်ငန်းထက်ဝက်ခန့်မှာ လာမည့် နှစ် ၂၀ အတွင်း အလို အလျောက် စနစ်ထွန်းကားလာမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ကမ္ဘာ့ စီးပွားရေး ဖိုရမ်၌ အနာဂတ်ကာလ အလုပ်အကိုင် ခေါင်းစဉ်ပါ အစီရင်ခံစာတွင်လည်း AI လုပ်ငန်းများသည် စတုတ္ထစက်မှုတော် လှန်ရေးကို ကမ္ဘာတစ်ဝန်း လွှမ်းခြုံဆောင်ရွက်သွားနိုင်ကြောင်း ခန့်မှန်းထားပြီး ကမ္ဘာတစ်ဝန်းရှိ လုပ်သားဈေးကွက် ပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ လုပ်ငန်းတူတစ်ခုအပေါ် စက်ကိရိယာ သုံးစွဲခြင်းနှင့် လုပ်သားသုံးစွဲရခြင်းစရိတ်တို့ကို ချင့်ချိန်ဆောင်ရွက် လာကြပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။

လက်တွေ့တွင် အမေရိကန်နိုင်ငံ၌ စက်ကိရိယာဈေးနှုန်း များ ကျဆင်းနေပြီး လုပ်သား ငှားရမ်းခစရိတ်များမှာ မြင့်တက် နေသည်ကို တွေ့ရှိရကြောင်း၊မာရီလင်း-အမေရိကန်ဘဏ် အစီရင် ခံစာအရ ဂဟေဆော်လုပ်ငန်းတွင် စက်ရုပ်အသုံးပြုသည့် စရိတ် သည် လုပ်သားအသုံးပြုစရိတ်အောက် သုံးဆခန့်သက်သာကြောင်း၊ သို့ဖြစ်၍ လွန်ခဲ့သည့် ၁၀ နှစ်မှစပြီး အဆောက်အဦ ဆောက်လုပ်မှု စရိတ်များမှာ ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းသက်သာသွားကြောင်း၊ စက်ပစ္စည်းကိရိယာများ ပိုမိုစွမ်းရည်ပြည့်ဝလာသည်နှင့်အမျှ စရိတ် ဆက်လက် ကျဆင်းနေဦးမည်ဖြစ်ကြောင်း၊ စက်ကိရိယာများ ဈေးပေါစွာရရှိမှုကြောင့် လုပ်ငန်းများစွာတွင် စက်ရုပ်များကို သုံးစွဲ လာကြကြောင်း၊ လုပ်ငန်းများတွင် စက်ရုပ်သုံးစွဲသည့် အလို အလျောက် ထုတ်လုပ်မှုစနစ်လျင်မြန်စွာတိုးမြှင့်လာကြောင်း၊အတိတ် ကာလက အလိုအလျောက် စနစ်သုံးစွဲသည့်လုပ်ငန်းများမှာ ပုံမှန် လူတို့ကာယလုပ်အားဖြင့် လုပ်ကိုင်ခဲ့ရသည့် အလုပ်များတွင်အစား ထိုး ဝင်ရောက်လာကြောင်း၊ ဥပမာအားဖြင့် မော်တော်ကား တပ် ဆင် ထုတ်လုပ်ရေးလုပ်ငန်းများတွင် အလိုအလျောက်စနစ် သုံးစွဲ လာကြကြောင်း၊ ယခုအခါ AI စနစ် ဖွံ့ဖြိုးပြီး ကာယသုံးလုပ်ငန်း များသာမက ဉာဏသုံးလုပ်ငန်းများကိုပါ အလိုအလျောက်စနစ် သုံးစွဲလာနိုင်ပြီဖြစ်ကြောင်း၊ ဘဏ္ဍာရေးစာရင်းဇယားစိစစ်မှု၊ အာမခံတွက်ချက်မှုနှင့်အရောင်းလုပ်ငန်းများတွင် အလိုအလျောက် စနစ်သုံးစွဲလာပြီဖြစ်ကြောင်း၊ အနာဂတ်တွင် ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များကိုပါ မောင်းသူမဲ့ အလိုအလျောက်စနစ် သုံးစွဲလာနိုင်မည်သာမက ဆေးကုသမှုလုပ်ငန်း၊ တီထွင်မှုလုပ်ငန်း တို့တွင်ပါ တိုးချဲ့သုံးစွဲလာနိုင်ကြောင်း၊ ယခုအခါ Amazon သည် ဖက်ရှင်ဒီဇိုင်းများအား လူမှုကွန်ရက်တွင် အသုံးပြုနေသည့်ဓာတ်ပုံ များ ဖြန့်ဝေခြင်းနှင့်သေးငယ်သော ပုံရိပ်များအား ဖြန့်ဖြူးခြင်းများ ကို AI စနစ်သုံး စက်ကိရိယာများဖြင့် အလိုအလျောက် ဒီဇိုင်းထုတ် လုပ်ငန်းတစ်ခုဖြစ်နေပြီဖြစ်ကြောင်း ဥပမာပေးဖော်ပြထားပါသည်။

အချို့စက်ကိရိယာများနှင့် ပြိုင်ဆိုင်လုပ်ကိုင်ရမည့် လုပ်ငန်း များသည် ထိုင်းနိုင်ငံအတွက် ဝေးလံနေဦးမည်ဟု ထင်မြင်ခဲ့သော် လည်း မကြာမီတွင် အလိုအလျောက်စနစ် ဖြစ်ပေါ်လာတော့မည်ဟု မျှော်လင့်နေရကြောင်း၊ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ စာရင်းဇယားများအရ အလိုအလျောက်စနစ်သုံး စက်ကိရိယာများ တင်သွင်းမှုတန်ဖိုးမှာ ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်စဉ် ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ လက်ရှိတွင်လည်း မော်တော်ယာဉ်ထုတ်လုပ်မှု၊ လျှပ်စစ်ကိရိယာထုတ်လုပ်မှု၊ အစား အသောက်ထုတ်လုပ်သည့်စက်ရုံများတွင် ကာယသုံးလုပ်ငန်းများ နေရာ၌ စက်ကိရိယာများ အစားထိုးဝင်ရောက်နေကြောင်း၊ လုပ် သားငှားရမ်းခစရိတ်များ မြင့်မားလာမှုကြောင့် စက်အသုံးပြုမှု ပိုမို များပြားလာကြောင်း၊ ၂၀၁၃ခုနှစ်က အနိမ့်ဆုံး လုပ်ခသတ်မှတ်ချက် အား တစ်ရက် ဘတ် ၃၀၀ သို့စတင် တိုးမြှင့်ခဲ့စဉ်က လုပ်သားစရိတ် ၆၀ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲခဲ့ရသည်ကို တွေ့ကြုံခဲ့ရကြောင်း၊ ၎င်း အပြင် ထိုင်းနိုင်ငံ လူဦးရေမှာ သက်ကြီးပိုင်းအုပ်စုသို့ လျင်မြန်စွာ ပြောင်းရွှေ့နေပြီဖြစ်၍ လုပ်သားအင်အားကျုံ့သွားကြောင်း၊ ရွှေ့ ပြောင်းလုပ်သားများကို အဓိကအားထားနေရကြောင်း၊ ယခုရွှေ့ ပြောင်းလုပ်သားငှားရမ်းခွင့်တွင်လည်း မှတ်ပုံတင်စနစ်ဖြင့် ထိန်း ချုပ်ထားမှုကြောင့် အခက်အခဲများ တွေ့ကြုံလာရကြောင်း၊ သို့ဖြစ် ၍လုပ်သားစရိတ်များ တိုးတက်လာပြီး အလိုအလျောက်စနစ် သုံး စွဲရန် ရွေးချယ်မှု ပိုမိုလာစေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၁၃ ခုနှစ်တွင် အနိမ့်ဆုံးလုပ်ခ တိုးမြှင့်ခဲ့စဉ်က အပြည်ပြည် ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) မှ ထိုင်းနိုင်ငံ မော်တော်ကား ထုတ်လုပ်သူများနှင့် အင်တာဗျူးစဉ် “အလိုအလျောက်စနစ်ကို သုံးစွဲရန် အသိအား နိုးထစေခဲ့သည်”ဟု ဖြေကြားမှုရှိခဲ့ကြောင်း၊ မလေးရှားနိုင်ငံ လျှပ်စစ်ပစ္စည်းထုတ်လုပ်သူများအနေဖြင့်လည်း ၎င်းနှစ်၌ပင် အနိမ့်ဆုံးလုပ်ခ တိုးမြှင့်မှုကြောင့် အလားတူတွေ့ကြုံ ခဲ့ရကြောင်း ဖော်ပြထားပါသည်။

အနိမ့်ဆုံးလုပ်ခတိုးမြှင့်ခြင်းသည် စီးပွားရေးကွာဟမှု ပြဿနာအား ဖြေရှင်းရန် မှန်ကန်သည့်နည်းလမ်းဟု မထင်ကြောင်း၊ အခြားတစ်ဖက်တွင် လုပ်သားများအား အလုပ်လက်မဲ့ဖြစ်စေနိုင် ကြောင်း၊ ထုတ်လုပ်မှု စွမ်းရည် မြင့်တက်ခြင်း မရှိဘဲ အနိမ့်ဆုံးလုပ်ခ တိုးမြှင့်ခြင်းသည် ပြည်သူများအား ကူညီရာမရောက်ဘဲ ဒုက္ခတွေ့ကြုံ စေနိုင်မည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်တိုးတက်မှုအတွက် ကုစား ရန် နည်းလမ်းမှာ သင်တန်းပေးခြင်းဖြစ်ကြောင်း၊ လုပ်သားများအား စက်ကိရိယာများ ကိုင်တွယ်သုံးစွဲနိုင်သည့်နည်းပညာများကို သင် တန်းပေးရန် လိုအပ်ကြောင်း၊ ယနေ့အခါတွင် အခမဲ့ လေ့ကျင့်မှု သင်ခန်းစာများအား အွန်လိုင်းမှရယူနိုင်နေပြီဖြစ်ကြောင်း၊အရောင်း ဈေးသည်အနေဖြင့်လည်း အွန်လိုင်းဈေးကွက်ကို လေ့လာနိုင် သည့်နည်းတူ စက်ရုံလုပ်သားအနေဖြင့်လည်း စက်ရုံသုံး ကွန်ပျူ တာပရိုဂရမ်များကိုရေးသားနိုင်ရန် လေ့လာနိုင်ကြောင်း၊ ၎င်းနည်း ပညာများကို ထိုင်းဘာသာဖြင့် လေ့လာနိုင်ပြီဖြစ်၍ လုပ်ငန်းရှင် များအတွက်သာမက အစိုးရအတွက်ပါ နည်းပညာသုံးစနစ်သို့ လွယ်ကူစွာ ကူးပြောင်းစေနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုး တိုးတက်လာမှုကြောင့် သုတေသနသမားများနှင့် တီထွင်သော လုပ်ငန်းရှင်များအတွက် AI နည်းပညာသုံးစွဲမှုသည် လုပ်သားသုံးစွဲ မှုတွင် ပိုမိုအစားထိုးဝင်ရောက်လာကြောင်း၊ ဟားဗက်တက္ကသိုလ် ကွန်ပျူတာသိပ္ပံဌာနမှ ပါမောက္ခ မစ္စတာ ဘာဘရာက လုပ်သားစွမ်း ရည်နှင့်စက်စွမ်းရည်တို့ပေါင်းစပ်ပြီး တစ်ခုချင်း စွမ်းရည်ထက် ပိုမို ဆောင်ရွက်နိုင်ရန် တိုက်တွန်းခဲ့ကြောင်း၊ မိုက်ခရိုဆော့ဖ်အမှုဆောင် အရာရှိချုပ် Satya ကလည်း AI နည်းပညာကို လူသားလုပ်အား အတွက် အထောက်အကူပြုရန် သုံးစွဲသင့်သည်ဟု ပြောကြားခဲ့ ကြောင်း၊ Google သုတေသနအဖွဲ့မှ “People + AI Research (PAIR)” အား နည်းပညာထင်သာမြင်သာရှိရေးနှင့် AI စနစ်ပုံစံ အား လုပ်သားအင်အားနှင့် ပေါင်းစပ်ဆောင်ရွက်ရန်အတွက် မြှုပ်နှံ ဆောင်ရွက်ထားကြောင်း ဖော်ပြထားပါသည်။

**သတင်းရင်းမြစ် -ဗန်ကောက်ပို့စ်၊ သောင်းနိုင်**

# မူဝါဒများ အံဝင်ခွင်ကျရှိရေး ထိုင်းနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဆွန်ချိုင်း အကြံပြု

ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် မစ္စတာဆွန်ချိုင်းက နိုင်ငံတော်စီးပွားရေးမူဝါဒ များအပေါ် ပြည်နယ်အလိုက်နှင့် လုပ်ငန်းအလိုက် မူဝါဒချမှတ်သူများအား အံဝင်ခွင်ကျရှိစွာပြဿနာ ဖြေရှင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြား ခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် လျင်မြန်လျက်ရှိပြီး ဒုတိယသုံးလပတ်ကာလ အတွင်း ၃ ဒသမ ၇ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့၍ လေးနှစ်အတွင်း အမြင့်မားဆုံးဖြစ်ခဲ့ကြောင်း၊ ပထမသုံးလပတ်ကာလတွင် ၃ ဒသမ ၃ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ပို့ကုန်အားကောင်းလာမှု၊ ခရီးသွား လုပ်ငန်းတိုးတက်လာမှုနှင့်အစိုးရမှ ရင်းနှီးမြှုပ်နှံမှု များစွာ ဆောင်ရွက်လာခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ သို့သော်လည်း ပုဂ္ဂလိကကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု နှင့် စားသုံးမှု ကျယ်ပြန့်လာမှုမရှိခြင်းအပေါ် စဉ်းစား ထားခြင်းမရှိသေးကြောင်း၊ ပထမနှစ်ဝက် စီးပွား ရေးတိုးတက်မှုမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့၍ အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးဘုတ်အဖွဲ့မှ ဩဂုတ်လတွင် ၂၀၁၇ ခုနှစ်အတွက် စီးပွားရေး တိုးတက်မှုနှုန်းအား ၃ ဒသမ၅ရာခိုင်နှုန်း မှ၄ရာခိုင် နှုန်း ပြင်ဆင်လျာထားခဲ့ကြောင်း၊ မေလတွင် ၃ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၈ ရာခိုင်နှုန်းခန့်မှန်း လျာထားခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

ပို့ကုန်တိုးတက်မှုကြောင့် ထိုင်းနိုင်ငံဗဟို ဘဏ်အနေဖြင့် နိုင်ငံ၏စီးပွားရေး တိုးတက်မှုနှုန်း ကို မူလ ၃ ဒသမ ၄ရာခိုင်နှုန်း ခန့်မှန်းထားခြင်း အစား ဇူလိုင်လတွင် ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ အနည်းငယ် တိုးမြှင့်ခန့်မှန်းခဲ့ကြောင်း၊ ဘဏ္ဍာရေး မူဝါဒရုံးအနေဖြင့် GDP တိုးတက်မှုကို ၃ ဒသမ ၆ ရာခိုင်နှုန်း လျာထားခဲ့ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီး ဌာနမှ ပထမ ၆ လ စီးပွားရေးဆောင်ရွက်မှုအမြင် များကို အခြေပြုပြီး အညွှန်းကိန်းများ ထုတ်ပြန် သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်ဒေသတစ်ခုချင်း အလိုက် သတင်းအချက်အလက်များနှင့်စီးပွားရေး ဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သက်၍ သတင်း အချက်အလက်များ ထောက်ပံ့ပေးသွားမည်ဖြစ် ကြောင်း၊ သို့မှသာ ပြဿနာရပ်များ တွေ့ကြုံလာပါ က တာဝန်ရှိသူများအနေဖြင့် သင့်လျော်သည့် မူဝါဒများ ချမှတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဥပမာ အားဖြင့် လက်ကားရောင်းဈေးကွက်ကို ကြည့်ပါ က အညွှန်းကိန်းအသစ်သည် မည်သည့်ပြည်နယ် တွင် အဓိကတိုးတက်နေသည်ကို ဖော်ပြပေးထား ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ပို့ကုန် လျင်မြန်စွာ တိုးတက်နေသော်လည်း အဓိက ဆောင်ရွက်နေသည့် ကုမ္ပဏီမှာ ၁၀ခုခန့် သာရှိသည်ကို သတိပြုရန် လိုအပ်ကြောင်း၊ ယခု နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်းကျော်လွန်မည်ဟု ခန့်မှန်းထားပြီး EEC တွင် လာမည့်သုံးလအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးတက်လာခြင်းနှင့် ရထားလမ်းအခြေခံ ဖောက်လုပ်မှုအပေါ် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက် ဆောင်ရွက်နေမည်ဆိုပါက တိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်းရရှိနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်မူဝါဒများသည် ကျေးလက်ဒေသ ရှိပြည်သူလူထုကို စောင့်ရှောက်ရန်အတွက် ဦးစား ပေးမူဝါဒချမှတ်ရန် လိုအပ်ကြောင်း၊ ကျေးလက် ဒေသတွင် နေထိုင်သူ လူဦးရေမှာ တိုင်းပြည်လူဦး ရေ၏၄၀ရာခိုင်နှုန်းခန့်ရှိကြောင်း၊၎င်းတို့၏လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် မျိုးနွယ်စု အလိုက် အခြေခံလိုအပ်ချက်များ ကွဲပြားနေမှုကို လေ့လာရန် လိုအပ်ကြောင်း မစ္စတာ သီရာချိုင်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

ထို့အပြင် ထိုင်းနိုင်ငံ၏ ဘတ်ငွေကြေး အား ကောင်းလာမှုကြောင့် နိုင်ငံစီးပွားရေးကို အထောက်အပံ့ပြုစေခဲ့ကြောင်း၊ မူဝါဒချမှတ်သူ များအနေဖြင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင် ရောက်လာရန်အတွက် အတိုးနှုန်းကိစ္စရပ် တစ်ခု တည်းကိုသာမက ကျယ်ပြန့်စွာ စဉ်းစားသင့် ကြောင်း၊ ယခုနှစ်အတွက် ထိုင်းငွေကြေးတန်ဖိုး သည် အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက တန်ဖိုး ၈ ရာခိုင်နှုန်းမြင့်တက်လာပြီး အာရှဒေသ အတွင်း အင်အားအကောင်းဆုံးငွေကြေးဖြစ်ခဲ့ ကြောင်းပြောကြားခဲ့ပါသည်။

**သတင်းရင်းမြစ် -ဗန်ကောက်ပို့စ်**
**သောင်းနိုင်**

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၉၁၃၈၆၉ တန်ဖိုးရှိ ဒီဇယ် ၆၄၀၀၄ ဒသမ ၀၇၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၁၀၁၉၆၅ တန်ဖိုးရှိ ဓာတ်ဆီ ၁၂၇၅၄ ဒသမ ၄၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်၃၆၁၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၇၈၅၀ ကျော်ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၅၇၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၉၅၀ ကျော် အဝင်လျော့ ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင် လျော့ပြီး ဒီဇယ် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၄၄၈၀၀ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၁၆၀၀ တင်သွင်းခဲ့သလို မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေး ဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၇ တန်ဖိုးရှိ Re-exportဒီဇယ် တန်ချိန် ၃၂၅၀ နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၈၀၈ တန်ဖိုးရှိ Re-exportဒီဇယ် တန်ချိန် ၆၈၀ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်၊အောက်တိန်း (92)နဲ့ (95) မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၃၀၊ အောက်တိန်း (92) ကျပ် ၇၅၀၊ အောက်တိန်း (95) ကျပ် ၇၉၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၂၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၄၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၉ ရက်မှာ ဝယ်ဈေးကျခဲ့သော်လည်း ရောင်းဈေးငြိမ်တယ်လို့ သိရပါတယ်။ စက်တင်ဘာ ၂၅ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၅၀၀၀၀၊ ရောင်း ဈေး ကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၉ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာဈေးနည်းနည်းမြင့်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၈၀၊ ဒီဇယ် တစ်လီတာ ကျပ် ၇၆၀ ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၈၀၊ အောက်တိန်း(92)တစ်လီတာ ကျပ် ၇၉၀ ၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ စက်တင်ဘာ ၂၅ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၅၂၀၀၀၊ ရောင်းဈေး ကျပ် ၁၅၆၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာမှ စက်တင်ဘာ ၂၉ ရက်မှာဝယ်ဈေး ကျပ် ၁၅၄၀၀၀၊ ရောင်းဈေး ကျပ် ၁၅၆၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ စက်တင်ဘာ ၂၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၁၀၀၀၊ ရောင်းဈေးကျပ် ၁၆၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၄၀၀၀၊ ရောင်းဈေး ကျပ် ၁၆၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင်မြင့်ဒီဇယ် ကျပ် ၇၈၀ ၊ အောက်တိန်း(92) ကျပ် ၇၇၀၊ အောက်တိန်း(95) ကျပ် ၈၁၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ်၃၄၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးများ ပြန်လည်ကျဆင်းလာမှုနှင့်အတူ ပြည်တွင်းရွှေဈေးများလည်း ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ လွန်ခဲ့သည့် နှစ်လခန့်ကတည်းက မြင့်တက်ခဲ့ပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ကိုးသိန်းခွဲအထိရောက်ရှိခဲ့ပြီး ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ပထဝီနိုင်ငံရေး အခြေအနေများကြောင့် ဈေးမြင့်တက်လာခဲ့ရခြင်းဖြစ်ပြီး ယခုအခါ အိန္ဒိယမှ ရွှေတင်သွင်းခွင့်ကို ပိတ်ပင်လိုက်ခြင်း၊ အမေရိကန်က ၎င်း၏ ဗဟိုဘဏ်အတိုးနှုန်းနှင့်ပတ်သက်၍ ရေရာမှုမရှိခြင်း စသည့်အချက်များကြောင့် ကမ္ဘာ့ရွှေဈေးကွက်တွင် အရောင်းအဝယ်များကျဆင်းလာခဲ့ကာ ဈေးများကျဆင်းလာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်လျက်ရှိသည်။

“ကမ္ဘာ့ရွှေဈေးက ထူးထူးခြားခြားကို ကျလာတယ်။ ကမ္ဘာ့ရွှေဈေးကျဆင်းလာတဲ့အတွက် ပြည်တွင်းရွှေဈေးလည်း လိုက်ကျလာတာပေ့ါ။ နောက်ပြီး ပြည်တွင်းမှာလည်း ဗဟိုဘဏ်က Call Deposti တွေရဲ့အတိုးနှုန်းတွေကိုလျှော့ချလိုက်တဲ့အတွက် အခုလို ဈေးပြန်ကျလာတယ်လို့ ထင်ပါတယ်။ ဈေးပြန်ကျလာတဲ့အတွက် အရောင်းအဝယ် နည်းနည်းပြန်သွက်လာတယ်”ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် စက်တင်ဘာ ၂၅ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၃၉၀၀၀ ရှိခဲ့ပြီး စက်တင်ဘာ ၂၇ရက်တွင် ကျပ် ၉၃၄၀၀၀ သို့ ကျဆင်းလာခဲ့သည်။ စက်တင်ဘာ ၂၉ ရက်တွင် ကျပ် ၉၃၂၀၀၀ သို့ဆက်လက်ကျဆင်းလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် စတ်တင်ဘာ ၂၅ ရက်က တစ်အောင်စလျှင် ကျပ် ၁၂၉၄ အမေရိကန်ဒေါ်လာရှိခဲ့ပြီး စက်တင်ဘာ ၂၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၈၅ ရှိခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းငွေလဲဈေးနှုန်းများ ငြိမ်သက်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ငြိမ်သက်လျက်ရှိနေကြောင်း သိရသည်။ ပြည်တွင်းငွေလဲနှုန်းများ ငြိမ်သက်စေရန်အတွက် အစိုးရကထိန်းညှိလုပ်ဆောင်လျက်ရှိသဖြင့် ယခုကဲ့သို့ ငြိမ်သက်နေရခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ပဲအရောင်းအဝယ်များ ရပ်ဆိုင်းသွားခြင်း၊ စီးပွားရေးကျဆင်းနေသဖြင့် ငွေကြေးအရောင်းအဝယ်များ ရပ်ဆိုင်းနေခြင်း၊ Re-export သကြားများတင်ပို့ခွင့် ရပ်ဆိုင်းလိုက်ခြင်းနှင့် သွင်းကုန်များတင်သွင်းမှု နည်းပါးသွားခြင်းတို့ကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ် ပါးသွားသဖြင့် ယခုကဲ့သို့ ငွေလဲနှုန်းများ ငြိမ်သက်နေခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ငွေလဲနှုန်းက ငြိမ်နေတာ တော်တော်ကြာနေပြီ။ အတက်အကျဖြစ်လည်း နည်းနည်းပဲ။ ဗဟိုဘဏ်က ငွေအတက်အကျကို ထိန်းထားပြီး တစ်ဒေါ်လာကို ကျပ် ၁၃၆၀ နဲ့ပဲ ထိန်းထားတဲ့အတွက် အဝယ်နည်းနည်းများတဲ့နေ့မှာ နည်းနည်းတက်မယ်။ အဝယ်မရှိဘူးဆိုရင် နည်းနည်းပြန်ကျမယ်။ အဲဒီသဘောလောက်ပဲရှိတယ်။ သွင်းကုန်ရော ပို့ကုန်မှာပါကျဆင်းနေတဲ့အတွက် အခုလို ဈေးကွက်ငြိမ်နေတာပါ”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် စက်တင်ဘာ ၂၅ ရက်ကရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေးကျပ် ၁၃၅၀ရှိခဲ့ပြီး စက်တင်ဘာ ၂၉ ရက်တွင် ရောင်းဈေး ၁၃၅၁ ကျပ်၊ ဝယ်ဈေး ၁၃၄၉ ကျပ်ရှိခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေ ဖြင့် ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ယခုတစ်ပတ်လုံးတွင် ကျပ် ၁၃၆၀ ဟု သတ်မှတ်ထားခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

September 29, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 82.32 |
| CAD | Canada Dollars | 1.24 |
| CNY | China Yuan Renminbi | 6.67 |
| EUR | Euro | 0.85 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 65.39 |
| I DR | Indonesia Rupiahs | 13466.03 |
| JPY | Japan Yen | 112.59 |
| MYR | Malaysia | 4.23 |
| PKR | Pakistan Rupees | 105.50 |
| PHP | Philippines Pesos | 50.82 |
| RUB | Russia Rubles | 58.08 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1144.62 |
| LKR | Sri Lanka Rupe | 153.15 |
| THB | Thailand Baht | 33.36 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22725.99 |

*Source:xe.com*

## World Gold Price

September-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1297 | 1295 | 1295 |
| 26 | 1314 | 1312 | 1313 |
| 27 | 1296 | 1294 | 1295 |
| 28 | 1282 | 1282 | 1283 |
| 29 | 1290 | 1288 | 1290 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-9-2017 | 938.20 | 938.50 |
| 26-9-2017 | 947.50 | 947.00 |
| 27-9-2017 | 938.00 | 937.70 |
| 28-9-2017 | 931.00 | 930.70 |
| 29-9-2017 | 936.00 | 935.20 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6.60 | 33.09 | 81.32 | 64.79 |
| 26 | 6.62 | 33.17 | 81.73 | 65.33 |
| 27 | 6.64 | 33.28 | 81.79 | 65.72 |
| 28 | 6.67 | 33.44 | 81.85 | 65.77 |
| 29 | 6.67 | 33.36 | 82.32 | 65.39 |

## ရန်ကုန်စတော့ဈေးကွက် ငြိမ်သက်နေဆဲ

ရန်ကုန်စတော့ ဈေးကွက်တွင် ရောင်းချလျက်ရှိသည့် အစုရှယ်ယာများ၏ ဈေးနှုန်းများ ငြိမ်သက်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ ထုတ်ပြန်ချက်များအရ သိရသည်။

စတော့ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေသော်လည်း ဈေးအတက်အကျမရှိဘဲ အကျဈေးဖြင့် ငြိမ်သက်နေမှုအပေါ် စတော့ဈေးကွက်သို့ ဝင်ရောက်ဈေးကစားလိုသူများက အားမလိုအားမရဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်တွင် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် ရောင်းချလျက်ရှိသည့် အစုရှယ်ယာများအနက် FMI က ကျပ် ၁၃၀၀၀၊ MTSH က ကျပ် ၃၄၀၀၊ MCB က ကျပ် ၈၄၀၀၊ FPB က ကျပ် ၂၄၅၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။ **မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25-September | 16.91 | 3066.87 | 2059.86 | 6500.92 | 932.00 |
| 26-September | 17.18 | 3108.08 | 2074.63 | 6490.78 | 942.00 |
| 27-September | 16.82 | 3139.82 | 2141.19 | 6521.86 | 927.00 |
| 28-September | 16.69 | 3100.15 | 2080.36 | 6392.70 | 916.00 |
| 29-September | 16.81 | 3042.62 | 2091.16 | 6330.77 | 924.00 |

Source:kitco.com

## Energy NYMEX 29-9-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.47 | -0.09 | -0.17 |
| Brent Crude Futr (USD/bbl) | 57.41 | 0.00 | 0.00 |
| Gasoline Rbob Fut (Cent/gal) | 163.55 | 0.37 | 0.23 |
| Natural Gas Futr (USD/MMBtu) | 3.01 | -0.01 | 0.23 |
| Heating Oil Futr (Cent/gal) | 183.00 | -0.20 | -0.11 |

## ဘိလပ်မြေ

# ပင်လယ်ရေကြောင်းလမ်းမှ ဘိလပ်မြေအဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပို

စက်တင်ဘာ ၁၇ ရက်မှ ၂၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၈၅၄၆တန်ဖိုးရှိ ဘိလပ်မြေ ၈၀၉၀ ဒသမ ၈၃၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ၇၈၂၀ ဒသမ ၅၀တန်နဲ့ အီရန်နိုင်ငံမှ ၂၇၀ဒသမ ၃၃၇တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဘိလပ်မြေတန်ချိန် ၂၂၀၁၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၃၉၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၁၈၄၀ ကျော်ရှိပြီး ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၅၄၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။



# တောင်ကြီးဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**ရန်ကုန်ဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့အထိုင်ဈေးမှာဆင်(ထိုင်း)ကျပ်၅၈၅၀၊စိန်(ထိုင်း)ကျပ်၅၇၅၀၊ မော်လမြိုင်ဆင် ကျပ်၅၆၀၀၊ ကြံ့ခိုင်နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း)ကျပ် ၅၂၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း (ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မြင်းခေါင်း ကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျခဲ့ပေမယ့် ကျန်ဘိလပ်မြေက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ကြံ့ ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၃၀၀၊ စိန်(ထိုင်း)ကျပ် ၆၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်းအရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း)ကျပ် ၇၃၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊အပါချီ ကျပ်၄၃၀၀၊ကမ္ဘောဇ ကျပ် ၄၃၀၀၊နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ပင်လယ်ရေကြောင်းမှ မြေသြဇာတန်ချိန် ၁၂၀၀၀ကျော်ဝင်

စက်တင်ဘာလ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၆၈၆၆တန်ဖိုးရှိ မြေသြဇာ ၁၂၆၅၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ၂၄၀၁ တန်၊ မလေးရှားနိုင်ငံမှ ၇၅၃ ဒသမ ၅၀တန်၊ ပါကစ္စတန်နိုင်ငံမှ ၅၀၁၅ ဒသမ ၅၀ တန်၊ ရုရှားနိုင်ငံမှ ၂၈ တန်၊ ထိုင်းနိုင်ငံမှ ၃၃၅၇ တန်၊ အမေရိကန်နိုင်ငံမှ တန်ချိန် ၃၅၀နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းကလိုရိုဒ်၊ ယူရီးယား၊ ကွန်ပေါင်း၁၂း ၁၂း ၁၂၊ ကွန်ပေါင်း ၁၇း၁၇း၁၀၊ ကွန်ပေါင်း ၁၆း၁၆း၁၆နဲ့ ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်း ခဲ့တဲ့ မြေသြဇာတန်ချိန် ၂၁၅၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၈၈၉၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက်အရောင်းပုံမှန်ဖြစ်

စက်တင်ဘာလ ၁၇ ရက်မှ ၂၃ ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၁၂၆၅၀ကျော်အဝင်ရှိခဲ့တာကြောင့် ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၂၁၅၅၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၈၈၉၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ နယ်စပ်လမ်းမှ မြေသြဇာ အဝင်မှာ တန်ချိန်၁၉၂၆၀ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၂၄၄၇၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၂၁၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊မကွေးနဲ့ တောင်ကြီးမှာ အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာဈေးငြိမ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာတော့ ဆောင်းသီးနှံအတွက် အဝယ်ရှိတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် အာမို ၁၀း၁၀း၅ က ကျပ် ၇၀၀၊ တီစူပါက ကျပ်၂၃၀၀၊ အာမို ၁၆း၁၆း၈က ကျပ်၃၀၀၊ ယူရီးယားက ကျပ်၂၀၀၊ ဇာမဏီက ကျပ် ၆၀၀ဈေးမြင့်လာပြီး ကျန်မြေသြဇာများကယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ -တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅းကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၃၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၃၂၀၀၊ ဇာမဏီ ကျပ်၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းနည်းနည်းဖြစ်ပြီး ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်)ကျပ်၂၂၆၀၀၊ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်)ကျပ်၂၃၄၀၀၊ တီစူပါ၂၀% (တရုတ်)ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၃၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅(တရုတ်)ကျပ်၁၆၀၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်)ကျပ်၂၃၂၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၇၀၀ ၊ မြားကမ္ဘာ ကျပ် ၁၅၅၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် ပိုတက်က ဈေးနည်းနည်းမြင့်လာပေမယ့် ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၃၀၀၀၊ ပိုတက်(အိန္ဒိယ)ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း(၁၅း၁၅း၁၅)ကျပ် ၃၇၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ပင်လယ်ရေကြောင်းလမ်းမှ နို့မှုန့်တစ်မျိုးတည်းသာဝင်

စက်တင်ဘာ၁၇ရက်မှ၂၃ရက်အထိ သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၈၀၈၆၅၉တန်ဖိုးရှိ နို့မှုန့် ၂၂၅ ဒသမ ၂၈၆တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နို့ဆီတင်သွင်းခြင်းမရှိဘဲ နို့မှုန့်တစ်မျိုးသာ အဝင်ရှိခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံနဲ့ တန်ချိန်များမှာ နယူးဇီလန်နိုင်ငံမှ ၁၀၀ ဒသမ ၈၀ တန်၊ နယ်သာလန်နိုင်ငံမှ သုည ဒသမ ၄၀၈ တန်၊ စင်ကာပူနိုင်ငံမှ ၂၇ ဒသမ ၀၇၈၊ ဩစတြေးလျနိုင်ငံမှ ၇၅ တန်နဲ့ ပိုလန်နိုင်ငံမှ ၂၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန်၅၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၁၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၉ မှ ၂၂/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၉ မှ ၁၅/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၃.၁၀ | ၃၀.၀၀ | (-) | ၆.၉၀ |
| ၂။ | လွယ်ဂျယ် | ၅၀၅.၀၀ | ၃၃၀.၀၀ | (+) | ၁၇၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၂၄၄၄.၅၀ | ၁၇၄၁.၅၀ | (+) | ၇၀၃.၀၀ |
| ၅။ | တာချီလိတ် | ၃၅၀၀.၀၀ | ၃၈၀၀.၀၀ | (-) | ၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၅၉၅.၀၀ | - | (+) | ၁၅၉၅.၀၀ |
| ၈။ | မြိတ် | ၃၇၇၅.၀၀ | ၄၀၀.၀၀ | (+) | ၃၃၇၅.၀၀ |
| | စုစုပေါင်း | ၁၁၈၄၂.၆၀ | ၆၃၀၁.၅၀ | (+) | ၅၅၄၁.၁၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၉ မှ ၂၂/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၉ မှ ၁၅/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၈၈၅.၀၅ | ၁၇၆၃၇.၆၀ | (-) | ၂၇၅၂.၅၅ |
| ၂။ | လွယ်ဂျယ် | ၃၄၈.၀၀ | ၄၉၇.၀၀ | (-) | ၁၄၉.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၉၈.၅၀ | ၂၃၄၂.၉၅ | (-) | ၁၂၄၄.၄၅ |
| ၄။ | ကန်ပိုက်တီ | ၁၄၅.၀၀ | ၁၆၀.၀၀ | (-) | ၁၅.၀၀ |
| ၅။ | မြဝတီ | ၂၇၃၄.၂၅ | ၃၄၈၈.၃၇ | (-) | ၇၅၄.၁၂ |
| ၆။ | ကော့သောင်း | ၅၀.၀၀ | ၁၀၀.၀၀ | (-) | ၅၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | - | ၂၅၀.၀၀ | (-) | ၂၅၀.၀၀ |
| | စုစုပေါင်း | ၁၉၂၆၀.၀၀ | ၂၄၄၇၅.၉၂ | (-) | ၅၂၁၅.၁၂ |

ခင်မိုးသူ

## နှမ်း

### တရုတ်နယ်စပ်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၁၃ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၄၁၇၀ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှနှမ်းနက် ၁၃၈ တန်နဲ့ နှမ်းညိုတန် ၅၀၊ ချင်းရွှေဟော်မှ နှမ်းနက် ၂၇၈၃ တန်ကျော်နဲ့ နှမ်းဖြူ ၁၁၉၈ တန်ကျော် စုစုပေါင်း ၄၁၇၀ တန်ကျော်ဖြစ်ပါတယ်။

ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုပေါင်းမှ ၂၆၇၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နယ်စပ်မှ နှမ်း ၁၄၉၂ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၄၀၁၂၂၂ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၂၁၅၈၈၆ ကျပ်ရှိရာမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်မှာ နှမ်းဖြူတစ်တန်ကို ၁၄၀၅၅၁၆ ကျပ်နဲ့ နှမ်းနက်တစ်တန်ကို ၂၂၂၂၆၇၆ ကျပ်သို့ ဈေးဆက်လက်မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

နှမ်းဖြူနဲ့နှမ်းနီကဈေးငြိမ်ပြီး နှမ်းနက်ကဈေးပြန်တက်လာကြောင်း၊ အဓိက,ကတော့ တရုတ်အဝယ်လိုက်လာလို့ ဈေးတက်ရတာဖြစ်ကြောင်း မြန်မာနိုင်ငံနှမ်းမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

---

### စက်တင်ဘာလစတုတ္ထပတ် မုံရွာကုန်စည်ဒိုင်မှာဖြစ်ပေါ်ခဲ့သောနှမ်းသီးနှံဈေးကွက်

စက်တင်ဘာလစတုတ္ထပတ်မုံရွာကုန်စည်ဒိုင်ရှိ ဆီထွက်သီးနှံဖြစ်သော နှမ်းဈေးကွက်မှာ ဒိုင်သို့ နှမ်းများ အဝင်နည်းသလို ဝယ်လက်လည်းနည်းတဲ့အတွက် အရောင်းအဝယ်လည်း အေးလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် နှမ်းသီးနှံများအနက် နှမ်းဖြူမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျဆင်းလာကာ တစ်ပိဿာလျှင် ၂၃၃၃ ကျပ်နဲ့ အိတ်၂၀၀၊ နှမ်းညို တစ်ပိဿာလျှင် ၁၈၆၇ ကျပ်နဲ့ အိတ်၂၀၀၊ နှမ်းနက်တစ်ပိဿာလျှင် ၂၃၃၃ ကျပ် မှ ၂၁၃၃ ကျပ်နှုန်းနဲ့ အိတ် ၁၅၀ အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ယခင်တစ်ပတ်ပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်ပိဿာလျှင် ၂၃၆၇ ကျပ်၊ နှမ်းနက်တစ်ပိဿာလျှင် ၂၃၃၃ ကျပ်နှုန်းနဲ့ ယခင်တစ်ပတ်ပေါက်ဈေးအတိုင်းဈေးငြိမ်လျက်ရှိပြီး နှမ်းဖြူတစ်ပိဿာလျှင် ၂၃၆၇ ကျပ်နှုန်းပေါက်လို့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ကျဆင်းလာတာ တွေ့ရပါတယ်။ ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းက ဈေးမြင့်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် နှမ်းဆီတစ်ပိဿာလျှင် (လက်ကား) ကျပ် ၃၇၀၀၊ (လက်ကား) ကျပ် ၄၂၀၀ မှ ၄၄၀၀ နှုန်းပေါက်လျက်ရှိကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## စားအုန်းဆီ

# ဈေးကွက်ဝယ်လိုအား နည်းပါးမှုကြောင့် မလေးရှားစားအုန်းဆီဈေးနှုန်းများ ကျဆင်း



မလေးရှား စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် တစ်လအတွင်း ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးနှုန်းများ ကျဆင်းနေခြင်း၊ စားအုန်းဆီကို အများဆုံးစားသုံးလျက်ရှိသည့် တရုတ်နှင့်အိန္ဒိယတို့မှ တင်သွင်းမှု အားနည်းသွားခြင်းတို့သည် စားအုန်းဆီဈေး ကျဆင်းမှုနှင့် ဆက်စပ်လျက်ရှိသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် ဒီဇင်ဘာလအတွက် စားအုန်းဆီစံထားဈေးနှုန်းသည် ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းကာ ၂၆၉၁ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၆၄၀ ဒသမ ၄၁)နှုန်းသာရှိခဲ့သည်။ ဩဂုတ်လ ၂၁ရက်ကတည်းက ကျဆင်းခဲ့သည့် စားအုန်းဆီဈေးသည် စက်တင်ဘာလအစောပိုင်းကလည်း အနိမ့်ဆုံးဈေးအဖြစ် ၂၆၈၅ ရင်းဂစ်သို့ ကျဆင်းခဲ့သည်။ စက်တင်ဘာလ ၂၆ ရက် ညနေပိုင်းတွင် ၂၅ တန်ရှိ အတွဲပေါင်း ၅၀၄၇၄ တွဲ ရောင်းချခဲ့ရသည်။

"စားအုန်းဆီဝယ်လိုအားက ကျဆင်းလာပါပြီ။ ဝယ်လက်တွေဆီမှာလည်း ကုန်တွေပြည့်နေတာတာကြောင့် ဝယ်လိုအား ကျဆင်းနေတာဖြစ်ပါတယ်။ စားအုန်းဆီတွေကို အများအပြား ဝယ်ယူနေတဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယကလည်း အများအပြား ဝယ်ယူဖို့မရှိတော့ပါဘူး"ဟု ကွာလာလမ်ပူရှိ စားအုန်းဆီကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် စားသုံးဆီအများဆုံးအသုံးပြုသည့်အချိန်ကာလများဖြစ်သည့် ဆောင်းရာသီအလယ်ပိုင်းနှင့် ဒီပါဝလီပွဲတော်အတွက် ယခုစက်တင်ဘာလအတွင်းမှာပင် စားအုန်းဆီများကို သိုလှောင်ထားပြီးဖြစ်သည်။

မလေးရှားနိုင်ငံ၏ စားအုန်းဆီသင်္ဘောတင်ပို့မှုပမာဏမှာ စက်တင်ဘာလ ၁ ရက်မှ ၂၅ ရက်အတွင်း မြင့်တက်ခဲ့ရာ ၁၅ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းကြား မြင့်တက်လာခြင်းဖြစ်ကြောင်း Intertek Testing Services နှင့် Societe Generale de Surveillance တို့၏ စာရင်းကောက်ယူမှုများအရ သိရသည်။

ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးနှုန်းများကျဆင်းလာမှု၏ အကျိုးဆက်အဖြစ် စားအုန်းဆီဈေးနှုန်းများလည်း ဆက်လက်ကျဆင်းလာဖွယ်ရှိကြောင်း ကုန်သည်တစ်ဦးက ထပ်မံပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီ စာချုပ်ချုပ်ဆိုဈေးနှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းချိန်တွင် ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့၏ အောက်တိုဘာလအတွက် စာချုပ်ချုပ်ဆို ဈေးနှုန်းသည် တစ်ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**မယ်သီတာ**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၉-၉-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၁၀၀ | ၅၁၀၀ | □ | ၄၄၀၀ | ၄၄၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၀၀ | ၁၈၅၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၂၃၀၀ | ၂၀၀၀ | ▽ |
| မုံရွာ | ၃၉၀၀ | ၃၉၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၉၀၀ | ၁၈၉၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၉-၉-၂၀၁၇ US$/Ton

| အမျိုးအစား | စက်တင်ဘာတတိယပတ် | စက်တင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၀၈.၀၀ | ၆၇၉.၅၀ | ▽ |
| RBD P.Olein | ၇၁၆.၅၀ | ၆၇၉.၅၀ | ▽ |
| RBD P.Stearin | ၆၉၇.၀၀ | ၆၇၇.၀၀ | ▽ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၉-၉-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၂၂.၂၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၀၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၁၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈ ၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၈.၃၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၁.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၇၅.၆၉၄ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၉-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၃၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၉-၉-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပြည်ပပို့ကုန် တိုးတက်ရေးအတွက် ဖော်ဆောင်ရမည့်ဈေးကွက်

မျိုးသူ (ကုန်သွယ်မြှင့်)

**ကမ္ဘာ့အရေးကြီးဆုံး အရေးပါဆုံး သီးနှံဆယ်မျိုး**

ကမ္ဘာတွင် အရေးကြီးဆုံး အရေးအပါဆုံး သီးနှံဆယ်မျိုးကိုကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)က ရွေးချယ်သတ်မှတ်ထားရာတွင် အစဉ်အလိုက်ကြည့်ပါက ကြံ၊ အစေ့ထုတ်ပြောင်း၊ ဆန်၊ ဂျုံ၊ အာလူး၊ သကြား မုန်လာ၊ ပီလောပီနံ၊ ပဲပုပ်၊ ဘာလီ၊ ကန်စွန်းဥ၊ ဆီအုန်းသီး၊ ခရမ်းချဉ်သီး၊ ငှက်ပျောသီး၊ လိမ္မော်သီးနှင့် နှံစားပြောင်းတို့ဖြစ်သည်။ ယင်းတို့၏ ထုတ်လုပ်မှုတို့ကိုကြည့်လျှင်လည်း ကြံသည် တန်သန်းပေါင်း ၁၂၅၄ သန်း ကျော်၊ ပြောင်းသည် တန် ၆၀၉ သန်းကျော်၊ ဆန်သည် တန် ၅၉၂ သန်းကျော် ထုတ်လုပ်ကြောင်း တွေ့ရပါသည်။ စတုတ္ထထုတ်လုပ်မှု အများဆုံးဖြစ်သော ဂျုံသည် တန် ၅၈၂ သန်းကျော် ဖြစ်ပါသည်။

သို့ဖြစ်သဖြင့် ကြံစိုက်ပျိုးထုတ်လုပ်မှုသည် အခြားဒုတိယဖြစ်သော ပြောင်းထက် နှစ်ဆနှင့် ဆန်နှင့်ဂျုံထက် နှစ်ဆကျော် စိုက်ပျိုးထုတ်လုပ်သည်ကို တွေ့ရပါသည်။ ယင်းစိုက်ပျိုးထုတ်လုပ်သလောက်လည်း တင်ပို့ရောင်းချမှုများ ရှိပါသည်။ ကြံနှင့် ပြောင်းတို့သည် စားသောက်ကုန်ကဏ္ဍတွင်သာမက စွမ်းအင်ကဏ္ဍတွင်လည်း အရေးပါနေကြောင်း တွေ့ရှိရပါသည်။ ယင်းသီးနှံများကို ကမ္ဘာ့ အရေးအကြီးဆုံး စားသောက်ကုန်ဆိုင်ရာသီးနှံများအဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးထုတ်လုပ်သည်ကို တွေ့နိုင်ပါသည်။ မြန်မာများနှင့် ရင်းနှီးမှုမရှိသော သီးနှံမှာ သကြားမုန်လာတစ်မျိုးသာ ဖြစ်မည်ထင်ပါသည်။ ဘာလီကိုသိသော်လည်း စိုက်ပျိုးမှု မတွေ့ရပါ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံရှစ်မျိုးသည် အရေးကြီးသီးနှံများတွင် ပါဝင်နေပါသည်။ ယင်းသီးနှံရှစ်မျိုးတွင် မြန်မာနိုင်ငံ၌ အများအပြား စိုက်ပျိုးသည်မှာ ပြောင်းနှင့်ဆန် နှစ်မျိုးသာ တွေ့ရပါသည်။ ကြံကို အသင့်အတင့် စိုက်ပျိုးသော်လည်း ပြည်ပတင်ပို့နိုင်သည့် သကြားအရေအတွက်မှာ မများလှပါ။ ထို့ကြောင့် ပြောင်းနှင့်ဆန်ကို တိုးချဲ့စိုက်ပျိုးသကဲ့သို့ ကျန်သီးနှံခြောက်မျိုးကိုလည်း တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ ဂျုံကို ယခင်က စစ်ကိုင်းတိုင်းတွင် အများအပြားစိုက်ပျိုးခဲ့သော်လည်း ယခုအခါ ပြည်ပမှ တင်သွင်းသည့် ဂျုံမှုန့်များနှင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် စိုက်ပျိုးမှု မရှိသလောက်ထိ ကျဆင်းသွားရာ ယင်းနေရာများတွင် ဂျုံကို ပြန်လည်စိုက်ပျိုးသင့်ပါသည်။

**အခြား အရေးပါသော သီးနှံများ**

ထို့အပြင် မြန်မာနိုင်ငံတွင် စိုက်ပျိုးသကဲ့သို့ ကမ္ဘာတွင်လည်း အရေးပါသောသီးနှံများ ကျန်ရှိပါသေးသည်။ ယင်းတို့မှာ ဝါ၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ပဲလွန်းဖြူ ပဲယင်း၊ ကုလားပဲ၊ စားတော်ပဲ၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပဲရာဇာ၊ ဖရဲ၊ သခွားမွှေး၊ ကြက်သွန်နီ၊ ချဉ်ပေါင်ဖာလာ၊ နနွင်းတက်၊ ဝဥ၊ များနှင့် နှစ်ရှည်သီးနှံများဖြစ်သော ဆီအုန်း၊ ကော်ဖီ၊ လက်ဖက်၊ သီဟိုဠ်၊ သရက်၊ ထောပတ်သီးတို့သည်လည်းဈေးကွက်ကောင်းမွန်ပြီး ပိုမိုစိုက်ပျိုးထုတ်လုပ်သင့်သော သီးနှံများဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဂျုံ၊ စားတော်ပဲ၊ ပဲရာဇာတို့မှာ ပြည်ပမှ ပြန်သွင်းနေရသော သီးနှံများဖြစ်သဖြင့် တိုးချဲ့စိုက်ပျိုးလျှင် ပြည်ပမှ တင်သွင်းရမှုကို လျှော့ချနိုင်သကဲ့သို့ ပြည်ပသို့ပါ တင်ပို့နိုင်မည့် အလားအလာရှိနေပါသည်။ ထို့အပြင် ဝါကို တိုးချဲ့စိုက်ပျိုးပါက အထည်ချုပ်စက်ရုံများနှင့် ချည်မျှင်စက်ရုံများနှင့် ချိတ် ဆက်ဆောင်ရွက်နိုင်ပြီး ဝါနှင့်ချည်ကဏ္ဍ တိုးတက်ပြောင်းလဲလာနိုင်ပါသည်။ နှမ်း၊ မြေပဲ၊ နေကြာနှင့် ပန်းနှမ်းစသော ဆီထွက်သီးနှံများမှာ စိုက်ပျိုးထုတ်လုပ်လျှင် ထုတ်လုပ်နိုင်သလောက် တင်ပို့နိုင်သည့် သီးနှံများ ဖြစ်ပြီး မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူဘဲ ဆီစားသုံးမှု မြင့်မားသော နိုင်ငံဖြစ်သဖြင့် စားအုန်းဆီကို တစ်နှစ်လျှင် တန်ချိန် ငါးသိန်းမှ ခြောက်သိန်းခန့်ကို တင်သွင်းနေရသည်ကို အစားထိုးနိုင်မည့် ပြည်တွင်းဈေးကွက်ကြီး ရှိနေပါသည်။ ထို့အပြင် ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးတွင်လည်း စိုက်ပျိုးလက်စရှိသဖြင့် တိုးချဲ့စိုက်ပျိုးပြီး စားအုန်းဆီတင်သွင်းမှုကို ကာကွယ်သင့်ပါသည်။

**မြန်မာနိုင်ငံ၏ ပြည်ပတင်ပို့သည့် ထိပ်ဆုံးကုန်ပစ္စည်း အမျိုးသုံးဆယ်**

မြန်မာနိုင်ငံရဲ့ နှစ်စဉ်တင်ပို့လျက်ရှိသည့် ထိပ်ဆုံးပိုင်းမှ ကုန်ပစ္စည်းအမျိုးသုံးဆယ်ကိုကြည့်လျှင် အများအပြား အပြောင်းအလဲမရှိလှသည့် ကုန်များလည်း ပါဝင်ပါသည်။ ဥပမာ- သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်းတို့သည် ပါဝင်မြဲ ထိပ်ဆုံးပစ္စည်းများ ဖြစ်ပါသည်။ ယခင်က သစ်လုံးများသည် ထိပ်ဆုံးတွင် ပါဝင်သော်လည်း ၂၀၁၄ တွင် သစ်အလုံးလိုက်တင်ပို့ခြင်းကို တားမြစ်ခဲ့သဖြင့် သစ်တင်ပို့မှု အနည်းငယ်သာပါဝင်ပါသည်။ ထိပ်ဆုံးကုန်ပစ္စည်း အမျိုးသုံးဆယ်တွင် လယ်ယာထွက်ကုန်သီးနှံများသည်လည်း အပါအဝင်ဖြစ်နေသည့်အပြင် အချို့သော သီးနှံများ တိုးတက်လာသည်ကို တွေ့နေရပါသည်။ လယ်ယာထွက်ကုန်သီးနှံများမှာ မတ်ပဲ၊ ဆန်၊ ပဲတီစိမ်း၊ ပြောင်း၊ ပဲစင်းငုံ၊ သကြား၊ နှမ်း၊ ဆန်ကွဲ၊ ရော်ဘာစိမ်း၊ ကုလားပဲ၊ သီဟိုဠ်၊ ပဲလွန်းဖြူ မြေထောက်ပဲ၊ ကြက်သွန်နီ၊ ထောပတ်ပဲ၊ သရက်သီး၊ ချဉ်ပေါင်ဖာလာ၊ နနွင်းတက်နှင့် ပဲယင်းတို့ဖြစ်ပါသည်။ စုစုပေါင်း ၁၉ မျိုးဖြစ်ပါသည်။ ဆန်နှင့် ဆန်ကွဲကို ပေါင်းပြီးပြောပါက ၁၈ မျိုးဖြစ်ပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံ၏ ထိပ်တန်းပို့ကုန် အမျိုး ၃၀ တွင် ၁၈မျိုးမှာ လယ်ယာထွက်ကုန်နှင့်နှစ်ရှည်သီးနှံပင်များဖြစ်ပါသည်။ ၎င်းတို့အနက် မတ်ပဲနှင့် ပဲစင်းငုံတို့ကို ဖယ်၍ စဉ်းစားမည်ဆိုပါက အမျိုးပေါင်း ၁၆ မျိုး ကျန်ရှိနေကြောင်းတွေ့နိုင်ပါသည်။ ယင်းတို့ကို ထိပ်ဆုံးမှ တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဈေးကွက်နှင့်ရင်းနှီးပြီးသော ကုန်စည်များ ဖြစ်နေသောကြောင့် ဖြစ်သည်။

မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယက တင်သွင်းမှုကို ကန့်သတ်လိုက်သည့်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ယင်းဈေးကွက်တစ်ခုကိုသာ အဓိက မှီခိုနေရသည့် မတ်ပဲနှင့် ပဲစင်းငုံအတွက် အခက်တွေ့သကဲ့သို့ ရှိပါသည်။ သို့ရာတွင် ယခင်နှစ်နှစ်ခန့်က ဈေးအလွန်အကျွံမြင့်တက်ခဲ့သဖြင့် ထိုင်ကြည့်နေရသော ပဲခွဲစက်သမားများ အနေဖြင့် ယခုအခါ ပြန်လည်ကြိတ်ခွဲနိုင်ကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ပဲခွဲခြမ်းစက်များသည် အရည်အသွေးကောင်းကောင်း ခွဲခြမ်းကို ထုတ်လုပ်နိုင်သည့် စက်များဖြစ်ပါသည်။ ယင်းစက်များမှ ထုတ်လုပ်သော ခွဲခြမ်းများကို ဈေးကွက် ပိုမိုရှာဖွေပေးသင့်ပါသည်။ ကျွန်တော်တို့အနေဖြင့် အိန္ဒိယမှတင်ပို့နေသည့် ဈေးကွက်များကို ထိုးဖောက်ဝင်ရောက်ရန် နည်းလမ်းအမြန်ဆုံးရှာဖွေခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခု အဖြစ်ပါဝင်ပါမည်။ နီပေါနိုင်ငံသည် ကုန်းတွင်းပိတ် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် နီပေါနိုင်ငံသို့ရောင်းချခြင်း၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ရောင်းချခြင်းများကိုလည်း တိုးတက်ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပဲမှုန့်လုပ်ငန်းသည်လည်း တရားမဝင်နည်းလမ်းဖြင့် တရုတ်သို့ တင်ပို့ရောင်းချနေသည်မှာ အတန်ကြာပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တရားဝင် တင်ပို့နိုင်ခြင်းမရှိသေးသည်ကို တွေ့ရပါသည်။ ယင်းကဲ့သို့ ပဲမှုန့်၊ ပဲခြမ်း တန်ဖိုးမြှင့်ထွက်ကုန်များကို များများနှင့် မြန်မြန်တင်ပို့နိုင်ရေးကို အစိုးရဌာနများက ပူးပေါင်းဆောင်ရွက်ပေးသင့်ပါသည်။ တန်ဖိုးမြှင့်ပဲခြမ်း၊ ပဲမှုန့်တင်ပို့သူများကို မက်လုံးများပေးပြီး ပိုမိုတင်ပို့နိုင်ရေးကို ဦးစား ပေးဆောင်ရွက်သင့်ပါသည်။ ပြည်တွင်းတွင် ပဲကြော်ရောင်းချသည့် လုပ်ငန်းသည်လည်း များစွာ တွင်ကျယ်သောလုပ်ငန်းဖြစ်ပြီး ယခင်က ကုလားပဲနေရာတွင် ပဲစင်းငုံကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ တိုးတက်သုံးစွဲလျက်ရှိနေသည်ဟုလည်း သိရှိရပါသည်။ ယခုကဲ့သို့သော ဈေးနှုန်းမျိုးနှင့်ဆိုလျှင် ပဲစင်းငုံကို ပဲကြော်အဖြစ် သုံးစွဲမှုမှာ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ကြောင်း သိရပါသည်။

**ဈေးကွက်လိုအပ်ချက်အရ အားပေးစေချင်သည့် သီးနှံများ**

မြန်မာနိုင်ငံတွင် ပဲများကို စိုက်ပျိုးခဲ့သည်မှာ ဈေးကွက်လိုအပ်ချက်အရဖြစ်ပါသည်။ ထို့အပြင် ဈေးကွက်က လိုလားသောသီးနှံများကို စိုက်ပျိုးထုတ်လုပ်မည်လော၊ မိမိတို့စိုက်လိုသည်ကို စိုက်ပြီး ဈေးကွက်ရှာမည်လော ဆိုသည်ကို စဉ်းစားပြီးမှ ဈေးကွက်မှ လိုလားသည့် သီးနှံကို စိုက်ပျိုးသည်က သဘာဝကျသည်ဟု ထင်မြင်မိပါသည်။ ယခုအခါ မတ်ပဲနှင့် ပဲစင်းငုံကို ဈေးကွက်မှမလိုလားသည့်အခါ မိမိတို့အနေဖြင့်အခြားဈေးကွက်များကို ခက်ခက်ခဲခဲ ရှာနေမည့်အစား ဈေးကွက် လွယ်လွယ်ကူကူရှိသည့် အခြားသီးနှံများကို အစားထိုးစိုက်ပျိုးသင့်ပါသည်။ အဆိုပါ သီးနှံများမှာ အထက်တွင်ဖော်ပြခဲ့သည့် Myanmar Export Top Thirty စာရင်းဝင် သီးနှံ ၁၆ မျိုးကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်ပါက ဈေးကွက်ရှာဖွေရသည်လည်း ခက်ခဲမှုမရှိပါ။ စိုက်ပျိုးနည်းစနစ်လည်းရှာဖွေရန် မခက်ခဲပါ။ အလားတူပင် မျိုးကောင်းမျိုးသန့်ရှာဖွေရန်လည်း လွယ်ကူမည့် အခြေအနေဖြစ်ပါသည်။ ထို့ကြောင့် ယင်းသီးနှံများမှ ဆန်စပါး၊ ပဲတီစိမ်း၊ ပြောင်း၊ ကြံသကြား၊ နှမ်း၊ ရော်ဘာ၊ ကုလားပဲ၊ သီဟိုဠ်၊ ပဲလွန်းဖြူ မြေထောက်ပဲ၊ ကြက်သွန်နီ၊ ထောပတ်ပဲ၊ သရက်သီး၊ ချဉ်ပေါင်ဖာလာ၊ နနွင်းတက်နှင့် ပဲယင်းတို့ကိုသာ တိုးတက် စိုက်ပျိုးလျှင် မတ်ပဲ၊ ပဲစင်းငုံတို့ပါတင်ပို့သည်ထက်ပင် ပြည်ပပို့ကုန် တိုးတက်လာနိုင်သည်မှာ သေချာနေကြောင်း တွေ့ရပါသည်။ အခြား ထပ်မံဖြည့်စွက်နိုင်သည့် သီးနှံများလည်း ကျန်ရှိနေပါသည်။ ယင်းတို့မှာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များဖြစ်ပါသည်။ အထက်အညာဒေသတွင် အခြားသီးနှံများစိုက်ပျိုးလျှင် အမြတ်မသေချာသဖြင့် ဖရဲသခွားမွှေး စိုက်လိုသူအား မြေငှားကြသည်မှာ ကြာပြီဖြစ်ပါသည်။ ယင်း ဖရဲ၊ သခွားမွှေး၊ ဟင်းသီးဟင်းရွက်များ၊ ကော်ဖီ၊ လက်ဖက်၊ ချင်း၊ ဆီးသီးခြောက်၊ ဆီးသီးဆန်အတွက် ဇီးပင်များ၊ သဘော်သီးပင်များ၊ ပရဆေးပင်များသည် ပြည်ပတင်ပို့နိုင်သည့် တန်းဝင်ကုန်စည်များ ဖြစ်ပါသည်။

**ဈေးကွက်လိုချင် ဒါတွေပြင်**

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ တိုးတက်တင်ပို့နိုင်ရန်အတွက် Bottle neck ခေါ် အကျပ်အတည်းလေးများကို ပြည်ပတင်ပို့မှုအားလုံးလိုလိုတွင် စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရပါသည်။ ကြိုးနီစနစ်ကို ဖြေလျှော့နေသော်လည်း ငယ်စဉ်က ပုံပြင်တစ်ခုထဲမှ သမီးသုံးယောက်အမေ အမျိုးသမီးကြီးအား သမီးလိုချင်သဖြင့် ပတ်ထားသောမြွေမင်းသားကဲ့သို့ သမီးကြီးပေးပါမည်။ လျှော့ပေးပါဟု ပြောသောအခါ တစ်ပတ်သာ လျှော့ပေးသည်၊ သမီးလတ်ပေးပါမည်ဆိုသောအခါတွင်လည်း တစ်ပတ်သာလျှော့ပေးသည်။ သမီးထွေးလေးပေးပါမည်ဆိုမှ အားလုံးဖြည်ပေးသည်ဟု ဆိုသကဲ့သို့များ ယခုအထိ ကြိုးနီစနစ်ကျင့်သုံးသူများသည် မယ်ထွေးလေးမရသေးသဖြင့် ကြိုးနီအပတ်ရေများကို ဖြည်မပေးသလားဟု တွေးရမလို ဖြစ်နေပါသည်။ ယခု ပြည်ပတင်ပို့နေသည့် သီးနှံများအတွက် မက်လုံးပေးစနစ်ကို ယခုထက်ပိုမိုပေးခြင်း၊ အထူးသဖြင့် ပဲမှုပြုလုပ်သော တန်ဖိုးမြှင့်ထွက်ကုန်များကို အခွန် မက်လုံးပိုမိုပေးခြင်း၊ Risk Management စနစ်တွင် ယင်းသီးနှံများကို ပိုမိုအလျှော့ပေးခြင်း၊ အချိန်ပိုရစေခြင်း၊ ကွန်တိန်နာများကို ပိုမိုအခွင့်အရေးပေးခြင်း၊ ကုန်ကျစရိတ်တိုင်းတွင် ဖြေလျှော့ပေးခြင်း၊ အချို့သော အကန့်အသတ်များကို ယာယီဖယ်ရှားပေးခြင်း၊ (ဥပမာ-ချဉ်ပေါင်ဖာလာကဲ့သို့ သစ်တောနှင့် နွယ်သောသီးနှံများတွင် ဖြေလျှော့ရန်များကို ရှာဖွေဖြေလျှော့ပေးခြင်း) ဘဏ္ဍာပိုင်းဆိုင်ရာ အရင်းအနှီးများတွင် အဆိုပါသီးနှံများအတွက် တောင်သူ၊ ကုန်သည်၊ စက်ရုံအလုပ်ရုံများအတွက် ဦးစားပေး ငွေချေးပေးခြင်း၊ အတိုးနှုန်းလျှော့ချပေးခြင်း စသည့်နည်းလမ်းများဖြင့် ဦးစားပေးပါက တင်ပို့မှုများ မြန်ဆန်သွက်လက်ပြီး တင်ပို့မှု တိုးတက်လာမည်မှာ သေချာပါသည်။

ထို့အပြင် အရည်အသွေး စီမံခန့်ခွဲသည့်နည်းလမ်းများဖြင့် ကမ္ဘာတွင် ယှဉ်ပြိုင်နိုင်သည့် သီးနှံများပေါ်ထွက်လာရန်လိုအပ်ပါသည်။ အမှန်တကယ် စိုက်ပျိုးထုတ်လုပ်သောသီးနှံများ၏ အထွက်များ အပါအဝင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှသာ အမှန်ရောင်းချရမည့် ကိန်းဂဏန်းများကို တွက်ချက်ကာ ဈေးကွက်ရှာနိုင်ပါမည်။ အရည်အသွေးနှင့် အရေအတွက် သေချာမှသာ ပြည်ပသို့ ဈေးကွက်ရှာမှုလည်းသေချာပါမည်။ ထိုသို့မဟုတ်ပါက သွားပါများသော်လည်း ခရီးရောက်မည် မထင်ပါ။ အရေးအကြီးဆုံးနှစ်ချက်မှာ တောင်သူ၏ အကျိုးအမြတ်ကို အမှန်လိုလားပါလျှင် ပြည်တွင်းရောင်းဝယ်သည့်ဈေးနှုန်းကိုသာကြည့်ရမည်မဟုတ်ဘဲ တောင်သူများရသည့် profit margin ကိုသာ အဓိကကြည့်ရန် လိုအပ်ပါသည်။ ထို့အပြင် ဆက်နွယ်နေသော တစ်ဧက အထွက်နှုန်းကောင်းရေးသည်လည်း တစ်ဧက ကုန်ကျစရိတ်နှင့် ပြောင်းပြန်အချိုးကျနေသဖြင့် အထွက်နှုန်းကောင်းလေလေ၊ တောင်သူအတွက် အကျိုးအမြတ်များလေလေဖြစ်လာပါမည်။ ပြည်တွင်းဈေးနှုန်းလည်းတက်မည် မဟုတ်ပါ။ မြန်မာနိုင်ငံ၏ ပဲလောကတွင် ပြည်တွင်းဈေးကြီးမြင့်မှုသည် ရောင်းဝယ်ရခက်ခဲသည့် အဓိကအချက်တွင် ပါဝင်နေပြီး၊ Tran-Saction များပြားသဖြင့် Transaction Cost လည်း များပြားသည်ကို တွေ့မြင်နေရပါသည်။ အလားတူပင် ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခနှင့် သိုလှောင်ခစရိတ်များကြီးမြင့်မှုကြောင့် Logistic Cost လည်း များကာ ပြည်တွင်းဈေးနှုန်း မြင့်တက်မှု၏ ဒုတိယအကြောင်းတရားဖြစ်ပေါ်ပါသည်။ ယင်း Production Cost, Transaction Cost and Logistic Cost သုံးမျိုးကိုသာ ထိန်းသိမ်းနိုင်ပါက ဈေးနှုန်းပိုင်းနှင့် တောင်သူအကျိုးအမြတ်ပိုင်းတွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်သဖြင့် ဈေးကွက်နေရာလိုချင်ပါက ယှဉ်ပြိုင်နိုင်ရမည်၊ အရည်အသွေးကောင်းရမည်၊ ဈေးသက်သာရမည်၊ အလေ့အကျင့်ကောင်းများကို ပိုင်ဆိုင်ရမည်ဟု ဆိုချင်ပါသည် ခင်ဗျား။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အရန်သိုလှောင်ထားသည့် ပဲမျိုးစုံတန်ချိန် ၁၈ သိန်းအား ဖြန့်ဖြူးရောင်းချရန် အိန္ဒိယအစိုးရကစီစဉ်

အိန္ဒိယနိုင်ငံ၌ အရန်သိုလှောင်ထားသည့် ပဲတန်ချိန် ၁၈ သိန်းအား ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လိုအပ်သည်များအား ဆောင်ရွက်ရန် NCCF အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများအား တိုက်တွန်းပြောကြားထားကြောင်း စားနပ်ရိက္ခာဝန်ကြီး Ram Vilas Paswan က စက်တင်ဘာ ၂၀ ရက်၌ ပြောကြားခဲ့သည်။

ထို့ပြင်လက်ရှိရာသီတွင် ပဲမျိုးစုံဈေးနှုန်းမှာ သတ်မှတ်ထားသည့် MSP ဈေးနှုန်းအောက်ကျဆင်းပါက အစိုးရကဝယ်ယူပေးမည်ဖြစ်ကြောင်း၊ အိန္ဒိယအစိုးရသည် ပဲစိုက်တောင်သူများအတွက် ပိုမိုကောင်းမွန်သည့်ဈေးနှုန်းရရှိစေရန်နှင့် ပြည်တွင်း၌ဈေးနှုန်းမြင့်တက်လာချိန်တွင် ဈေးနှုန်းထိန်းညှိနိုင်ရေး ထောက်ပံ့ရောင်းချရန်တို့အတွက် အရန်ပဲသိုလှောင်ရန် ပြီးခဲ့သည့်နှစ်က ပထမဆုံးအကြိမ်ဆုံးဖြတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ အရန်ပဲတန်ချိန် သိန်း ၂၀ ခန့်ကို ပြည်တွင်းမှဝယ်ယူခြင်း၊ ပြည်ပမှတင်သွင်းခြင်းတို့ဖြင့် ဖြည့်ဆည်းထားခဲ့ကြောင်း၊ လက်ရှိတွင် အရန်ပဲတန်ချိန် ၁၈ သိန်းကျန်ရှိနေသေးကြောင်း၊ ပဲများမှာ ကာလတိုအတွင်းသာ သိုလှောင်ထားနိုင်သည့်အတွက် အဆိုပါပဲများအား အမြန်ဆုံးထုတ်ရောင်းရန် စီစဉ်နေကြောင်း သိရှိရပါသည်။

လက်ရှိကာလအထိ အိန္ဒိယအစိုးရအနေဖြင့် အရန်ပဲအချို့အား ကုန်သည်များထံသို့ လေလံစနစ်ဖြင့် ရောင်းချထားပြီးဖြစ်သော်လည်း ရောင်းချမှုပမာဏမှာ မြင့်တက်လာခြင်းမရှိကြောင်း သို့ဖြစ်၍ အဆိုပါပဲများအား အခြားနည်းလမ်းများဖြင့် ရောင်းချရန်ကိုလည်း စားနပ်ရိက္ခာဝန်ကြီးဌာနက ကြိုးစားနေကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ အရန်ပဲများသိုလှောင်ထားခြင်းနှင့် MSP ဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် ပဲစိုက်ပျိုးသည့်တောင်သူများ၏ စိုက်ပျိုးလိုစိတ်များလျော့ကျစေခဲ့သည့်အတွက် ၂၀၁၇-၁၈ သီးနှံရာသီ၌ ပဲအမျိုးမျိုးစိုက်ဧကမှာ ယခင်နှစ်များအောက် လျော့နည်းလာခဲ့ကြောင်း၊ သို့ရာတွင် တောင်သူများအတွက် ဈေးနှုန်းပိုမိုကောင်းမွန်လာစေရန်အတွက် အိန္ဒိယအစိုးရသည် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းခွင့်ကို ကန့်သတ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ၌ ၂၀၁၆-၁၇ သီးနှံရာသီတွင် မုတ်သုံမိုးကောင်းမွန်ခဲ့သည့်အတွက် ပဲမျိုးစုံတန်ချိန် ၂၂ ဒသမ ၉၅ သန်းအထိ စံချိန်တင်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ယခုနှစ်မိုးသီးနှံရာသီတွင် အိန္ဒိယနိုင်ငံ၏ အစေ့အဆန် ထုတ်လုပ်မှုပမာဏ ၂ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် ယခုနှစ်မိုးသီးနှံ ရာသီ၌ အချို့ဒေသများတွင် မိုးနည်းပြီး အချို့ဒေသများ၌ ရေလွှမ်းမိုးခြင်းတို့ကြောင့် အစေ့အဆန် ထုတ်လုပ်နိုင်မှုပမာဏမှာ ယခင်နှစ်ထက်တန်ချိန် ၃ ဒသမ ၅ သန်းလျော့နည်းကျဆင်းနိုင်ဖွယ်ရှိသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ မိုးသီးနှံများကို ဇူလိုင်လဝန်းကျင်တွင် စိုက်ပျိုးလေ့ရှိပြီး အောက်တိုဘာလတွင် စတင်ရိတ်သိမ်းလေ့ရှိကြောင်း၊ ၂၀၁၆-၁၇ မိုးသီးနှံ ရာသီတွင်မူ မုတ်သုံမိုးကောင်းမွန်သည့်အတွက် ၎င်းရာသီ၌ အစေ့အဆန်ထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၁၃၈ ဒသမ ၅၂ သန်းအထိ စံချိန်တင်နိုင်ခဲ့ကြောင်း၊ ၂၀၁၇-၁၈ မိုးသီးနှံရာသီအတွက်မူ တန်ချိန် ၁၃၅ သန်းဝန်းကျင်သာထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိ ရပါသည်။

ယခုနှစ်ရာသီ၌ ထုတ်လုပ်မှုပမာဏ ကျဆင်းနိုင်ခြင်း၏ အဓိက အကြောင်းအရင်းမှာ စပါးနှင့် ပဲအမျိုးမျိုးစိုက်ဧက ကျဆင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသအချို့တွင် မိုးနည်းရုံသာမက ပြည်တွင်း၌ ပဲနီလေး ဈေးနှုန်းများမှာလည်း ငြိမ်နေသည့်အတွက်ကြောင့်ဖြစ်သည်ဟုဆိုသည်။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံတွင် အဓိကကျသည့် သီးနှံများ၏ ခန့်မှန်းထုတ်လုပ်မှုပမာဏအနေဖြင့် ဆန်ထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်ရာသီ၌ ၉၆ ဒသမ ၃၆ သန်းမှ ယခုနှစ်တွင် ၉၅ သန်းဝန်းကျင်သို့ ကျဆင်းမည်ဟု ခန့်မှန်းကြောင်း၊ ပဲထုတ်လုပ်မှု ပမာဏမှာလည်း ယခင်နှစ်ထက် အနည်းငယ်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ ပြောင်းဆန်ထုတ်လုပ်မှုပမာဏမှာမူ ပုံမှန်အနေအထားသာရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။

သို့ရာတွင် ယခုခန့်မှန်းချက်မှာ ကနဦးခန့်မှန်းချက်သာဖြစ်ပြီး ရေလွှမ်းမိုးမှုဒဏ်ခံရသည့် ဒေသများတွင် တောင်သူလယ်သမားများက ရေကျချိန်၌ ထပ်မံစိုက်ပျိုးမှုများလည်းရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ထပ်မံစိုက်ပျိုးသည့် အချက်အလက်များရရှိပါက ထုတ်လုပ်မှုပမာဏ တိုးတက်လာနိုင်ဖွယ်ရှိသည်ဟုလည်း ပြောကြားခဲ့သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွဲဆောင်မှုမက်လုံးများ အတည်ပြု

ထိုင်းနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်အတွက် ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထူးဆွဲဆောင်မှုမက်လုံးများကို ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က အတည်ပြုပေးခဲ့ပါသည်။

ယခုကဲ့သို့ စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထူးအခွင့်အရေးများပေး၍ ဆွဲဆောင်မှုပြုလုပ်ခြင်းသည် စိုက်ပျိုးထုတ်လုပ်မှုကို သတင်းအချက်အလက်များထောက်ပံ့ပေး၍ စိုက်ပျိုးရေးကဏ္ဍကို တွန်းအားပေးခြင်းဖြစ်ကြောင်း၊ မိရိုးဖလာစိုက်ပျိုးရေးကို ခေတ်မီကဏ္ဍတစ်ခုဖြစ်လာရန်အတွက် အထောက်အကူပြုမည့် သတင်းအချက်အလက်နည်းပညာလုပ်ငန်းများနှင့် စိုက်ပျိုးရေးဒီဇိုင်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထူးအခွင့်အရေးများ ပါဝင်ကြောင်း၊ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးနှံအရည်အသွေးဆိုင်ရာ GAP (Good Agricultural Practice) နှင့် ISO 22000 Food Safety Management System Certification စသည့် အပြည်ပြည်ဆိုင်ရာအဆင့်အတန်း သတ်မှတ်ချက်ရရှိရေး လုပ်ငန်းများလည်း အကျုံးဝင်ကြောင်း ထိုင်းရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် HiranyaSujinai က ပြောကြားခဲ့ပါသည်။

စိုက်ပျိုးရေးစက်ပစ္စည်းနှင့် အလိုလျောက် ကိရိယာတန်ဆာပလာပစ္စည်းများ၌ ရင်းနှီးမြှုပ်နှံပါကလည်း အခွန်ကင်းလွတ်ခွင့်ပေးထားကြောင်း တွေ့ရှိရပါသည်။ မိရိုးဖလာစိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်မှုကိုအဆင့်မြှင့်တင်ရာ၌ အထောက်အကူပြုမည့် နည်းပညာလုပ်ငန်းများကိုလုပ်ကိုင်ပါက ငါးနှစ်အထိ အမြတ်ခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။ စိုက်ပျိုးမှုစနစ်နှင့် စိုက်ပျိုးရေးထွက်ကုန်များအား အပြည်ပြည်ဆိုင်ရာအဆင့်အတန်း သတ်မှတ်ချက်ရရှိရေးလုပ်ကိုင်သည့် လုပ်ငန်းများကိုလည်း အမြတ်ခွန်ကင်းလွတ်ခွင့် သုံးနှစ်ပေးထားပါကြောင်း၊ သိပ္ပံပညာ၊ နည်းပညာနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်မှုကို အားပေးရန်အတွက် အမြတ်ခွန် ကင်းလွတ်ခွင့်ကို ရှစ်နှစ်ပေးထားကြောင်းတွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အိန္ဒိယအစိုးရက ရွှေတင်သွင်းမှုကန့်သတ်ခြင်းကို တောင်ကိုရီးယားနိုင်ငံက ကန့်ကွက်

တောင်ကိုရီးယားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ရွှေတင်သွင်းမှုကို ကန့်သတ်လိုက်သည့်အပေါ် တောင်ကိုရီးယားအစိုးရက ကန့်ကွက်လိုက်ပြီး ယင်းတားမြစ်ချက်သည် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း မရှိကြောင်း၊ အိန္ဒိယအနေဖြင့် ရွှေတင်သွင်းမှု ပိတ်ပင်ရန်အတွက် ယခုကဲ့သို့ တစ်ဖက်သတ် ဆုံးဖြတ်ချက် ချမှတ်မည့်အစား နှစ်နိုင်ငံတာဝန်ရှိသူများအကြား ဦးစွာ ဆွေးနွေးညှိနှိုင်းသင့်သည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံတွင် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း တောင်ကိုရီးယားနိုင်ငံမှ ရွှေတင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ခန့်သို့ အဆမတန်မြင့်တက်လာခဲ့ရာ တောင်ကိုရီးယားမှ ရွှေတင်သွင်းမှုအားလုံးကို ကန့်သတ်ကုန်စည်အမျိုးအစားအောက်သို့ အိန္ဒိယအစိုးရက ထည့်သွင်းလိုက်ပြီး ရွှေတင်သွင်းသူများအနေဖြင့် ပြည်တွင်းသို့ ရွှေတင်သွင်းခြင်းမပြုမီ အစိုးရထံမှ ကြိုတင်ခွင့်ပြုချက် ရယူရမည်ဟု ဩဂုတ် ၂၅ ရက်တွင် ထုတ်ပြန်သတ်မှတ်ခဲ့သည်။

လာမည့် ရက်သတ္တပတ်အတွင်း အိန္ဒိယ-တောင်ကိုရီးယား လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် စာချုပ်အား ပြန်လည်သုံးသပ်မည့် ဝန်ကြီးအဆင့်အစည်းအဝေးကို ဆိုးလ်မြို့၌ ပြုလုပ်မည်ဖြစ်ရာ ယင်းအစည်းအဝေး မတိုင်မီ ကန့်ကွက်ချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ အိန္ဒိယဘက်ကမူ တောင်ကိုရီးယားနိုင်ငံမှာ ရွှေထုတ်လုပ်သည့်နိုင်ငံ မဟုတ်ဘဲ သွင်းကုန်ခွန်တိမ်းရှောင်ရန်အတွက်သာ အသုံးပြုခြင်းခံနေရသည့်အတွက် ၎င်းတို့၏ လုပ်ဆောင်ချက်မှာ တရားမျှတမှုရှိသည်ဟု အကြောင်းပြချက်ပေးထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ GST စနစ်မတိုင်မီက ရွှေတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းနှင့် Countervailing duty ၁၂ ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်ရပြီး GST စနစ်အရ Countervailing duty ၁၂ ဒသမ ၅ ရာခိုင်နှုန်းအစား GST ခွန် သုံးရာခိုင်နှုန်းဖြင့် အစားထိုးလိုက်ကြောင်း၊ သို့ဖြစ်၍ FTA လမ်းကြောင်းမှ တင်သွင်းသူများမှာ သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းကင်းလွတ်ခွင့်ရရှိပြီး GST ခွန်သုံးရာခိုင်နှုန်းသာ ပေးဆောင်ရမည်ဖြစ်သည့်အတွက် FTA စာချုပ်ချုပ်ဆိုထားသည့်နိုင်ငံများမှတစ်ဆင့် ရွှေတင်သွင်းရန်ဆွဲဆောင်မှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၉–၉–၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးထပ်မံကျနေသော်လည်း အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျနေပေမယ့် အရောင်းအဝယ်ကောင်းနေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်း တစ်ပိဿာ ကျပ် ၅၂၀ မှ ယခုတစ်ပတ်မှာတော့ ကျပ် ၄၈၀ (တစ်တန် ကျပ် ၂၉၃၉၄၀) ထိ ဈေးကျဆင်းခဲ့သော်လည်း အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၃၂၄၂၆၀၀ရှိခဲ့ရာက ယခုတစ်ပတ်မှာ ၃၇၅၄၃၉၁ ပိဿာထိရှိခဲ့တာကြောင့် အရောင်းအဝယ်လည်း သွက်ခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာ ၃၀ ကျပ်ရှိပြီး အနည်းငယ်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေပြီး ပဲတီစိမ်းလုံးကြီး ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းလုံးကြီးဈေးထပ်မြင့်တက်နေပြီး မတ်ပဲဈေးကတော့ တည်ငြိမ်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၄၄၇ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၂၆ကျပ် (တစ်တန်ကျပ် ၉၃၄၅၀၀) အထိ ဈေးတက်ခဲ့ပါတယ်။ မန္တလေးဝယ်လက်က ပဲတီစိမ်းလုံးကြီးကို ဝယ်ယူနေပေမယ့် အရောင်းအဝယ်ဖြစ်မှုတော့ နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၁၀၀၀(တစ်တန်ကျပ် ၆၁၂၃၉၀) နဲ့ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ မြို့ခံပဲခွဲစက်များက မတ်ပဲကို ဝယ်ယူနေကြပေမယ့်လည်း အရောင်းအဝယ်ဖြစ်မှုကတော့ နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၆၅၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၆၄၀ (တစ်တန်ကျပ် ၃၉၁၉၃၀) ထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ ဝယ်ရောင်းကုန်သည်များက အရည်အသွေးကောင်းကို လိုချင်ကြလို့ အရောင်းအဝယ် နည်းခဲ့ကြောင်း သိရပါတယ်။ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၃၆၇ကျပ် ရှိရာမှ ယခုတစ်ပတ်တော့ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ကျပ် ၁၄၂၈၇၀၀)ထိ ဈေးပြန်ကျခဲ့ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ဒါ့အပြင် မန္တလေးဝယ်လက်တွေက တစ်ပိဿာ ၂၁၂၇ကျပ် (တစ်တန် ကျပ် ၁၃၀၂၅၅၀) ဈေးရှိတဲ့ ယောနှမ်းဝါကို အများအပြားဝယ်ယူခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲဈေးများကျဆင်းလာသလို အစေ့ထုတ်ပြောင်းဈေးပါ အနည်းငယ်ကျဆင်း

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်း (အညာရွှေဝါ)၊ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျနေကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၀၁၇ကျပ် ပေါက်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၆၇ ကျပ် (တစ်တန်ကျပ် ၅၉၂၁၈၀) နဲ့ ဈေးကျခဲ့သလို ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၅၀ကျပ်မှ ၇၀၀ကျပ်ထိ ရှိခဲ့ရာမှ ယခုတစ်ပတ် မှာ တစ်ပိဿာ ၆၃၃ ကျပ်(တစ်တန်ကျပ် ၃၈၇၆၄၀)ထိ ဈေးကျ ခဲ့သလို အရောင်းအဝယ်လည်း အေးနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာ) ရွှေဝါ တစ်ပိဿာ ၁၆၈၉ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၆၀၀ကျပ် (တစ်တန်ကျပ် ၉၇၉၈၂၀) အထိ ဈေးပြန်ကျခဲ့ပါတယ်။ ပဲတီစိမ်း (အညာ)ရွှေဝါကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်တင်ပို့သူများက ဝယ်လိုအားနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၈၂၂ (တစ်တန်ကျပ် ၁၇၂၈၁၆၀) နဲ့ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ဒါပေမယ့် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၅၅၆ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၄၄ကျပ် (တစ်တန်ကျပ် ၁၄၉၆၆၈၀) အထိ ဈေးပြန်ကျခဲ့ပြီး တစ်ရက်ကို နှမ်းရောင်စုံ အိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေပေမယ့် နှမ်းဖြူကတော့ အရောင်းအဝယ်နည်းနေကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းဈေးလည်း ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၅၄၆ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၄၄ ကျပ် (တစ်တန် ကျပ် ၂၇၁၉၀၀)အထိ ဈေးကျခဲ့ပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးတက်သော်လည်း မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးပြန်ကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးတက်သော်လည်း မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၃၇၀ကျပ်နဲ့ ဈေးကောင်းခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၄၅၀ ကျပ် (တစ်တန်ကျပ် ၈၈၇၉၆၀) အထိ ဈေးထပ်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၉၂၅ကျပ်(တစ်တန်ကျပ် ၅၆၆၄၆၀) အထိ ဈေးကျခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၆၅၀ နဲ့ အရောင်းအဝယ်ဖြစ် ခဲ့ရာက ယခုတစ်ပတ်မှာတော့တစ်ပိဿာ ၆၃၅ကျပ် (တစ်တန် ကျပ် ၃၈၈၈၆၀) အထိ ဈေးပြန်ကျခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ နှမ်းနက်စမုံ တစ်ပိဿာ ၂၆၉၀ကျပ် (တစ်တန် ၁၆၄၇၃၃၀ကျပ်)၊ နှမ်းဖြူထိပ်စ တစ်ပိဿာ ကျပ် ၂၅၅၅ (တစ်တန် ကျပ် ၁၅၆၄၆၅၀)၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၆၇၀ကျပ် (တစ်တန် ကျပ် ၁၆၃၅၀၈၀)၊ နှမ်းနီ တစ်ပိဿာ ၂၂၇၀ ကျပ် (တစ်တန် ကျပ်၁၃၉၀၁၂၀)နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်း ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန်နဲ့ ပဲတီစိမ်း(သစ်) ဈေး ပြန်ကျဆင်းလာ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန်နဲ့ ပဲတီစိမ်း(အသစ်)ကတော့ ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန်တစ်ပိဿာကို ကျပ် ၂၄၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ဈေးပြန်ကျကာ တစ်ပိသာ ၂၃၂၅ကျပ်(တစ်တန်ကျပ် ၁၄၂၃၈၀၀) ထိဖြစ်ခဲ့ပါတယ်။ ကုလားပဲဟော်လန်ကို မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲတီစိမ်း (အသစ်)ကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာ ကျပ် ၁၅၀၀အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခု တစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၂၅ကျပ် (တစ်တန် ကျပ် ၈၇၂၆၅၀) အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ဈေးကွက်ထဲ အဝင်နည်းနေတဲ့ ပဲတီစိမ်းအသစ်ကို ရောင်းလိုအားနည်းနေတာကြောင့်လည်း အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် နှမ်းနီနဲ့နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန် ကျပ် ၁၂၉၂၁၄၀) နဲ့ ဆက်ရှိနေခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၇၅၅ ကျပ် (တစ်တန် ကျပ်၁၆၈၇၁၃၀) နဲ့ ဈေးမြင့်တက်နေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးပြန်ကျခဲ့ပြီး တစ်ပိဿာ ကျပ် ၂၇၁၀ (တစ်တန် ကျပ် ၁၆၅၉၅၇၀) ရှိခဲ့ကြောင်း သိရပါတယ်။ မန္တလေးဝယ်လက်က သိပ္ပံနှမ်းနက်ကို ဝယ်ယူမှုနည်းသော်လည်း နှမ်းနက်ကိုတော့ ဝယ်လိုအားများခဲ့ပါတယ်။နှမ်းနီကို မြို့ခံဆီစက်လုပ်ငန်းရှင်များက ဝယ်ယူမှုနည်းခဲ့တာကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(သေး)နဲ့ ပဲစင်းငုံနီဈေး အနည်းငယ်ကျလာ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(လုံးသေး) နဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၆၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၆၂၅ကျပ် (တစ်တန် ကျပ်၃၈၂၇၄၀) အထိ ဈေးကျခဲ့ပေမယ့် ရန်ကုန်ဝယ်လက်နဲ့ ပွဲရုံတွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၅၈၀ထိ ဈေးကောင်းခဲ့တဲ့ ပဲတီစိမ်း (လုံးသေး)ကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၅၅ကျပ်(တစ်တန်ကျပ် ၉၅၂၂၆၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ နယ်အဝင်များနေတဲ့ ပဲတီစိမ်း (လုံးသေး)ကို ရန်ကုန်ဝယ်လက်သိပ်မရှိပေမယ့်လည်း အရောင်းအဝယ်တော့ ပုံမှန်ဖြစ်ခဲ့ပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်ကျလာ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ FAQ (RC)၊ မတ်ပဲ SQ(RC) နဲ့ ပဲစင်းငုံနီတို့ ဈေးပြန်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၆၅၀၀၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၅၃၆၀၀၀အထိ၊ မတ်ပဲ SQ(RC) ကလည်း ယခင် တစ်ပတ်က တစ်တန် ကျပ် ၇၄၇၀၀၀ အထိရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၇၀၆၀၀၀ ထိ ဈေးပြန်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၄၂၇၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၀၈၀၀၀ နဲ့ဈေးပြန်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခု တစ်ပတ်မှာ မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၂၉၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၄၁၀၀၀၊ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၁၉၀၀၀ စသည်ဖြင့် ဈေးအကျကြမ်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ ဈေးအနည်းငယ်ကျပြီး အစေ့ထုတ်ပြောင်း ကုန်ပစ္စည်းပြတ်လပ်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ် ပြန်လည်ကျဆင်းခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၉၇၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၉၁၅ ကျပ် (တစ်တန် ကျပ်၅၆၀၃၃၀) အထိ ဈေး ကျဆင်းလာခဲ့သလို ယခုတစ်ပတ်အတွင်း ခြောက်ရက်ဆက်တိုက် ဈေးကျဆင်းကာ ရောင်းလိုအားများလာပြီး ရန်ကုန်ဝယ်လက်သာမက ဒေသတွင်း ဝယ်ရောင်းကုန်သည်များကပါ ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း ကုန်ပစ္စည်းမရှိတော့လို့ အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရပါတယ်။

××××××××××××××××

# ခွန်အားပြည့်ဖြိုး အင်အားတိုးဖို့ မြန်မာတစ်နိုင်ငံလုံး "ပဲ" စားသုံးကြစို့

**မြင့်ဦး(ပခုက္ကူ)**



တစ်ရက်မှာ ပျင်းပျင်းရှိလို့ ဆိုရှယ်လူမှုကွန်ရက်ဖွင့်ကြည့်မိပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာ ပဲစင်းငုံလျှော်တစ်ထုပ် ကျပ် ၁၅၀၀ နဲ့ရပြီဆိုတာ အကျဉ်းဖတ်လိုက်ရပါတယ်။ နောက်သုံးလေးရက်အကြာမှာ နေ့ခင်းလက်ဖက်ရည်ဆိုင်ထိုင်တော့ ကိုယ်နဲ့ ရင်းနှီးတဲ့ ပွဲစားတစ်ယောက် ဖန်ပုလင်းကြီးကိုင်လို့ လာပါတယ်။ စားပွဲမှာ ဝင်ထိုင်ရင်း "စားဗျာ မန္တလေးကို ပဲစင်းငုံလျှော်လှမ်းမှာထားတာ။ ဘယ်လောက်ပေးရလဲ။ တစ်ပြည် ကျပ် ၁၅၀၀ ဘာအရေးလဲ ဝယ်သူမရှိ လျှော်စားမယ်၊ ချက်စားမယ်၊ စားတတ်သလိုလုပ်စားမယ်။ လူဆိုတာဝံ့သာလို့ဝံ့နေတာပါဗျာ။ မြန်မာစကားပုံရှိတယ်လေ မျက်စေ့အကျင့် ဝမ်းအချင့်ပါဗျ။ ကျုပ်တို့ ဒီလောက်မညံ့ပါဘူး။

တစ်ခါ ဒီလအတွက် စားသုံးသူအကာအကွယ်ပေးရေးပေါက်၊ ဆော၊ ကျောက်ထုဘက် မိုးထဲလေထဲထွက်ရင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြီးနောက် တောင်သူတွေနဲ့ တွေ့ဆုံပြီး ကုန်သွယ်မှုနဲ့ပတ်သက်လို့ အိန္ဒိယနိုင်ငံက ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲတင်သွင်းမှုကို အကန့်အသတ်ပြုလုပ်ကြောင်း ကြားသလား သိသလားလို့ မေးကြည့်ပါတယ်။ ဂဃနဏတော့မသိပါဘူး။ မဝယ်ရင်ဘာဖြစ်မှာလဲလို့ မေးမြန်းကြပါတယ်။ ကျွန်တော်ပြန်ပြောတယ်။ စိုက်ပျိုးထွက်ရှိ စားသုံးပိုလျှံတာတွေ မဝယ်ရင် ပြည်တွင်းမှာ လက်ကျန်တွေများနေမယ်။ စာလိုပြောရင် ကြာပါတယ်ဗျာ။ မရောင်းရလို့ ကျန်ရင် ပြည်တွင်းမှာ ဘယ်လိုသုံးမလဲ စားမလဲပေါ့။ ဒီတော့ယောသူယောသား တွေကပြောပါတယ်။သူရို့မဝယ်ရင် ဘာဖြစ်လဲ ဆရာရယ် အကျွန် (ကျွန်မ)တို့ ပဲရော်မှာ ပြုတ်စားမယ်။ ပဲခြောက်သွားရင် နူးအောင်ရေစိမ် ဒါမှမဟုတ် ပြုတ်ပြီး ဝက်ကျွေးမယ်၊ နွားကျွေးမယ် မစိုးရိမ်ပါဘူး ဆရာရယ်တဲ့။

ဒီနေရာမှာ စဉ်းစားဖို့လိုတယ်။ ကျွန်တော်တို့မြန်မာစကားပုံ တစ်ခုရှိတယ်။ ဟိုကွေ့ ဟိုတက်နဲ့ လျှော်မယ် ဒီကွေ့ ဒီတက်နဲ့ လျှော်မယ်၊ နောက်ဆုံးတက်ကျိုးရင် လက်ထိုးလျှော်မယ်ဆိုတာပါ။ ဝံ့သာလို့ ဝံ့တယ်။ ဖြစ်လို့နေတယ် မဖြစ်ရင်တော့ ဖြစ်အောင်လုပ်တတ်တာ မြန်မာတို့ရဲ့ကောင်းသောအကျင့်စိတ်ဓာတ်တစ်မျိုးပါ။ ယခုလက်ရှိ အနေအထားမှာ မန္တလေးဘက်က ပဲစင်းငုံလျှော် တစ်ပြည်ကို ကျပ် ၁၅၀၀ နဲ့ရောင်းတယ်။ တစ်တင်းကို ၁၆ ပြည်။ တွက်ကြည့်ရင် တစ်တင်းကို ကျပ် ၂၄၀၀၀ လောက်ရတယ်။ လူတွေများများစားတတ်လို့ အရောင်းအဝယ်သွက်ရင် ရောင်းရရင် ယခုပခုက္ကူကုန်စည်ဒိုင်ပေါက်ဈေး တစ်တင်း ကျပ် ၁၃၃၀၀ ထက်တော့ကိုက်တာပဲမဟုတ်ပါလား။

မြန်မာနဲ့ပဲ၊ ပဲနဲ့မြန်မာဟာ ခွဲခြားလို့ရတဲ့အရာ မဟုတ်ပါဘူး။ စားနေကျမလေ့မရှိတာ၊ အကျင့်မရှိလို့ မစားတာကလွဲရင် ပဲနဲ့ မြန်မာဟာ ခွဲခြားလို့မရပါဘူး။ ငယ်ငယ်တုန်းကသင်ခဲ့တဲ့ စာတစ်ခု သွားသတိရပါတယ်။ မြန်မာစာဆိုလောကရဲ့ အထင်ကရစာဆိုနှစ်ဦးပါ။ တစ်ယောက်က အခံဖွဲ့ရင် တစ်ယောက်ကအအုပ်လိုက်တယ်လို့ သိရပါတယ်။ ဖိုးသူတော်ဦးမင်းနဲ့ လူဦးမင်းပါ။ ဘုရင့်ထံပါး ခစားရတဲ့ စာဆိုတော်တွေပါ။တစ်ရက်တော့ လသာတဲ့ ညတစ်ညနန်းတော်လေသာပြတင်းမှာ ဘုရင်နဲ့မိဖုရားကြီး ရေနွေးကြမ်းသုံးဆောင်တော်မူကြတယ်။ သူကြီးမရှိတော့ ရွာဆူ၊ အမြည်းမရှိတော့ အာပူဆိုတဲ့အတိုင်း ရေနွေးအမြည်းထဲမှာ ပဲပြုတ်သုပ်လည်းပါမှာပေါ့။ ဘုရင်နဲ့ မိဖုရားလည်း ရေနွေးကြမ်းသုံးဆောင် ပဲပြုတ်သုပ်စား၊ အနားမှာလည်း ကိုယ်လုပ်တော်မောင်းမတွေ အခြံအရံနဲ့ပေါ့။ ဖိုးသူတော် ဦးမင်းနဲ့ လူဦးမင်းလည်း ခစားရတာပေါ့။ မိဖုရားကြီးကလား၊ ဘုရင်ကြီးကလား ပဲပြုတ်သုံးဆောင်တော်မူရင်း ပဲပြုတ်သုပ်က ကောင်းလိုက်တာ ဆိမ့်နေတာပဲလို့ မိန့်ကြားတော်မူပါတယ်။ ဒါကို ဘုရင်ကြီးက ဖိုးသူတော်ဦးမင်းနဲ့ လူဦးမင်းကို အခံနဲ့အအုပ် စာစပ်ဆို ရွှေနားတော်သွင်းစေဆိုတော့ တစ်ဦးကစပြီးစပ်ဆိုပါတယ်။

"ပဲကလေးက ဆိမ့်လိုက်တာ ပြောစရာမရှိဘူး"လို့ စာခံစပ်ဆိုပါတယ်။ ဒီတော့ကျန်တဲ့တစ်ဦးက အအုပ်ဆွဲရာမှာ "ညအခါလသာသာ ကိုယ်တော်သုံးတယ် လေပုံးကမြူး"လို့ စာပြန်အုပ်ပါတယ်။ လေပုံးဆိုတာက လေလည်တာကို ဆိုလိုတာပါ။ အဲဒီမှာ ဘုရင်ရော မိဖုရားကြီးရော ကျန်ခစားတဲ့သူတွေရော သဘောကျရယ်ကြတယ်။ ဖိုးသူတော်ဦးမင်းနဲ့ လူဦးမင်းကို မောင်မင်းတို့ ကြံကြံဖန်ဖန် စပ်တတ်ပလေတယ်ကွယ်လို့ ရယ်တော်မူရင်း ဆုတော်လာဘ်တော် ချတယ်ဆိုတာလေးကိုပါ။ ဘုရင်နဲ့မိဖုရား ဘုန်းပေးတော်မူတဲ့ ပဲဟာ ဘာပဲလဲ တော့ မသိရပါ။ ကဗျာစာအုပ်မှာ လေပုံး ကမြူးတယ်ဆိုတာပါလေတော့ ကောင်းကောင်းလေလည်တဲ့ သဘောရှိပါတယ်။ ပဲစင်းငုံအရော် (မရင့်ခင်အသီးအရှိ)ကို ပြုတ်ကြော်စားရင် ကိုယ်ဖောကိုယ်ရောင်ကျတယ်၊ ကျန်းမာရေးကောင်းတယ်။ ခွန်အားကိုပြည့်ဖြိုးစေတယ်၊ လေကိုသက်စေတယ်ဆိုတာ သိရပါတယ်။ ဒါဟာကျွန်တော်သိတဲ့ အရပ်အသိ တကယ့်ပညာရှင်တွေ သုတေသနပြုထားတာမှာတော့ ပဲစင်းငုံတွင်ပါဝင်သော အာဟာရဓာတ်များမှာ ကယ်လိုရီဓာတ် ၃၅၁ ဂရမ်၊ ပရိုတင်းဓာတ် ၂၂ ဒသမ ၂ ဂရမ်၊ အဆီဓာတ် ၁ ဒသမ ၅ ဂရမ်၊ ကစီဓာတ် ၆၂ ဒသမ ၃ဂရမ်၊ ထုံးဓာတ် ၁၁၂ မီလီဂရမ်၊ သံဓာတ် ၅ ဒသမ ၂ မီလီဂရမ်၊ ဗီတာမင်ဘီ(၁)ဓာတ် ၈၈ မီလီဂရမ်၊ ဗီတာမင်ဘီ(၂) ဓာတ် သုည ဒသမ ၃၆ မီလီဂရမ်၊ နိုင်ယာခင်ဓာတ် သုည ဒသမ ၃၁ မီလီဂရမ်၊ ဗီတာမင်စီဓာတ် ၂ ဒသမ ၂ မီလီဂရမ်ဆိုတဲ့ အာဟာရဓာတ်တွေပါဝင်နေပါတယ်။ သက်ဆိုင်ရာ ပညာရှင်များက ဘယ်ဓာတ်ဟာ ဘယ်လိုအကျိုးပြုတယ်။ ဘယ်လိုကောင်းတယ်ဆိုတာကို မြန်မာမှုပြုပြီး လူအများသိအောင် နားလည်အောင် ဆောင်ရွက်ကြစေလိုပါတယ်။ ဒါမှ ပြည်သူအများ ဒါကိုစားရင် ဒီဓာတ်တွေ ကြွယ်ဝပြည့်ဝစေတယ်။ ကောင်းကျိုးပြုတယ်ဆိုတာ သိတော့ ပိုမိုစားသုံးကြမှာဖြစ်ပါတယ်။ တစ်ခါ ပဲစင်းငုံသီးနှံ

| | |
|---|---|
| **မြန်မာအမည်** | **ပဲစင်းငုံ** |
| **အင်္ဂလိပ်အမည်** | **TOOR WHOLE, PIGEON PEA, CONGO PEA, NOEYE PEA** |
| **အိန္ဒိယအမည်** | **ARHAR** |
| **သိပ္ပံအမည်** | **Cajanus Indicues, Spreng, Canjanus Linn** |

ဆိုတာမျိုးက ကိုယ့်ဒေသမှာ သီးညှပ်စိုက်တာပါ။ ရာခိုင်နှုန်းတော်တော်များများဟာ သီးညှပ်စိုက်တာမျိုးပါ။ ယောဒေသ တောင်ကုန်းနေရာတွေမှာတော့ သီးသန့်စူးထိုး စိုက်တာမျိုးလည်းလေ့လာဖူးပါတယ်။ အခြားသီးနှံ စိုက်မရတဲ့ တောင်ကုန်းတောင်စောင်းတွေမှာတော့ ပဲစင်းငုံတစ်မျိုးတည်းသီးသန့်စိုက်တာပါ။ များသောအားဖြင့် နှမ်းခင်း၊ မြေပဲခင်း၊ ပဲတီစိမ်းခင်းတွေထဲမှာ ထွန်တစ်ပြန်ထွန်(၆)သွားကြား(၄)သွားကြားစိုက်တာကို လေ့လာရပါတယ်။ ဂျာနယ်တစ်စောင်မှာ ပဲစင်းငုံတစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် ခုနစ်သိန်းကျော်ကုန်တယ်လို့ သတင်းသမားတစ်ဦး ရေးထားတာဖတ်ရပါတယ်။ ကျွန်တော့သဘောအရတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ သုံးသပ်ပါတယ်။ ပဲစင်းငုံအပါအဝင် အခြားသီးနှံ မြေပဲ၊ နှမ်း၊ ပဲတီစိမ်းအပါအဝင်ဆိုရင်တော့ ဖြစ်နိုင်တယ်လို့သုံးသပ်ပါတယ်။ အခု စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲသွားတဲ့ ခရီးစဉ်တစ်လျှောက် ပခုက္ကူနယ်ထဲက ကန်တော်ကွင်း၊ ညောင်ပင်လှကွင်း၊ ကမ္ဘကွင်း၊ ဂျိုးပြန်ကွင်း၊ မကျီးသုံးပင်ကွင်း၊ ပေါက်နယ်ထဲက ဖိုးဖြူလုံးကန်ကွင်း၊ ယာကြီးပြင်ကွင်း၊ အုန်းတောကွင်း၊ သရက်တောကွင်း၊ ကျောက်ထုနယ်ထဲက ပင်ထောင်ကွင်း၊ အညာပန်းပလွန်း၊ အကြည်ပန်းပလွန်းကွင်းတွေမှာ စိုက်ပျိုးထားတဲ့ ပဲစင်းငုံသီးနှံများ သီးညှပ်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေတာ၊ တချို့ဆိုရင် လူခါးလယ် လူတစ်ရပ်နီးပါး ဖြစ်ထွန်းအောင်မြင်နေတာများ လေယူရာယိမ်းနွဲ့နေပုံများ ကြည့်လို့ပင် အားရဝမ်းသာ စိတ်ရွှင်လန်းစရာတွေ တွေ့ခဲ့ရကြောင်းပါ။ အပွင့်ပွင့်တုန်းမိုးမရွာလို့ကတော့ သယ့်ရမှာဆရာရေ ဆိုတဲ့ တောင်သူတွေရဲ့ ပြောစကားမှာ အားမာန်အပြည့်နဲ့ပါဗျာ။

နိုင်ငံတစ်နိုင်ငံဟာ သူ့အားပြုရာ စိုက်ပျိုးထုတ်လုပ်တယ်။ စားသုံးလို့ ပိုလျှံတာ အခြားနိုင်ငံကို တင်ပို့ရောင်းချတယ်။ ကိုယ့်ရဲ့အပို သူ့အလို၊ ထိုနည်းတူစွာ ကိုယ့်နိုင်ငံရဲ့အလို သူ့နိုင်ငံရဲ့အပို တင်သွင်းဝယ်ယူတယ်။ အရောင်းအဝယ်ရဲ့လောကနိယာမ၊ ယခုအနေအထားက သူ့နိုင်ငံရဲ့အလို သူ့ဘာသာဘယ်နည်းနဲ့ဖြစ်ဖြစ် ပြည့်မီအောင် ကြိုးစားရင်း သူ့အလိုဝယ်ယူမှုကိုကန့်သတ်တယ်။ ဘာဖြစ်သလဲ လောကကြီးမှာ လုပ်တိုင်းအဆင်ပြေနေရင် အခက်အခဲဆိုတာရှိနေပါ့ဦးမလား။ အရောင်းအဝယ်ရဲ့ အလှည့်အပြောင်း ကျွန်တော့အမြင် ကောင်းတယ်လို့တောင် ယူဆပါတယ်။ လူဆိုတာ အခက်တွေ့မှ ဒီအခက်အခဲကို ဘယ်လိုကျော်လွှားမလဲဆိုတဲ့ ဦးနှောက်သန့်စင်မှု တစ်ခုရသွားတယ်လို့တောင် သိမြင်ပါတယ်။

လေးစားအပ်ပါသော စာရှုသူ။ ဒီစာစုကို ဒီမှာရပ်နားလိုပေမယ့် စားသုံးသူပြည်သူကို ပဲစင်းငုံဟင်းချက် နည်းလေးတစ်ခု အထူးလက်ဆောင် ပေးလိုပါတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်ထုတ် Commerce Journal VOL 17, No36 စာမျက်နှာ(၁၅) မှာပါတဲ့ အဘဖိုးသာအောင်ရဲ့ တစ်ယောက်တည်း "ပဲစားပွဲ" မှသည် အမျိုးသားအဆင့် ပဲစားပွဲတော်ဆီသို့ ဆောင်းပါးထဲမှာပါတဲ့ ပဲစင်းငုံကို အရသာရှိအောင်ချက်နည်းပါ။ လူတစ်ရာစာကို ပဲစင်းငုံ (အခွံချွတ်/ ခွဲခြမ်းရရာ) နှစ်ပိဿာနူးအောင်ပြုတ်ပါ။ ခရမ်းသီး ၁၀ လုံး၊ မုန်လာဥဖြူ နှစ်ပိဿာ၊ မုန်လာဥနီ တစ်ပိဿာ ဒန့်သလွန်သီး ၂၀ တောင့်၊ ခရမ်းချဉ်သီး ၅၀ ကျပ်သား၊ ငရုတ်သီးစိမ်း ၂၀ ကျပ်သား၊ နံနံပင် ၂၀ ကျပ်သား၊ မန်ကျည်းမှည့် ၂၀ ကျပ်သား၊ ကြက်သွန်နီ ၅ ကျပ်သား၊ ချင်း ၅ ကျပ်သား၊ ကြက်သွန်ဖြူ ၅ ကျပ်သား၊ မဆလာ ၅ ကျပ်သား၊ ဆီသန့်၊ ဆား၊ ရေသင့်တော်သလောက် (ဆီမပြန်စေရပါ) ထည့်ရပြီး ချက်ရတယ်ဆိုတာ ကိုးကားပြီး အထူးလက်ဆောင် အဘဖိုးသာအောင် ပေးတာလေးကို ထပ်မံဖော်ပြပါရစေ။ စာရှုသူများ ပြန်လည်မျှဝေခံစား ချက်ပြုတ်စားသောက်ပြီး ခွန်အားဗလပြည့်ဝနိုင်ကြပါစေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဒီလိုပဲကြွေးကြော်ချင်ပါတယ်။ မြန်မာပဲလောကအတွက် ရတက်အေးကာ စိတ်ချမ်းသာစွာဖြင့် ခွန်အားပြည့်ဖြိုး အင်အားတိုးဖို့ မြန်မာတစ်နိုင်ငံလုံး ပဲစားသုံးကြပါစို့လို့ ကြွေးကြော်လိုက်ပါရစေ.........။

Vol: 17, No.38 Monday October 2 2017

# ဆီထွက်သီးနှံများထုတ်လုပ်ရာတွင် အစားအသောက်လုံခြုံစိတ်ချရရေးနှင့် ပတ်သက်၍ထုပ်ပိုးမှုပိုင်းဆိုင်ရာ ဆွေးနွေးအကြံပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နိုင်ငံတွင်း၊ဒေသတွင်းနှင့်နိုင်ငံတကာကုန်သွယ်မှုများကိုဆောင်ရွက်ရာတွင် ဆီထွက်သီးနှံများအား ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့်ပတ်သက်၍ ထုတ်ကုန်လုံခြုံမှုရှိစေရန် ထုပ်ပိုးမှုပိုင်းဆိုင်ရာ ဆွေးနွေးအကြံပေးခြင်း အလုပ်ရုံဆွေးနွေးပွဲ Training Workshop On Packaging Requirements and Solutions For Oilseeds and Oil and Value Added Products ကို မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၅ရက်တွင် ကျင်းပခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့ ထုပ်ပိုးမှုဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။ ပထမဦးစွာစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမျိုးသူနှင့်Internal Trade Centre မှ အမျိုးသားစီမံကိန်းမန်နေဂျာ ဒေါက်တာဒေါ်သစ်သစ်လွင်တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲတွင်အမျိုးသား ပို့ကုန်မဟာဗျူဟာရှိ ဆီထွက်သီးနှံကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲရေးကဏ္ဍတို့နှင့်သက်ဆိုင်သော'အစားအစာ ဘေးကင်းရေးနှင့်အပင်ပိုးမွှားရောဂါကင်းရှင်းရေးသတ်မှတ်ချက်များလိုက်နာခြင်းဖြင့် မြန်မာနိုင်ငံဆီထွက်သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေတိုးမြှင့်စေရေးစီမံကိန်း'နှင့် ဆက်စပ်၍ မြန်မာ့ပို့ကုန်ပစ္စည်းများအတွက် တန်ဖိုးကွင်းဆက်တစ်လျှောက် ထုပ်ပိုးခြင်းလုပ်ငန်း၏အရေးကြီးပုံနှင့်ဆောင်ရွက်သင့်သည့်အချက်များကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန(ITC)၏ထုပ်ပိုးကုန်ပစ္စည်းကျွမ်းကျင်ပညာရှင် Mr.Frederic Couty, Senior Adviser on Packaging နှင့် အီတလီနိုင်ငံ Goglio Packaging Company မှ Emilio Carcanoတို့က ဆွေးနွေးပြောကြားခဲ့သည်။

ယင်းကဲ့သို့ ဆွေးနွေးပြောကြားရာတွင် ထုပ်ပိုးပစ္စည်းဆိုင်ရာနည်းပညာများဖြစ်သည့် ထုပ်ပိုးမှုလုပ်ငန်းစဉ်တွင် ထုတ်ကုန်လုပ်ငန်းဆောင်ရွက်စဉ်တစ်လျှောက် အသုံးပြုသောထုပ်ပိုးမှုပုံစံ ခြောက်ခုကို ဥပမာဖြင့်ခြုံငုံတင်ပြခြင်း၊ ထုပ်ပိုးရာတွင် သုံးသောကုန်ပစ္စည်းအမျိုးမျိုးနှင့် ၎င်းတို့၏သွင်ပြင်လက္ခဏာများ၊ဒီဇိုင်းပြုလုပ်ရာတွင် အဓိကအချက်များ စစ်ဆေးခြင်း၊ ပါကင်ထုပ်ပိုးမှုရွေးချယ်ခြင်း၊ ကုန်ပစ္စည်းအမည်တပ်ခြင်း၊ ပုံမှန်လိုအပ်ချက်များ၊ ဘားကုတ်များနှင့် ဝယ်ယူခြင်း၊ အလွယ်တကူပြုပြင်လွယ်သောထုပ်ပိုးမှု၊ စက်ပစ္စည်းဖြည့်တင်းခြင်း၊ ရောဂါသန့်စင်ခြင်း၊ ပိုးမွှားကင်းစင်အောင်ဆောင်ရွက်ခြင်းတို့အား ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်ဇာမျိုး-မန္တလေး**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၄ သန်းတန်ဖိုးရှိ ကွမ်းသီး၄၉၂ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၉၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၀၀ လျော့နည်းခဲ့တယ်လို့သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ၁၈၅သန်းတန်ဖိုးရှိ ကွမ်းသီး၂၀၉ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၉ သန်းတန်ဖိုးရှိ ကွမ်းသီး ၂၈၃တန်ကို တင်ပို့ခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၈သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ စီးကရက်၊ ငရုတ်ကောင်း၊ သီဟိုဠ်စေ့တို့ကို၄၇ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၆ သန်းတန်ဖိုးရှိ ငရုတ်ကောင်း၊ မုန့်မျိုးစုံ၊ ပလတ်စတစ်အိတ်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ကို ၁၀၉ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၆၂၆၅ တန်ဖိုးရှိလက်ဖက်ခြောက် ၅၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၄၁ တန်နဲ့ ချင်းရွှေဟော်မှ ၁၁ တန်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ လက်ဖက်ခြောက် တင်ပို့မှုမရှိဘဲ မူဆယ်မှ ၂၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မြန်မာလက်ဖက်ခြောက် Green Tea ကိုထိုင်း၊ တရုတ်နဲ့ ဂျပန်တို့တွင်ပြုလုပ်ခဲ့သည့်ကုန်စည်ပြပွဲများတွင် သွားရောက်ပြသခဲ့ရာ အားပေးမှုများ ရရှိခဲ့ကြောင်း၊ မြန်မာ့လက်ဖက်စိုက်ခင်းများအနေဖြင့် ဓာတုဆေးသုံးစွဲခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းတို့မရှိတာကြောင့် သဘာဝအရသာလက်ဖက်ရည်စစ်စစ်ဖြစ်ခြင်းကြောင့် ဝယ်ယူသုံးစွဲလျက်ရှိကြောင်း မြန်မာ့လက်ဖက်အသင်းအစုအဖွဲ့မှသိရပါတယ်။ **မော်မော်အောင်**

# မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၇၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၆၀၇၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၆၂၅၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၇၁ တန်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ တင်ပို့မှုလျော့နည်းခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်၊ အခြားရေထွက်တို့ကို ၂၁၅ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်ကုန် ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ပင်လယ်ငါးရှဥ့်တို့ကို ၄၃၉ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ဒသမ၅၈၁သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ရေငန်ပုစွန်၊ ကင်းမွန်၊ ကင်းမွန်(လိပ်)၊သဲကဏန်းတို့ကို ၁၄၇၂ တန်တင်ပို့ခဲ့တယ်လို့သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ပြည်တွင်းသို့ ဆိုင်ကယ်များပိုမိုတင်သွင်း

တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၅၁သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၉၆၇၆ စီးကိုတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၉၉၂ စီးတင်သွင်းခဲ့တဲ့အတွက်ယခုတစ်ပတ်မှာ ၁၆၈၄စီး ပိုမို တင်သွင်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းနဲ့ တမူးကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ လျော့နည်းတင်သွင်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များပိုမို တင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၆၁၁ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှအမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၆ သန်းတန်ဖိုးရှိဆိုင်ကယ် ၉၈၀ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၅ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝါဂွမ်းရော ပိုးအိမ်ပါတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်တ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၈၄၀၀ တန်ဖိုးရှိ ငွေချည်-၆ ဝါဂွမ်း ၂၂တန်နဲ့ အမေရိကန်ဒေါ်လာ ၂၈၀၀၀တန်ဖိုးရှိ ပိုးအိမ် ၈တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ဝါတင်ပို့မှုမရှိဘဲ ပိုးအိမ် ၄ တန်သာတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဝါပင်ကိုမြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ စိုက်ပျိုးပြီး ယခင်ကပြည်ပသို့ တင်ပို့ခွင့်မရှိလို့ ဝါးစိုက်တောင်သူတွေ နှစ်စဉ်အရှုံးပေါ်ခဲ့ကြောင်း၊ ယခုတရုတ်က ဝယ်လို့တောင်သူတွေ အခြေအနေကောင်းလာကြောင်း တံတားဦးမြို့ရှိ ဝါစိုက်တောင်သူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံမှ သကြားလျော့နည်းတင်ပို့သလို ထိုင်းနိုင်ငံမှလည်း သကြား လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ၁၆ရက်မှ ၂၂ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၇၇သန်းတန်ဖိုးရှိ Re-export သကြား တန် ၁၇၈၁၀ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၃၄၈၉တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၆၇၉တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၉ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း သကြား တစ်တန်လျှင် ကျပ် ၇၃၄၄၀၀ ရှိရာမှ စက်တင်ဘာ ၁၆ရက်မှ ၂၂ရက်အထိ သီတင်းပတ်တွင် ကျပ် ၇၅၄၈၀၀သို့ ဈေးမြင့်တက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၃၇၀၀ ရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃၅သန်းတန်ဖိုးရှိ Re-export သကြား တန် ၂၇၉၀ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ တန် ၃၄၇၀နဲ့ နှိုင်းယှဉ်ပါက တန် ၆၈၀ လျော့နည်းခဲ့ပါတယ်။ **မော်မော်အောင်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးတင်ပို့မှုလျော့ကျ

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၆ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်းနဲ့ ငါးခေါင်းပွ ၅၁ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၅တန်လျော့နည်းတင်ပို့ခဲ့တယ်လို့သိရပါတယ်။စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းနဲ့ ငါးခေါင်းပွတို့အပြင် အမေရိကန်ဒေါ်လာ သုညဒသမ၀၆၆သန်းတန်ဖိုးရှိ ဌေ့မထ ၂၅မှတ်ဆန်၊ မန်ကျည်းစေ့၊ ဆီးဖတ်၊ ဆီးယိုထုပ်တို့ကို ၃၂၅ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါပိုမိုတင်ပို့

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၇၂၃ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၆၈ တန်နဲ့နှိုင်းယှဉ်ပါက ၄၅၅ တန်ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၉ သန်းပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးရှဥ့်၊ ငါးဆားနယ်၊ ငါးမှုန့်၊ ငါးစီဖောင်းနဲ့အခြားရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ခြင်းကြောင့် တန်ချိန်ရော တန်ဖိုးပါ ပိုမိုရခြင်းဖြစ်ပါတယ်။

**မော်မော်အောင်**

# ထုပ်ပိုးပစ္စည်းဆိုင်ရာ နည်းပညာသင်တန်းနှင့် စားပွဲဝိုင်းဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး



ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်း၏ တန်ဖိုးကွင်းဆက်တစ်လျှောက်ပါဝင်သူများအနေဖြင့် ထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီ ထုပ်ပိုးဖြန့်ဖြူးနိုင်ရေးအတွက် ထုပ်ပိုးပစ္စည်းဆိုင်ရာ နည်းပညာသင်တန်းနှင့် စားပွဲဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စတုတ္ထထပ်နှင့် ဒုတိယထပ်တို့တွင် နံနက်ပိုင်းနှင့် ညနေပိုင်းခွဲ၍ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ အသင်းအဖွဲ့များနှင့် စီမံကိန်းဝင်ကုမ္ပဏီများအပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၄၀ ဦး တက်ရောက်ခဲ့ကြပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကဏ္ဍ၊ အရည်အသွေးစစ်ဆေးရေးကဏ္ဍတို့နှင့် သက်ဆိုင်သည့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်လာစေရေးအတွက် အစားအစာလုံခြုံစိတ်ချရမှုတိုးတက်ရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးအစီအမံများဆိုင်ရာ စီမံကိန်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ စံချိန်စံညွှန်းနှင့် ကုန်သွယ်မှုဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ (STDF) ၏ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ နည်းပညာအကူအညီရယူကာ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စီမံကိန်းအရ တောင်သူများအတွက် ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (Good Agriculture Practice -GAP) သင်တန်းများ၊ အဝယ်တော်၊ ကုန်သည်နှင့် သိုလှောင်ရုံလုပ်ကိုင်သူများအတွက် အရေးပါသော သန့်ရှင်းရေးအလေ့အကျင့်ကောင်းများ (Good Hygiene Practice -GHP)သင်တန်းများ၊ ထုတ်လုပ်ပြုပြင်သူများနှင့် အကြံပေးဆရာများအား အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ (Hazard Analysis and Critical Control Points- HACCP) သင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။ ထို့အတူ သိုလှောင်ရုံများအားလုံး ကိုင်စွဲအသုံးပြုနိုင်သည့် Collector Manual လက်စွဲ စာအုပ်ပြုစုခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် အရည်အသွေးမီသွင်းအားစုများ ဖော်ထုတ်ရေး လက်စွဲစာအုပ်ပြုစုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ထုပ်ပိုးပစ္စည်းဆိုင်ရာနည်းပညာသင်တန်းနှင့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် ITC မှ ထုပ်ပိုးကုန်ပစ္စည်း ကျွမ်းကျင်ပညာရှင် Senior Adviser on Packaging, Mr. Frederic Couty နှင့် အီတလီနိုင်ငံ Goglio Packaging Company မှ Emilio Carcano တို့က မြန်မာ့ထုတ်ကုန်များ နိုင်ငံတကာအရည်အသွေးမီထုပ်ပိုးနည်းစနစ်များနှင့်အညီ ထုတ်လုပ်နိုင်စေရန် သင်တန်းပို့ချခြင်းနှင့် မြန်မာ့ပို့ကုန်ပစ္စည်း များထုပ်ပိုးခြင်းလုပ်ငန်းစဉ်များတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရှိရပါသည်။

**မြတ်မြတ်စိုးမိုး(Myantrade)**

**စာမျက်နှာ-၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှအဆက်**

သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေးအတွက် ပိုမိုအသုံးပြုနိုင်ရေးကိစ္စများကိုသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့် အစီအမံများ၊ ပဲအခြေခံ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များက ပဲသုံးစွဲနိုင်မည့်အခြေအနေများကို စက်တင်ဘာ ၂၂ ရက်တွင် ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုမူဝါဒ ကန့်သတ်ချက်ကြောင့် ဖြစ်ပေါ်လာသော အခက်အခဲများမှာ အမျိုးသားရေးနှင့် သက်ဆိုင်သည့်အတွက် အခက်အခဲများမှတစ်ဆင့် အခွင့်အလမ်းများရရှိအောင် ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ သီးနှံအစားထိုးပြောင်းလဲစိုက်ပျိုးရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ တက်ရောက်လာကြသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးများက ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများ၊ သီးနှံပြောင်းလဲစိုက်ပျိုးရေး ကိစ္စရပ်များအား အသီးသီးဆွေးနွေးတင်ပြကြပြီး ပဲစိုက်ပျိုးသည့် ပြည်နယ်များမှ တောင်သူကိုယ်စားလှယ်များမှ ပဲအမျိုးမျိုးစိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

**Commerce ကာတွန်း**




# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ငွေချေးနိုင်ပြီ

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (My-P12) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် SMEs များ ဘဏ်ချေးငွေရရှိရေး လုပ်ငန်းကော်မတီ (Working Committee) ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လမှစတင်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ငွေတိုက်ဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နဲ့ UMFCCI မှ တာဝန်ရှိသူများနဲ့ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်ချေးငွေများကို ၂၀၁၅ ခုနှစ်မှ စတင်ပြီး သုံးကြိမ်ခွဲ၍ ထုတ်ချေးဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ချေးငွေစုစုပေါင်းဂျပန်ယန်း ၄ ဒသမ ၇၇၄ ဘီလီယံနှင့် ညီမျှသော မြန်မာကျပ်ငွေ ၅၇ ဘီလီယံကို ထုတ်ချေးပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါချေးငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် SMEs များ ဘဏ်ချေးငွေရရှိရေး လုပ်ငန်းကော်မတီ (Working Committee)၏ ကြီးကြပ်မှုဖြင့် Project Finance Institutions(PFIs) ဖြစ်ကြသော အသေးစားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ သမဝါယမဘဏ်၊ ဧရာဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ကမ္ဘောဇဘဏ်တို့မှတစ်ဆင့် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် သုံးနှစ် သို့မဟုတ် ငါးနှစ်အရစ်ကျပြန်ဆပ်သည့်စနစ်ဖြင့် ထုတ်ချေးဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းရှိ လုပ်ငန်းရှင် စုစုပေါင်း ၂၆၉ ဦးသို့ ထုတ်ချေးပေးပြီးဖြစ်ပါတယ်။

ချေးငွေထုတ်ချေးသည့်စနစ်မှာ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်တစ်ဦးလျှင် လုပ်ငန်းအရွယ်အစားနှင့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်အရ မြန်မာငွေ ကျပ်သိန်း ၅၀၀၀ အထိ ငါးနှစ်အသုံးပြုနိုင်ရန် ထုတ်ချေးပေးနိုင်ပြီး အရစ်ကျစနစ်ဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကာ ထုတ်လုပ်မှုလုပ်ငန်းများသာမက ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ထုတ်ချေးပေးလျက်ရှိသည်။ ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် ဆန်စက်၊ စားသောက်ကုန်၊ ဆီစက်၊ အထည်ချုပ်၊ ဆောက်လုပ်ရေး၊ ပလတ်စတစ်၊ လုပ်ငန်းသုံးပစ္စည်း၊ ဝန်ဆောင်မှုအနေဖြင့် ပညာရေး၊ ဟိုတယ်၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးတို့နှင့် လက်လီလက်ကားရောင်းဝယ်ရေး လုပ်ငန်းများပါဝင်ကြောင်း သိရှိရပါတယ်။

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ချေးသုံးစွဲခွင့်ပြုသည့်ကာလမှာ နှစ် ၄၀ ဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၀ နှစ် နောက်တွင် အရစ်ကျ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရှိရပြီး မြန်မာနိုင်ငံ၏ SME လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိတာကြောင့် ချေးငွေမရသေးတဲ့ လုပ်ငန်းများအနေဖြင့်လည်း ယခင်ချေးငွေရရှိပြီးသား SME လုပ်ငန်းရှင်များမှ ပြန်လည်ပေးဆပ်သည့် ငွေကြေးများအား သက်ဆိုင်ရာဘဏ်အသီးသီးမှ ပြန်လည်ထုတ်ချေးပေးသည့် အစီအစဉ်အရ ချေးငွေများ ရယူထုတ်ချေးနိုင်ကြောင်း သိရှိရပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ချေးငွေများ ထုတ်ချေးပေးခဲ့ရာမှာ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေများမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အများဆုံးထုတ်ချေးပေးခဲ့သည့် တိုင်းဒေသကြီးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး အများဆုံးထုတ်ချေးပေးခဲ့သည့် ပြည်နယ်မှာ ရှမ်းပြည်နယ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး/ပြည်နယ်အသီး သီးရှိကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ချေးငွေများ လိုအပ်ပါက အထက်ဖော်ပြပါ ဘဏ်ခြောက်ခုနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါး တင်ပြလိုက်ပါတယ်။

**ဇေယျာဆွေ(သတင်း/အရည်အသွေး)**

Vol: 17, No.38 Monday October 2 2017

# မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့်
# အရှေ့အနောက်
# စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်သို့

မြဝတီကုန်သွယ်ရေးဇုန်



မြန်မာနိုင်ငံရဲ့ ကရင်ပြည်နယ်အတွင်းမှာ ရှိတဲ့မြဝတီမြို့ဟာ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ မဲဆောက်မြို့တို့ကို ဆက်သွယ်ပေးထားတဲ့ မြန်မာနိုင်ငံရဲ့ နယ်စပ်မြို့လေးတစ်မြို့ဖြစ်ပါတယ်။

နယ်စပ်ဒေသမြို့ဖြစ်တာနဲ့အညီ အရောင်အသွေးစုံ လူမျိုးပေါင်းစုံပျားပန်းခပ်မျှ နေ့စဉ်လှုပ်ရှားသွားလာနေကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ရှေးယခင်က အဲဒီမြို့ကလေးကိုရောက်ဖို့ နယ်မြေဒေသရဲ့ အခြေအနေပေါ်မှာ မူတည်ပြီး သွားလာခဲ့ကြရတယ်လို့ အဲဒီခေတ်က ကုန်သည်တစ်ဦးရဲ့ပြောပြချက်အရ သိရပါတယ်။

ကရင်ပြည်နယ်ရဲ့ဘားအံမြို့နဲ့ မြဝတီမြို့ဟာ ဒေါနတောင်တန်းကြီး ခြားနေတာကြောင့် အဲဒီတောင်တန်းကြီးရဲ့ အတားအဆီးတွေဟာ မြန်မာနိုင်ငံရဲ့ကူးသန်းရောင်းဝယ်ဖောက်ကားမှုတွေမှာ အဟန့်အတားတွေ ဖြစ်ခဲ့ရပါတယ်။

တကယ်တော့ မြန်မာနိုင်ငံရဲ့မြဝတီမြို့နယ် တစ်ဖက်နိုင်ငံရဲ့မဲဆောက်မြို့တို့ဟာ သောင်ရင်းမြစ်ရဲ့ တစ်ဖက်တစ်ချက်စီမှာ တည်ရှိနေတဲ့ မြို့နှစ်မြို့ဖြစ်ပါတယ်။ သောင်ရင်းမြစ်လို့သာ ခေါ်နေကြပေမယ့် တစ်ကယ်တမ်းပြောရမယ်ဆိုရင် မိုးတွင်းမှာ ချောင်းသာသာရှိပြီး နွေရာသီမှာဆိုရင် ရေမြောင်းသာသာလောက်သာရှိတဲ့ မြစ်တစ်စင်းပဲဖြစ်ပါတယ်။

ဒါပေမယ့်လည်း ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ မြဝတီတံတားကို တည်ဆောက်ခဲ့ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ပြုခဲ့ကြတာဟာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါတယ်။

ထိုင်းနဲ့ မြန်မာတို့ရဲ့ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းဟာ သောင်ရင်းမြစ်ပေါ်မှာ တည်ဆောက်ထားတဲ့ ချစ်ကြည်ရေးတံတားရဲ့ မဲဆောက်ဘက်ကမ်းမှာ ရှိနေတာကို တွေ့မြင်ခဲ့ရပါတယ်။

ဒီတံတားဟာ နှစ်နိုင်ငံကုန်စည် ကူးသန်းရောင်းဝယ်ရာမှာအဓိကကျတဲ့ တံတားတစ်စင်းလည်း ဖြစ်နေခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပို့ကုန်၊ ထိုင်းနိုင်ငံရဲ့ ပို့ကုန်မှန်သမျှဟာ ဒီတံတားကိုအားထားပြီး ပို့ဆောင်ရောင်းဝယ်နေကြတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း သောင်ရင်းမြစ်တစ်လျှောက်မှာ တရားမဝင် ဝင်ထွက်ပေါက်တွေရှိနေတာဟာ တရားမဝင် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အားပေးနေသကဲ့သို့ ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါပေမယ့်လည်း အာဆီယံဒေသတွင်းမှာ အေအီးစီလို့ လူသိများနေတဲ့ အာဆီယံစီးပွားရေး အသိုက်အဝန်းကို စတင်တည်ထောင်ဖို့ စိုင်းပြင်းတဲ့အချိန်ကစပြီး အာဆီယံနိုင်ငံတစ်ဝန်းတစ်နိုင်ငံနဲ့တစ်နိုင်ငံကြား ရေကြောင်း၊ လေကြောင်းလိုင်းသာမက ကုန်းလမ်းခရီးနဲ့ပါ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်လာကြပါတယ်။

အဲဒီလိုလုပ်ဆောင်ကြရာမှာ စီးပွားရေးစင်္ကြံတွေကို တည်ဆောက်ပြီး နိုင်ငံချင်းချိတ်ဆက်ကာ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ဖို့ ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။

အဲဒီလို လုပ်ဆောင်လျက်ရှိရာမှာ ဗီယက်နမ်-ထိုင်း-မြန်မာနိုင်ငံတို့ကို ချိတ်ဆက်ထားတဲ့ အရှေ့အနောက်စီးပွားရေးစင်္ကြံဟာ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှ လာအိုနိုင်ငံနဲ့ ထိုင်းနိုင်ငံကို ဖြတ်သန်းကာ မြန်မာနိုင်ငံမြဝတီမြို့အထိ လမ်းကြောင်းရေးဆွဲ ချမှတ်ထားတာဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ဟာ ဗီယက်နမ်နိုင်ငံရဲ့ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်တာကြောင့် တကယ့်ကို အရေးပါတဲ့ ဆိပ်ကမ်းတစ်ခုဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံဒါနန်းမြို့မှာ ဆိုက်ကပ်ထားတဲ့ ကုန်သင်္ဘောများဟာ အရှေ့အနောက် စင်္ကြံလမ်းကြောင်းတစ်လျှောက် ဖြတ်သန်းပြီး မြန်မာနိုင်ငံတွင်းကို မြဝတီမြို့မှတစ်ဆင့် ဖြတ်သန်းဝင်ရောက်မှာဖြစ်ပါတယ်။ အဲဒီလို ကုန်းလမ်းခရီးကနေ ဝင်ရောက်ခဲ့တဲ့အတွက် လမ်းခရီးကြန့်ကြာချိန်တွေ သက်သာသွားနိုင်မှာဖြစ်တဲ့အပြင် အရှေ့အနောက် စင်္ကြံလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေရဲ့မြို့ပြတွေဟာလည်း စီးပွားရေး၊ လူမှုရေးတွေ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ အဲဒီလို ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချလာနိုင်မှာဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းမှ အကွာအဝေးများကို လေ့လာကြည့်ရာမှာ ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်မှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ၁၉၄၄ မိုင်ကွာဝေးပြီး ရန်ကုန်မှ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ၂၁၄၄ မိုင် ကွာဝေးသလိုဗန်ကောက်မှ ဒါနန်းသို့လည်း ၁၀၈၂ မိုင် ကွာဝေးတယ်လို့ သိရပါတယ်။

ကုန်းလမ်းခရီးမှ အကွာအဝေးကို ကြည့်မယ်ဆိုရင် ရန်ကုန်မှ ဗန်ကောက် အကွာအဝေးဟာ မိုင် ၄၅၀ ခန့်သာရှိပြီး ရန်ကုန်မှ ဒါနန်းသို့ မိုင် ၉၀၀ ခန့်သာကွာဝေးပါတယ်။ ဗန်ကောက်မှ ဒါနန်း သို့ မိုင် ၇၀၀ ခန့်သာ ကွာဝေးတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အချိန်ကုန်သက်သာတဲ့အပြင် ကုန်စည်သယ်ယူပို့ဆောင်မှုစရိတ်များပါ ပိုမိုသက်သာစေမှာဖြစ်ပါတယ်။ ဒါဟာ ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အားသာတဲ့ အချက်တစ်ချက်ပဲဖြစ်ပါတယ်။

အရှေ့အနောက် စီးပွားရေးစင်္ကြံဟာ အရှေ့ဘက်မှာ တောင်တရုတ်ပင်လယ်ရဲ့ ထွက်ပေါက်ဖြစ်သလို အနောက်ဘက်မှာဆိုရင် ကပ္ပလီပင်လယ်ပြင်ကိုထွက်နိုင်တဲ့ ထွက်ပေါက်တစ်ခုလည်း ဖြစ်ပါတယ်။အဲဒီလမ်းကြောင်းရဲ့စုစုပေါင်းအရှည်ဟာ ကီလိုမီတာပေါင်း ၁၄၅၀ (မိုင်ပေါင်း ၉၀၀ ကျော်)သာ ရှည်လျားပါတယ်။

အဲဒီလမ်းကြောင်း ဖြစ်ပေါ်လာပုံကတော့ ၁၉၉၈ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမှာကျင်းပခဲ့တဲ့ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများရဲ့ဝန်ကြီးများအဆင့် ညီလာခံမှာ အာဆီယံဒေသတွင်းနိုင်ငံများအနက် မြန်မာ၊ ထိုင်း၊ လာအိုနဲ့ ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်ရည်ရွယ်ပြီး ချမှတ်ခဲ့တာဖြစ်ပါတယ်။

အဲဒီအစီအစဉ်ကို ၁၉၉၈ ခုနှစ်က ချမှတ်ခဲ့ပေမယ့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်မှသာ စတင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အရှေ့အနောက် စီးပွားရေးစင်္ကြံ လမ်းကြောင်းပြီးစီးသွားပါက ရန်ကုန်မြို့နဲ့ဗန်ကောက်မြို့အကြား သုံးရက်နဲ့ အရောက်သွားနိုင်မှာဖြစ်ပါတယ်။ အဲဒီခရီးကို ရေကြောင်းလမ်းမှ သွားမယ်ဆိုရင် မလက်ကာရေလက်ကြားမှ ဖြတ်သန်းသွားမယ်ဆိုရင်တောင် အနည်းဆုံး နှစ်ပတ်မှ သုံးပတ်ခန့် ကြာမြင့်မှာဖြစ်ပါတယ်။ ဒါကြောင့် အရှေ့အနောက် စင်္ကြံဟာ အာဆီယံနိုင်ငံများသာမက အာဆီယံနိုင်ငံများနဲ့ ကုန်သွယ်ဖက်နိုင်ငံများပါ အကျိုးရှိစေမှာသေချာပါတယ်။

အဲဒီအရှေ့အနောက် စင်္ကြံမှာ ပါဝင်နေတဲ့ မြန်မာနိုင်ငံဘက်အခြမ်းက မြဝတီမြို့နဲ့မော်လမြိုင်မြို့တို့ဟာ အရှေ့အနောက်စင်္ကြံရဲ့ခရီးလမ်းဆုံးမြို့တွေပဲ ဖြစ်ပါတယ်။

အခုလက်ရှိအခြေအနေအရ မြဝတီမြို့ဟာ နယ်စပ်ဒေသများအနက် ကုန်စည်ကူးသန်းရောင်းဝယ်ရာမှာ အဓိကကျတဲ့ မြို့ကြီးတစ်မြို့ဖြစ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံကထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေ၊ ရေထွက်ကုန်တွေ၊ သစ်တောထွက်ပစ္စည်းတွေကို ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိသလို ထိုင်းနိုင်ငံအနေနဲ့လည်း ဆောက်လုပ်ရေးပစ္စည်းတွေ၊ လူသုံးအိမ်သုံးပစ္စည်းတွေ၊ စားသောက်ကုန်ပစ္စည်းတွေကို တင်ပို့လျက်ရှိပါတယ်။

ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ နှစ်နိုင်ငံနယ်စပ်ဒေသမှ ကုန်သွယ်မှုကို ကြည့်မယ်ဆိုရင် ၂၀၁၆-၁၇ဘဏ္ဍာနှစ် စက်တင်ဘာလ ၁၅ ရက်အထိ ပို့ကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၉၃၃ ဒသမ ၁၅၉ သန်းရှိခဲ့ပြီး သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၉၀၁ ဒသမ ၃၀၂ သန်းရှိခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။

၂၀၁၇-၁၈ဘဏ္ဍာနှစ် စက်တင်ဘာလ ၁၅ ရက်အထိ ပို့ကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁၀၅၁ ဒသမ ၁၇၃ သန်း၊ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၉၄၁ ဒသမ ၈၇၅ သန်းရှိခဲ့တာကြောင့် ကာလတူအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၈ ဒသမ ၄၉၇ သန်း ပိုမိုခဲ့တာကို တွေ့ရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်တစ်ခုတည်း ကုန်သွယ်မှုကို ကြည့်မယ်ဆိုရင် ၂၀၁၆-၁၇ဘဏ္ဍာနှစ်မှာ ပို့ကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၁၉၉ သန်း၊ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၈၆၈ ဒသမ ၄၀၂ သန်းရှိခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလ ၁၅ ရက်အထိ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၉၃၄ သန်း၊ သွင်းကုန်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၃၅၉ ဒသမ ၇၀၈ သန်းရှိခဲ့တာကို တွေ့ရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်အနေနဲ့ ကုန်သွယ်မှုပိုမိုအဆင်ပြေ ချောမွေ့လာစေရေးအတွက် လုပ်ဆောင်လျက်ရှိသလို တရားမဝင်ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပပျောက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီလုပ်ဆောင်ပေးလျက်ရှိပါတယ်။

ဒါပေမယ့်လည်း တရားမဝင် ကုန်စည်တွေကို သယ်ယူပို့ဆောင်နေတဲ့ ရှောင်ကွင်းလမ်းတွေကြောင့်မြန်မာနိုင်ငံဘက်အခြမ်းမှာ ရရှိတဲ့ကုန်သွယ်မှု ပမာဏစာရင်းဟာ ထိုင်းနိုင်ငံဘက်က ထုတ်ပြန်တဲ့ကုန်သွယ်မှုစာရင်းများနဲ့ နှိုင်းယှဉ်လိုက်ရင် များစွာကွာဟနေတာကို တွေ့ရှိရပါတယ်။

ဒါပေမယ့်လည်း ရှေးယခင်ကတည်းက ရှိခဲ့တဲ့ ရှောင်ကွင်းလမ်းများ အများအပြားရှိနေတဲ့ ဒေသတစ်ခုဖြစ်နေတာကြောင့် တရားမဝင် ကုန်သွယ်မှုကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေဦးမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း နိုင်ငံတော်အနေနဲ့ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ဖြေလျှော့မှု အများအပြားကို လုပ်ဆောင်ပေးလျက်ရှိတာကြောင့် ကုန်သည်တွေအနေနဲ့ တရားမဝင်လမ်းကြောင်းကနေ ကုန်စည်များကို သယ်ယူပို့ဆောင်ရာမှ တရားဝင်လမ်းကြောင်းနဲ့ သယ်ယူပို့ဆောင်ကြဖို့ ကုန်သည်အချင်းချင်း စည်းရုံးကြရမှာဖြစ်ပါတယ်။

မြဝတီမြို့ဟာ နယ်စပ်မြို့ဖြစ်ပေမယ့်လည်း တစ်ဘက်က မဲဆောက်မြို့နဲ့ နှိုင်းယှဉ်ရင် ဖွံ့ဖြိုးမှု နောက်ကျနေတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။

အခုလက်ရှိအချိန်မှာတော့ မြဝတီမြို့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အာရှလမ်းမကြီးကို ဖောက်လုပ်လျက်ရှိသလို မြဝတီအထူးစီးပွားရေးဇုန်ကိုလည်း တည်ဆောက်ဖို့ စီစဉ်လျက်ရှိပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ကိုလည်း ခေတ်မီကုန်သွယ်ရေးဇုန်အဖြစ် တည်ဆောက်နိုင်ဖို့ လုပ်ဆောင်နေပြီဖြစ်ပါတယ်။

**စာမျက်နှာ - ၂၂ သို့**

စာမျက်နှာ - ၂၂ သို့

COOK
ကွတ်

ပထမဆု ကျပ် (၁၀) သိန်း
ဒုတိယဆု ကျပ် ( ၅ ) သိန်း
တတိယဆု ကျပ် ( ၃ ) သိန်း

၁သိန်း (၁၀)ဆု ၅သောင်း (၁၀)ဆု ၃သောင်း (၁၀)ဆု
၁ သောင်း ဖုန်းဘေလ် (၂၀)ဆု ၅ထောင် ဖုန်းဘေလ် (၅၀)ဆု

အပိုဆုအနေဖြင့်လည်း တိုင်းနဲ့ ပြည်နယ်အလိုက် တိုင်း/ပြည်နယ် (၁)ခုချင်း
ဖုန်းဘေလ် (၁)သောင်း တန် (၁၀)ဆုစီ ချီးမြှင့်ပေးမှာဖြစ်ပါတယ်




၂၀-၉-၂၀၁၇ မှ ၃၀-၁၀-၂၀၁၇ ထိ

ဆုများကို ဓါတ်ပုံ ပေးပို့ထားသော COOK တံဆိပ်မှုရင်းများနှင့်
တိုက်ဆိုင် စစ်ဆေးပြီးမှသာ
ဆုချီးမြှင့် သွားမည်ဖြစ်ပါသည်။

COOK ဆီပုလင်းများကို ဝယ်ယူပြီး၊ တံဆိပ်ခွါကာ၊ မိမိနာမည်၊ လိပ်စာ၊ မှတ်ပုံတင်၊ ဖုန်းနံပါတ်တွေ
ရေးသားပြီး ပုံပါအတိုင်း ဓါတ်ပုံရိုက်၍ Cook Myanmar facebook page ရဲ့
Chat box ကို ပေးပို့ရင်း ဆုမဲများစွာကို ကံစမ်းလိုက်ပါ

အသေးစိတ်ကို COOK Myanmar Facebook Page
နှင့် လက်ကမ်းစာစောင်များ တွင်လေ့လာနိုင်ပါသည်။

Cook Myanmar

Distributed By:
IMPACT
Ph: 09 264 33 10 11 to 33





Kett

ဂျပန်နိုင်ငံဗို့နှစ်ပေါင်း (၆၀) ကျော်ကြာ သီးနှံအစိုဓာတ်တိုင်းကိရိယာအမျိုးမျိုးနှင့်
တတ်ဓါတ်ခွဲခန်းသုံးပစ္စည်းများကို ထုတ်လုပ်ရောင်းချနေသော "KETT Electric Laboratory" မှ
ထုတ်လုပ်ထားသော သီးနှံမျိုးစုံနှင့် မျိုးစေ့အစိုဓာတ်တိုင်းကိရိယာများအပြင်
Wood Moisture Tester, Paper Moisture Tester, Moisture Balance နှင့်
အခြားဘက်စုံသုံးအစိုဓာတ်တိုင်းကိရိယာအမျိုးမျိုး




မြန်မာပြည်ဖြန့်ချိရေးတာဝန်ခံကိုယ်စားလှယ်
ပိုင်အိုနီးယား အဂရိဗစ် ကုမ္ပဏီလီမိတက်
Email : info@pioneeragrobiz.com
Website : www.pioneeragrobiz.com



Golden Rice Company Limited

Golden Rice



အဟာရပြည့်စေဖို့ပေါင်းဆန်ကိုစားကြပါစို့
(ဆီးချိုလူနာရှင်များအတွက်အထူးသင့်လျော်ပါသည်။)

Office : Room No.801,No.310,Wardan Street,
Winshwewar Building,Lanmadaw
Township,Yangon,Myanmar.
Fax Ph : +95-1-226744
Office Ph: +95-1-2300246
Factory : Golden Rice Parboiled Rice Mill,
Martakaner Road,7 Ward,Pathein
Township,Ayeyarwaddy Division
(Ayeyarwaddy Delta) Myanmar.

# ဒဂုံမြို့သစ်(မြောက်ပိုင်း) စက်မှုဇုန်တွင် စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များအား အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ စက်တင်ဘာလ ၂၇ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာ ဆောင်ရွက်ရမည့် အချက်များ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်မောင်နှင့် စက်မှုဇုန် ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်နိုင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စက်မှုဇုန်အတွင်းရှိကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်၊ တားမြစ်ချက်များနှင့် စားသောက်ကုန်များ၏ အမှတ်တံဆိပ်တွင် အဓိကထား ဖော်ပြပေးရမည့် အချက်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သီတာတင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၏ အခြေအနေတို့ကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနခွဲ (ရန်ကုန်) မှ ဦးစီးအရာရှိ ဒေါ်သီမွန်ချိန်နှင့် ဒုတိယကြီးကြပ်ရေးမှူး ဒေါ်စောစန္ဒာဦးတို့က ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးသားဆေးဝါးဥပဒေတားမြစ်ချက်များကို လိုက်နာရန်နှင့် မလိုက်နာလျှင် အရေးယူအပြစ်ပေးခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များ၏အခြေအနေ၊ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ရန်နှင့် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်ရရှိအောင် ဆောင်ရွက်ရမည့်အခြေအနေတို့ကိုဆွေးနွေးခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဌာနခွဲမှူး ဦးအောင်ပြည့်စိုးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (စီမံရေးရာဌာန)မှ ဌာနစုမှူး ဦးစိုးညွန့်အောင်တို့က ပုဂ္ဂလိကစက်မှု လုပ်ငန်းမှတ်ပုံတင်ရာတွင် လိုအပ်သည့် အချက်များ၊ စက်မှုလုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုးမြှင့်ရာတွင် လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ၏ အခြေအနေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများကို ချထားပေးသည့်လုပ်ငန်းလိုင်စင်အမျိုးအစားများ၊ စက်မှုဇုန်များ လုပ်ငန်း လိုင်စင်လျှောက်ထားရာတွင် လိုအပ်ချက်များ၊ လိုင်စင်စည်းကမ်းများ မလိုက်နာလျှင် အရေးယူအပြစ်ပေးခံရမည့် အခြေအနေများကို ဆွေးနွေးခဲ့ပါတယ်။

အလားတူစက်တင်ဘာလ စတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ခြောက်နေရာ၊ အနောက်ပိုင်းခရိုင်တွင် လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၁ နေရာ၊ မြောက်ပိုင်းခရိုင်တွင်ရှစ်နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**

## ကယားပြည်နယ်တွင် ပြောင်းဈေးဆက်လက်ကျဆင်းနေ

စက်တင်ဘာလအတွင်း ကယားပြည်နယ်ရှိ ပြောင်းစိုက်တောင်သူများဟာ ပြောင်းဈေးကျဆင်းမှုနှင့် ရင်ဆိုင်နေရကြောင်းနှင့် ယခုတစ်ပတ်အတွင်းတွင်လည်း ပြောင်းဈေး ဆက်လက်ကျဆင်းလာမှုကြောင့် ယခင်နှစ်ကကဲ့သို့ ပြောင်းဈေးကျမှာကို စိုးရိမ်နေကြောင်း သိရှိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာလျှင် ကျပ် ၄၅၀ ရှိခဲ့သော်လည်း ယခုတစ်ပတ်တွင်ကျပ် ၄၀၀ ထိ ဈေးဆက်လက်ကျဆင်းနေကြောင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် ကယားကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။ ကယားပြည်နယ်တွင် တောင်သူအများစုသည် ပြောင်းကိုသာ စီးပွားဖြစ် အဓိကထားစိုက်ပျိုးကြတာကြောင့် ယခင်လက ပြောင်းဈေးအမြင့်ဆုံး တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ကျပ် ၅၃၀ ဈေးရှိခဲ့သော်လည်း ယခု စက်တင်ဘာလအတွင်းတွင် ပြောင်းဈေး ဆက်လက်ကျဆင်းနေတာကြောင့် ယခင်နှစ် အလားတူ ပြောင်းဈေး ဆက်လက်ကျဆင်းလာမှာကို ပြောင်းစိုက်တောင်သူများက စိုးရိမ်နေကြကြောင်း ဒေသခံပြောင်းစိုက်တောင်သူတစ်ဦးရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

ကယားပြည်နယ်တွင် ယခုတစ်ပတ်အတွင်း ပြောင်း(စို)တစ်ပိဿာလျှင် ကျပ် ၃၈၀၊ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၀၀ ဈေးပေါက်ပြီး ယခင်တစ်ပတ်ထက် ဈေးကျလာကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။ ယခုတစ်ပတ်အတွင်း ပြောင်းတင်ပို့ရာတွင် ပြောင်းအိတ် စုစုပေါင်း ၉၀၃၀ အိတ် တန်ချိန်အားဖြင့် ၄၅၃ တန်ခန့်တင်ပို့ထားကြောင်း၊ မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ ပြောင်းတင်ပို့ရာတွင်လည်း မန္တလေးမြို့သို့ ပြောင်းအိတ်ပေါင်း ၂၀၃၀ အိတ်၊ ရန်ကုန်မြို့သို့ ပြောင်းအိတ်ပေါင်း ၅၉၉၅ အိတ်တင်ပို့ထားကြောင်း မြို့ဦးဂိတ်စာရင်းအရသိရှိရပါတယ်။

**ထွန်းနိုင်လင်း(လွိုင်ကော်)**

## မူဆယ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၀၈ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၄၃၅၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၁၂၂၀၀၊ လွယ်ဂျယ်မှ ၁၆၇၅ တန်၊ ချင်းရွှေဟော်မှ ၂၂၃ တန်ခွဲနဲ့ ကန်ပိုက်တီမှ ၂၂၃ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ၁၀၃၇၈ တန်တင်ပို့ခဲ့လို့ ၃၉၇၇ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၁၇၇၁၉ ကျပ်ရှိရာမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက် သီတင်းပတ်အတွင်း ၃၁၀၅၂၁ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၇၇၈ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၂၄၆ စီး ပိုမိုခဲ့ကြောင်း တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၆၄၀ ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**



### လွိုင်ကော်မြို့တွင် အန္တရာယ်ရှိစားသောက်ကုန်နှင့် ဆေးဝါးများအား မီးရှို့ဖျက်ဆီး

ကယားပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရဲ့ အစည်းအဝေးအမှတ် (၇/၂၀၁၇) ဆုံးဖြတ်ချက်အရ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ၊ စားသုံးသူအတွက် အန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းများနဲ့ ရက်လွန်အိမ်သုံးဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို လွိုင်ကော်မြို့ ၄ မိုင်အမှိုက်ကျင်း၌ စက်တင်ဘာ ၂၉ ရက်တွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။

မီးရှို့ဖျက်ဆီးခဲ့တဲ့ပစ္စည်းများမှာ တန်ဖိုးကျပ် ၂၆၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်း ၃၃ မျိုး၊ ကျပ်၄၁၂၅၅၀ တန်ဖိုးရှိ ဆေးဝါးမျိုးစုံ ၃၆ မျိုးတို့ကို ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားသို့ ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါတယ်။

**စားသုံးသူ(ကယား)**

## ယခုတစ်ပတ် ရော်ဘာတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၇ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၀၁၆ တန်ကျော် တင်ပို့ခဲ့ ပါတယ်။ ယခုတစ်ပတ်တင်ပို့မှုများမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS3 အမျိုးအစား ၁၅၁ တန်၊ RSS 5 အမျိုးအစား ၆၃၁ တန်၊ MSR 20 အမျိုးအစား ၁၇၂ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၉ တန်ကျော်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၅၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ရော်ဘာ ၁၀၃၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁ တန် လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်မှာ RSS 3 အမျိုးအစားတစ်တန်ကို ကျပ် ၂၀ ဒသမ ၁၈၄ သိန်း ဈေးရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၆၁၆၆ ကျပ်ဈေးတက်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၄၂၆၃၀၀ တန်ဖိုးရှိ MSR 20 အမျိုးအစား ၂၉၄ တန်ကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မလေးရှား၊ ဂျပန်နဲ့ တရုတ်နိုင်ငံသို့ ရော်ဘာ ၃၀၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ကိုးတန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၁၀၀ ခန့်ဈေးကျ၍ MSR အမျိုးအစားမှာ အနည်းငယ်သာ အတက်အကျရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက မြန်မာ့ရော်ဘာ FOB ဈေးကို RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၁၀၀ ဈေးချ၍ MSR အမျိုးအစားကို ယခင်တစ်ပတ်ဈေးအတိုင်း ဈေးနှုန်း ထုတ်ပြန်ခဲ့ပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၅၅၀-၁၆၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 4 | တစ်တန်လျှင်၊ | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

လူတို့သည် နေ့စဉ်အသက်ရှင်ရပ်တည်နိုင်ရန်နှင့် လုပ်ငန်းများဆောင်ရွက်နိုင်စေရန် အစာအာဟာရများကို မှီဝဲစားသုံးကြရသည်။ နေထိုင်နိုင်ရန်အတွက် အိုးအိမ်များတည်ဆောက်ကြရသည်။ အုတ်၊ သဲ၊ ဘိလပ်မြေ၊ သံ၊ သစ်များဝယ်ယူအသုံးပြုကြရသည်။ လှုပရန်အတွက် အလှကုန်ပစ္စည်းများ အသုံးပြုကြရသည်။ခရီးသွားလာ၍ လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ဆောင်မှုလုပ်ငန်းများကို အားကိုးကြရသည်။အဆိုပါဆောင်ရွက်မှုအားလုံးသည် အန္တရာယ်ကင်းရှင်းရန် အထူး လိုအပ်ပါသည်။ သို့မှသာ သက်ရှည်ကျန်းမာပြီး သာယာဝပြောသော ဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

စားသုံးသူများသည် မိမိတို့နေ့စဉ်ရယူသုံးစွဲလျက်ရှိသော ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ၊ အာမခံချက် ရှိ/မရှိ စသည်တို့ကို သေချာစွာစိစစ်ပြီးမှသာ သုံးစွဲသင့်ပါသည်။

စားသုံးသူများသည် မိမိသေဆုံးဖို့၊ မိမိရောဂါရဖို့အတွက် မိမိတို့ နေ့စဉ်စားသောက် သုံးစွဲလျက်ရှိသော ကုန်စည်ဝန်ဆောင်မှုများကို ငွေကြေးပေးကာရယူနေခြင်းသည် မဖြစ်သင့်ပေ။ အသိတရား လက်ကိုင်ထားကာ သတိထားစားသောက်သုံးစွဲကြရန်မှာ စားသုံးသူများ၏တာဝန်ပင် ဖြစ်ပါသည်။

ဥပဒေ (၂၀၁၄)ပါ ပြဋ္ဌာန်းချက်များအတိုင်း သေသေချာချာ လိုက်နာဆောင်ရွက်ရပေမည်။

**စီးပွားရေးလုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မဟုတ်မမှန် စွပ်စွဲပြောဆိုမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း**

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများသည် စားသုံးသူများအား အမှန်တကယ် အန္တရာယ်ပေးမည် ဆိုသည်မှာ မသေချာဘဲ စီးပွားရေးလုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာစေရန်အတွက်ရည်ရွယ်၍ မဟုတ်မမှန် လိမ်ညာပြောဆိုစွပ်စွဲခြင်းများ မပြုလုပ်ရခြင်းသည်လည်း စားသုံးသူများလိုက်နာရမည့် တာဝန်ပင်ဖြစ်ပါသည်။ ဥပမာ - ဒေါ်ဖြူကို မလိုလားသဖြင့် သူမရောင်းချသောမုန့်တွင် ပိုးကောင်များ ပါဝင်သည်ဟု မဟုတ်မမှန် ပြောဆို၍မရပေ။ တိကျသေချာသော သက်သေရှိမှသာ ပြောဆိုနိုင်ပေမည်။ အထင်နှင့် ပြောဆိုစွပ်စွဲမှုများ မပြုလုပ်ရပေ။

**စားသုံးသူအငြင်းပွားမှုအား သက်ဆိုင်ရာမှဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း**

စားသုံးသူနှင့် ထုတ်လုပ်သူတို့အကြား ပြဿနာဖြစ်ပေါ်နေ၍ သူအမည်၊ သတင်းအချက်အလက်များ စသည်တို့ကို ဖော်ပြမထားသော ကုန်စည်များသည် အရည်အသွေးနှင့်ပတ်သက်၍ အာမခံနိုင်စွမ်းမရှိနိုင်သဖြင့် ဝယ်ယူသုံးစွဲခြင်း မပြုသင့်ပေ။

**တံဆိပ်အမှတ်အသားပါ အချက်အလက် သို့မဟုတ် ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသောကုန်စည်**

စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ကုန်ပစ္စည်းများကို ကြော်ငြာရာတွင်လည်းကောင်း၊ အရောင်းမြှင့်တင်မှုများပြုလုပ်ရာတွင်လည်းကောင်း ၎င်းတို့ပြောဆိုအာမခံပေးထားသည့်အတိုင်း ဥပမာ- တစ်ခုဝယ်လျှင် တစ်ခုလက်ဆောင်ပေးမည်၊ ပစ္စည်းဝယ်လျှင် အိမ်တိုင်ရာရောက် အခမဲ့တပ်ဆင်ပေးမည် စသည်ဖြင့် အာမခံချက်များပေးထားပြီး အမှန်တကယ်ဝယ်ယူသည့်အခါတွင် ပြောဆိုအာမခံထားသည့်အတိုင်း မပြုလုပ်ပေးခြင်းများကို ပြုမူဆောင်ရွက်ခြင်းမှ တားမြစ်သည်ဟု ဆိုလိုပါသည်။

**ထုတ်လုပ်သည့်နေ့စွဲ၊ ထုတ်လုပ်သည့်အမှတ်စဉ်နှင့် နောက်ဆုံးသုံးစွဲရမည့်နေ့စွဲတို့ မပါရှိသောကုန်စည်**

အစားအသောက်များ၊ အလှကုန်များကဲ့သို့သော အချိန်အကန့်အသတ်ဖြင့်သာ လတ်ဆတ်သန့်ရှင်းနိုင်သော ကုန်ပစ္စည်းများတွင်

# pm;o;k;tumtu,fay;a&;twGuf pm;o;k;olrsm; owdxm;oifhonfh tcsufrsm;

| နိုင်ဦး၊ မြင့်မြင့်ချို |

**ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ဖော်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက် နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း**

စားသုံးသူများဘေးရန်ကင်းရှင်းရန်နှင့် လုံခြုံစိတ်ချစေရန် အလို့ငှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့နှင့် ပတ်သက်ပြီး အသုံးပြုရန်အတွက် အသိပေးဖော်ပြထားသည့် ညွှန်ကြားချက်များ (Directions) နှင့် အသုံးပြုပုံ၊ ပြုလုပ်ပုံအဆင့်ဆင့်များ (Instructions)၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့အား အသုံးပြုရန် အကောင်းဆုံးအချိန် (Best Time)၊ အသုံးပြုရန်မသင့်လျော်သော အချိန်များ (Expired Date)၊ ရှောင်ရှားရမည့် အပြုအမူလုပ်ဆောင်ချက်များ (Caution) စသည်တို့ကို သေချာစွာဖတ်ရှုပြီး လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ဥပမာ - ဆေး တစ်ဗူးကို ဝယ်သည်ဆိုပါစို့။ ထိုဆေးဗူးတွင် ဖော်ပြထားသည့် အညွှန်းများ၊ သက်တမ်းကုန်ဆုံးရက်များကို သေသေချာချာဖတ်ရှုပြီး အတိအကျလိုက်နာရမည်ဖြစ်ပါသည်။

**ကုန်စည်သို့မဟုတ် ဝန်ဆောင်မှု ဝယ်ယူအသုံးပြုရာတွင် ရိုးသားဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ခြင်း**

စားသုံးသူများသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူအသုံးပြုသည့်အခါတွင် မိမိအတွက် လိုအပ်ပြီး အသုံးဝင်၍ ဝယ်ယူအသုံးပြုခြင်းဖြစ်သည့် ကောင်းမွန်ရိုးသားသော စိတ်ဖြင့်သာ ဝယ်ယူသင့်ပါသည်။ ထုတ်လုပ်ရောင်းချသူများအား ထိခိုက်နစ်နာမှုဖြစ်ပေါ်စေရန် ရည်ရွယ်၍ ၎င်းတို့ကုန်စည်နှင့် ဝန်ဆောင်မှုများအား ပုတ်ခတ်ပြောဆိုလိုခြင်း၊ လုပ်ငန်းဂုဏ်သတင်း မှေးမှိန်စေလိုခြင်း အစရှိသော မရိုးမဖြောင့်သောစိတ်ဖြင့် ဝယ်ယူအသုံးပြုခြင်းများ မဖြစ်ရပေ။ ဥပမာ - မောင်မဲသည် မောင်ဖြူ၏ စီးပွားရေးလုပ်ငန်း အောင်မြင်သည်ကို မနာလိုသဖြင့် မောင်ဖြူရောင်းချသော ပစ္စည်းများတွင် အပြစ်အနာအဆာများပါရှိသည်ဟု စွပ်စွဲလို၍ မောင်ဖြူရောင်းသော ကုန်ပစ္စည်းကို ဝယ်ယူပြီး လုပ်ငန်းနာမည်ပျက်အောင် ပြုလုပ်လိုခြင်း ရည်ရွယ်ချက်ဖြင့် မရိုးမဖြောင့်သော စိတ်ဖြင့်ဝယ်ယူခြင်းဖြစ်သည်။

**တန်ဖိုးနှင့်ညီမျှသော အဖိုးစားနားပေးချေခြင်း**

စားသုံးသူများသည် မိမိတို့ဝယ်ယူလိုက်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် သဘောတူသတ်မှတ်ထားသော ဈေးနှုန်းအတိုင်း သို့မဟုတ် ညီမျှသော အဖိုးစားနား တစ်ခုခုပေးချေရမည်ဆိုသည်မှာ စားသုံးသူ၏ တာဝန်ပင်ဖြစ်ပါသည်။ ဥပမာ -ကျပ် ၁၀၀၀ တန်သော ပစ္စည်းကို ငွေကျပ် ၁၀၀၀ ပေးရမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်သဘောတူပါက ငွေကျပ် ၁၀၀၀ နှင့် ညီမျှသော အခြားပစ္စည်းတစ်ခုခုကို ပေးချေနိုင်သည်။ ငွေကျပ် ၁၀၀၀ တန် ပစ္စည်းကိုယူပြီး ငွေကျပ် ၅၀၀ သာ ပေးချေ၍မရပေ။

**စားသုံးသူအငြင်းပွားမှုများတွင် သင့်လျော်စွာ ဖြေရှင်းပေးသည့် ဆုံးဖြတ်ချက်များကို လိုက်နာခြင်း**

စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာ အငြင်းပွားမှုများအတွက် ဆုံးဖြတ်ဖြေရှင်းပေးသည့် ဆုံးဖြတ်ချက်များ၊ ကုစားခွင့်များကို စားသုံးသူအကာအကွယ်ပေးရေး

”

**စားသုံးသူများသည် မိမိသေဆုံးဖို့၊ မိမိရောဂါရဖို့အတွက် မိမိတို့ နေ့စဉ်စားသောက် သုံးစွဲလျက်ရှိသော ကုန်စည်ဝန်ဆောင်မှုများကို ငွေကြေးပေးကာရယူနေခြင်းသည် မဖြစ်သင့်ပေ။**

သက်ဆိုင်ရာမှ စုံစမ်းအဖြေရှာနေချိန်တွင် လူထုဆက်သွယ်ရေးနည်းလမ်းများဖြစ်သည့် သတင်း၊ ဂျာနယ်၊ မဂ္ဂဇင်း၊ အသံလွှင့်လိုင်းများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းရှင်များ ထိခိုက်နစ်နာအောင် ပြောဆိုရေးသား ထုတ်လွှင့်ခြင်းများကို မပြုလုပ်ရပေ၊ ရှောင်ရှားရပေမည်။

စီးပွားရေးလုပ်ငန်းရှင် ဟူသော စကားရပ်တွင် ကုန်စည်ကို ထုတ်လုပ်သူများ၊ ဖြန့်ဖြူး ရောင်းချသူများ၊ သိုလှောင်သူများ၊ သယ်ယူပို့ဆောင်သူများ၊ ပြည်ပသို့တင်ပို့သူများ၊ ပြည်ပမှတင်သွင်းသူများ၊ တစ်ဆင့်ပြန်လည်ရောင်းချသူများ၊ ဝန်ဆောင်မှုပေးသူများ၊ ပြုပြင်ထုတ်လုပ်သူများ၊ ကြော်ငြာလုပ်ငန်း လုပ်ကိုင်သူများအားလုံး ပါဝင်သည်။ ၎င်းတို့သည် တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုအနေဖြင့်သော်လည်းကောင်း အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများ ဖြစ်ကြပါသည်။ ထိုစီးပွားရေးလုပ်ငန်းရှင်များအားလုံးသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ဆောင်ရွက်ခြင်းများပြုလုပ်ရာ၌ ထုတ်လုပ်ရောင်းချသည့် ကုန်စည်များ သို့မဟုတ် ပြည်ပနိုင်ငံများမှတင်သွင်းတင်ပို့လာသော ကုန်စည်များနှင့်ပတ်သက်၍ ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ အကျိုးသက်ရောက်မှု၊ အသားတင် အလေးချိန်၊ အသားတင်ထုထည်၊ အရည်အသွေး၊ အဆင့်အတန်း၊ ဖွဲ့စည်းပုံ၊ ပြုလုပ်ပုံနည်းလမ်း၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည်နှင့် လိပ်စာ၊ ရောင်းချ ဖြန့်ဖြူးသူအမည်၊ အမှတ်တံဆိပ်၊ သတင်းအချက်အလက်နှင့် ကြိုတင်သတိပေးချက်တို့မပါရှိသော သို့မဟုတ် ကိုက်ညီမှုမရှိသော ကုန်စည် ဥပမာ- သစ်သီးဖျော်စက်တစ်လုံး ဝယ်ယူလိုက်သည်ဆိုပါစို့။ ထိုဖျော်စက်ကို ထုပ်ပိုးထားသည့် ဗူးပေါ်တွင် ဖော်ပြထားသည့် ထိုစက်နှင့်ပတ်သက်၍ မည်သို့အသုံးပြုရမည်၊ မည်သို့တပ်ဆင်ရမည်၊ တပ်ဆင်ရန် မည်သည့်အစိတ်အပိုင်းများ ပါဝင်သည်ဟု ဖော်ပြထားပြီး ဗူးထဲတွင် ထိုပစ္စည်းများအားလုံး (သို့မဟုတ်) အချို့တစ်ဝက်မပါဝင်သည့် ကုန်ပစ္စည်းများကို ဆိုလိုပါသည်။ ကုန်စည်တစ်ခုကိုဝယ်ယူသည့်အခါ တွင် ထိုကုန်စည်ပေါ်ရှိ အမှတ်တံဆိပ်၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည် နှင့် လိပ်စာ၊ ရောင်းချဖြန့်ဖြူး

ထုတ်လုပ်ခဲ့သည့်နေ့စွဲ၊ ထုတ်လုပ်သည့်အမှတ်စဉ်၊ ထိုပစ္စည်းအားနောက်ဆုံးသုံးစွဲနိုင်မည့်နေ့စွဲ စသည်တို့ပါရှိရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ မပါရှိသည့် ကုန်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည့်အတွက် စာသုံးသူများအနေဖြင့် ဝယ်ယူစားသုံးခြင်း မပြုလုပ်သင့်ပေ။

**သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက် သို့မဟုတ် ညွှန်ကြားချက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြထားခြင်းမရှိသော ကုန်စည် မူလထွက်ရှိသည့် နေရာ သို့မဟုတ် ထုတ်လုပ်သည့်နေရာတို့နှင့် စပ်လျဉ်း၍ မမှန်မကန် ဖော်ပြထားသည့်ကုန်စည်**

အချို့သောကုန်စည်များတွင် ထုတ်လုပ်သည့်နိုင်ငံ၊ နေရာဒေသ၊ တိုင်း/ပြည်နယ် အမည်များအား မှန်ကန်စွာဖော်ပြမထားဘဲ မှားယွင်းစွာ တလွဲဖော်ပြထားသည့် ကုန်စည်များကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဥပမာ - ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Samsung အမှတ်တံဆိပ် ကုန်စည်အား Made in Japan ဟု မှားယွင်းစွာဖော်ပြထားခြင်း။

**သက်ဆိုင်ရာအဖွဲ့အစည်းက သိပ္ပံနည်းကျသုတေသနပြုဆောင် ရွက်ချက်၊ တွေ့ရှိချက် အထောက်အထားများမရှိဘဲ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အာမခံချက်များ ဖော်ပြထားသည့်ကုန်စည်**

ကုန်စည်များကို ပြောဆိုရောင်းချရာတွင်လည်းကောင်း၊ ကြော်ငြာရာတွင်လည်းကောင်း ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အာမခံချက်များ၊ ထောက်ခံချက်များ ရရှိထားခြင်းမျိုးမရှိဘဲ ရရှိထားသည့်ပုံစံမျိုးဖြင့် ပြုလုပ်ရောင်းချခြင်း။

**သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသောကုန်စည်**

နိုင်ငံသားတိုင်းသည် မည်သည့် အလုပ်မျိုးကိုမဆို တာဝန်ယူစိတ်ဖြင့် ပြုလုပ်မှသာလျှင် မိမိတို့ရရှိနိုင်သော အခွင့်အရေးများကို ရရှိနိုင်ပေမည်။ ထို့ကြောင့် စားသုံးသူတိုင်းသည် ‘မည်သည့်အချက်များသည် မိမိတို့လိုက်နာ တာဝန်ယူရမည့် အချက်များဖြစ်ပြီး မည်သည့်အခွင့်အရေးမျိုးသည် စားသုံးသူဖြစ်သည့် မိမိတို့ အခွင့်အရေးဖြစ်သည်’ ကို သေသေချာချာ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် အထူးအရေးကြီးလှပါသည်။

သို့ပါ၍ စားသုံးသူပြည်သူများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဗဟုသုတပြည့်စုံစွာဖြင့် ခေတ်မီသော ကုန်စည် ဝန်ဆောင်မှုများအား ဝယ်ယူစားသောက်သုံးစွဲကြရာတွင် လုပ်ငန်းရှင်များမှ ထုတ်လုပ်သော အန္တရာယ်မကင်းသော ကုန်စည်များကိုရှောင်ရှား ဝယ်ယူသုံးစွဲကြပါရန်၊ လူသားစမ်းသပ်ခန်း သဘောထားကာ စေတနာရှိသယောင်ဖြင့် ပြည်ပမှ တင်သွင်းလာသော ဆေးဝါးများကို သတိထား စားသုံးကြပါရန်၊ ပြည်ပမှ၎င်းတို့နိုင်ငံတွင် မြေဆီလွှာပျက်စီးမှုမခံဘဲ မိမိတို့နိုင်ငံတွင် ၎င်းတို့၏ မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများသုံးစွဲကာ ဆောင်ရွက်လျက်ရှိသော၊ မိမိလူသားများသာမက မိမိနိုင်ငံသားများပိုင်ဆိုင်သောမြေကိုပါသတ်သော ဝိသမ ပြည်ပ စီးပွားရေးသမားများ၏ လုပ်ဆောင်မှုများကို လက်မခံကြပါရန် အသိပေးတင်ပြအပ်ပါသည်။

■ ■ ■

# ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ ၂၀၁၇ မိုးစပါးရာသီတွင် ဒေသခံတောင်သူများကို မျိုးစပါး၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်များအတွက် ငွေကျပ်သန်း ၂၆၀၀၀ ကျော် ပံ့ပိုးပေး

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီကို ဒေသခံဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်၊ တောင်သူများနှင့်ဖွဲ့စည်းခဲ့ရာ ၂၀၀၉ ခုနှစ် ကုမ္ပဏီစတင်ဖွဲ့စည်းချိန်မှစ၍ မြို့နယ်များရှိ စပါးစိုက်တောင်သူများအား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဈေးကွက်ဝင်မျိုးကောင်း မျိုးသန့်စပါးများ စိုက်ပျိုးနိုင်ရန်အတွက် မျိုးသန့်ထုတ်ဇုန် ထူထောင်၍ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးခြင်း၊ အကျိုးတူပူးပေါင်းစိုက်ပျိုးခြင်းတို့အတွက် မျိုးစပါး၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်၊ ရိတ်သိမ်းစရိတ်များကို နှစ်စဉ်မိုး၊ နွေစပါး စိုက်ပျိုးချိန်မှာ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မျိုးသန့်ထုတ်ဇုန်မှာ ၂၀၁၇ မိုးစပါးရာသီအတွင်း ပေါ်ဆန်းကြီး၊ ပေါ်ဆန်းရင်၊ ဆင်းသွယ်လတ်၊ ဆင်းသုခ၊ သီးထပ်ရင် စပါးမျိုး ၃၇၆ ဧကကို GAP စနစ်ဖြင့်စိုက်ပျိုး၍ မျိုးသန့်ထုတ်တောင်သူများကို မျိုးစပါး၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်များ ပံ့ပိုးပေးခဲ့ပြီး မျိုးကွဲပယ်ရာတွင် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှု သုံးကြိမ်ပေး၍ စိုက်ပျိုးထွက်ရှိလာသော မျိုးသန့်စပါးများကို လက်ရှိပေါက်ဈေးထက် ကျပ်တစ်သိန်းဈေးပိုပေးကာ ဝယ်ယူသွားမှာဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

ကန်ထရိုက်လယ်ယာစနစ်ဖြင့် ပုသိမ်၊ ကန်ကြီးထောင့်၊ ရေကြည်၊ သာပေါင်း၊ ကျုံပျော်၊ ငပုတော၊ ကျောင်းကုန်းမြို့နယ်များတွင် တောင်သူများနှင့် ပူးပေါင်း၍ ကုမ္ပဏီမှထုတ်ပေးသော RS မျိုးသန့်စပါးများ စိုက်ပျိုးလျက် သွင်းအားစု (ဓာတ်မြေဩဇာ၊ စက်သုံးဆီ)၊ စိုက်ပျိုးစရိတ်၊ ရိတ်သိမ်းစရိတ် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးပြီး ထွက်ရှိလာသော စပါးများကို အာမခံဈေးပေးကာ ပေါ်ဆန်းရင်တစ်တင်းလျှင် ကျပ် ၇၅၀၀၊ ဆင်းသွယ်လတ် တစ်တင်းလျှင် ကျပ် ၆၀၀၀၊ သီးထပ်ရင် တစ်တင်းလျှင် ကျပ် ၄၅၀၀ နှင့် ကျေးရွာ ၁၀ ရွာ၊ စိုက်ဧက ၃၂၆၅ ဧက၊ တောင်သူဦးရေ ၈၈ ဦးဖြင့် စိုက်ပျိုး၍ ထွက်ရှိလာသောစပါးများမှ တစ်ဧကလျှင် တင်း ၅၀ ရောင်းချရန် တောင်သူများနှင့် ကတိကဝတ်ပြုညှိနှိုင်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးသည့် တောင်သူများကို သွင်းအားစု၊ လယ်ယာသုံးစက်ကိရိယာများအား ပံ့ပိုးပေး၍ ကုမ္ပဏီသို့ စပါးရောင်းချခြင်း သို့မဟုတ် ငွေကြေးပြန်လည်ပေးဆပ်ခြင်းဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးချိန်တွင် အခက်အခဲမရှိစိုက်ပျိုးနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိအချိန်တွင် မြို့နယ်များရှိ ကျေးရွာ ၉၈ ရွာ၊ စိုက်ဧက ၂၅၂၅၆ ဧက၊ တောင်သူဦးရေ ၄၀၁၂ ဦးအတွက် ၂၀၁၇ ခုနှစ် မိုးစပါးရာသီမှာ ပံ့ပိုးချေးငွေ ကျပ် သန်း ၂၆၀၂၀ ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ဧရာပုသိမ်ကုမ္ပဏီမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ



| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၄၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၂။ | တိုယိုတာဝစ်ရှ် (၂၀၁၂) | ယာယီ | ၄၇၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၃။ | ဟွန်ဒါဖစ် ရှပ်တဲလ် (၂၀၁၃) | ယာယီ | ၂၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင်၊ ကီလိုနည်း |
| ၄။ | မတ်(စ်)အီတ်ပ်(စ်) (၂၀၀၆) | ယာယီ | ၃၇၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အာလ်ဖတ် (၂၀၀၆) | N | ၅၇၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ပါဆို (၂၀၁၂) | ယာယီ | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ကလူဂျာ (၂၀၀၄) | L | ၄၆၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၈။ | ရက်တစ် (၂၀၁၂) | ယာယီ | ၂၄၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန်၊ ကီလိုနည်း |
| ၉။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၁၀။ | ဆူဇူကီးကယ်ရီထရပ် (၂၀၀၆) | ယာယီ | ၉၂ သိန်း | 0.6 ဓာတ်ဆီ၊ နယ်လိုင်စင် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ဒို | ဒဂုံမြို့နယ်၊ ကံ့ကော်ကွန်ဒို | ၁၈၀၀ စ/ပေ | MB (၁)၊ BR (၂) | ၁၅ သိန်း | အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၂။ | ကွန်ဒို | ပုလဲကွန်ဒို | ၁၈၀၀ စ/ ပေ | MB (၁)၊ BR (၂) | ၂၃၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၃။ | ကွန်ဒို | ခပေါင်းလမ်းကွန်ဒို | ၂၄၀၀ စ/ပေ | MB (၃) ခန်း | ၂၈၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၄။ | လုံးချင်းအိမ် | ဒဂုံမြို့သစ်(မြောက်)၊ ရွှေပင်လုံအိမ်ရာ | (၆၀ x ၈၀)ပေ | RC (၂) ထပ် | ၃၇၀၀ သိန်း | ပတ်ဝန်းကျင်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၅။ | မြေ | ဒဂုံမြို့သစ်(မြောက်)၊ (၄၄) ရပ်ကွက် | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၇၈၀ သိန်း | | ၀၉/၇၉၆၉၄၄၃၄၉ |
| ၆။ | မြေသီးသန့် | လှည်းကူးမြို့အထွက် လမ်းမကြီးပေါ် | (၁၀၀ x ၁၀၀)ပေ | မြေသီးသန့်၊ အုတ်ခတ်ပြီး | ၇၅၀၀ သိန်း | လမ်းမပေါ် | ၀၉/၇၉၆၉၄၄၃၄၉ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာ၊ ငွေကြာရံ | (၄၀ x ၆၀)ပေ | အုတ်ညှပ် (၁) ထပ် | ၄၅၀၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၈။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၃.၅ x ၄၅)ပေ | (ပ)ထပ် | ၆၅၀ သိန်း | လမ်းမကြီးနီး | ၀၉/၉၇၆၂၁၁၂၃ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်၊ နန်းမြိုင်လမ်းသွယ် | ခြံ (၆၀၀၀) စ/ပေ အိမ် (၁၃၀၀) စ/ပေ | RC (၁) ထပ် | ၄ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |

**စာမျက်နှာ ၁၈ မှ ➤➤➤ မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် . . . အဆက်**

အရှေ့အနောက်စင်္ကြံ တည်ဆောက်ခြင်းဟာ မြန်မာနိုင်ငံရဲ့ ကုန်စည်တွေကို ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းမှတစ်ဆင့် တောင်တရုတ်ပင်လယ်ကို ဖြတ်ကျော်ပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားကို တင်ပို့နိုင်မှာဖြစ်ပါတယ်။

အရှေ့အနောက်စင်္ကြံ တည်ဆောက်ခြင်းကြောင့် အဲဒီလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေအနေနဲ့ စီးပွားရေး၊ လူမှုရေးတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ဆင်းရဲနွမ်းပါးမှုကိုလည်း ပပျောက်အောင်လုပ်ဆောင်ပေးမယ့် လမ်းကြောင်းတစ်ခုအဖြစ် တည်ရှိနေတာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ပို့ကုန်များကို ပြည်ပနိုင်ငံအနှံ့အပြားသို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာနဲ့ တင်ပို့နိုင်ရေးမှာ အရှေ့အနောက်စီးပွားရေးစင်္ကြံ (East-West Economic Corridor) ဟာ အရေးပါတဲ့လမ်းကြောင်းတစ်ခုဖြစ်နေတာကြောင့် မြန်မာ့နိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေးဇုန်တစ်ခုဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်ဟာ အရေးပါတဲ့စီးပွားရေးဇုန်တစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းအောက်တွင် ဆောင်ရွက်နေသည့် Codex HACCP အရ အစားအစာဘေးကင်းရေးစနစ် လုပ်ငန်းတွင်း တိုက်ဆိုင်စစ်ဆေးရေး အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

အမျိုးသား ပို့ကုန်မဟာဗျူဟာ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းအောက်တွင် ဆောင်ရွက်နေသည့် Codex HACCP အရ အစားအစာဘေးကင်းရေးစနစ် လုပ်ငန်းတွင်း တိုက်ဆိုင်စစ်ဆေးရေး အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင် Mrs. Namrata Wakhaloo (International Consultant on Food Safety and Quality) က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် စက်တင်ဘာလ ၂၈ ရက်မှ ၃၀ ရက် အထိ သုံးရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်းဝင် ဆီထွက်သီးနှံကုမ္ပဏီများနှင့် စက်ရုံများအနေဖြင့် မိမိတို့ကုမ္ပဏီအတွင်း လုပ်ငန်းစစ်ဆေးမှုကို သိရှိစစ်ဆေးနိုင်ခြင်း၊ HACCP နှင့် ပတ်သက်သည့် အစားအစာဘေးကင်းရေး လုပ်ဆောင်သင့်သည်များနှင့် Codex HACCP အရ အစားအစာများ သန့်ရှင်းဘေးကင်းစေရန် မည်သို့အကောင်အထည်ဖော်ရမည်ကို နားလည်သဘောပေါက်ခြင်း၊ လုပ်ငန်းစစ် စည်းမျဉ်းများနှင့် စီမံခန့်ခွဲခြင်း၊ မကိုက်ညီသည့် အချက်များနှင့် လုပ်ငန်းစစ် အစီရင်ခံစာ ထုတ်ပြန်ရေးသားခြင်း စသည်တို့ကို သိရှိလာအောင် လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ်စေပြီး သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ တက်ရောက်ခြင်းဖြင့် စီမံကိန်းဝင် ဆီထွက်သီးနှံကုမ္ပဏီများနှင့် စက်ရုံများအနေဖြင့် HACCP စနစ်ကို ထိရောက်စွာ အသုံးချလာနိုင်ခြင်း၊ မိမိတို့လုပ်ငန်းများအတွင်း အစားအစာ ဘေးကင်းရေးစနစ် တိုးတက်လာစေရန်အတွက် ကိုယ်တိုင်စစ်ဆေးလုပ်ဆောင်နိုင်ခြင်း၊ အစားအစာဘေးကင်းရေး လက်မှတ်များရရှိအောင် ဆောင်ရွက်လာနိုင်ခြင်းနှင့် ပြည်တွင်းနှင့် နိုင်ငံခြားမှ စားသုံးသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသဖြင့် မြန်မာ့ဆီထွက်သီးနှံတန်ဖိုး ကွင်းဆက်တိုးတက်လာစေရေးအတွက် ကောင်းမွန်အကျိုးရှိသော ဆွေးနွေးပွဲ ဖြစ်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းဝင် ဆီထွက်သီးနှံကုမ္ပဏီများနှင့် စက်ရုံများမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများ၊ TCC များ သင်တန်းသူသင်တန်းသား စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခက်ခက်နွယ်ဖူး**

# တောင်ကြီးမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

စားသုံးသူ အကာအကွယ်ပေး ရေး ဥပဒေနှင့် ဆက်စပ်ဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကို တောင်ကြီးမြို့ ကုန်သွယ်မှုဗဟိုဌာနခန်းမ၌ စက်တင်ဘာလ ၂၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲတွင် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညီညီအောင်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်ဆက်စပ် ဥပဒေများကို စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် သိရှိကြရမှာ ဖြစ်ပါကြောင်း၊ ဥပဒေအတိုင်း လိုက်နာကျင့်သုံးသွားကြရန်နှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသွားကြရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်က စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မိမိတို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် စားသောက်ကုန်များကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန် နှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များနှင့်ညီညွတ်မှုမရှိသော စားသောက်ကုန်များကို ဈေးကွက်အတွင်းမှ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ မိမိတို့အစီအစဉ်ဖြင့် ရှင်းလင်းဆောင်ရွက်သွားကြရန်၊ တောင်ကြီးမြို့ပေါ်ရှိ ဈေးအသီးသီးနှင့် ရပ်ကွက်များတွင် အသံချဲ့စက်ဖြင့် လှည့်လည် အသိပေးကြော်ငြာခြင်းကို တောင်ကြီးခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရပါသည်။

ထို့နောက် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦးက ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေကိုလည်းကောင်း၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးလွင်ဦးက ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေကိုလည်းကောင်း၊ စည်ပင်သာယာရေး အဖွဲ့မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ အမ်ဇော်မိုင်က ကြက်ငှက်တုပ်ကွေး ရောဂါနှင့် အခြားသိကောင်းစရာများကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးစည်သူစိုးက အမျိုးသားအစားအသောက်ဥပဒေနှင့် GMP စနစ်ဖြင့် ထုတ်လုပ်ရေးကိုလည်းကောင်း ၊ ပြည်နယ်ထုတ်ကုန်လုံခြုံစိတ်ချရမှု လုပ်ငန်းကော်မတီဝင် စားသောက်ကုန်ထုတ်လုပ်၊ တင်ပို့၊ ဖြန့်ဖြူး ရောင်းချရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိုင်းဇော်ဇော်က စားသောက်ကုန်ထုတ်လုပ်၊ တင်ပို့၊ ဖြန့်ဖြူး ရောင်းချသူတိုင်း စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို သိရှိလိုက်နာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဌာနများက လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ထို့ပြင် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိပါသည်။

**စောမောင် (တောင်ကြီး)**

# သနပ်ခါးစိုက်တောင်သူများ ဖွံ့ဖြိုးတိုးတက်ရေး အစုအဖွဲ့ ဖွဲ့၍ ဆောင်ရွက်ပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် သနပ်ခါး အများဆုံးစိုက်ပျိုးလျက်ရှိသော ကနီမြို့နယ် သမင်ခြံကျေးရွာ၊ မင်းမကျေးရွာ၊ ချိုင်ကျေးရွာ၊ လယ်ရှည်ကျေးရွာနှင့် လင်ပုန်းရည်ကျေးရွာများသို့ စက်တင်ဘာ ၁၇ ရက်မှစတင်၍ အစုအဖွဲ့များဖွဲ့စည်းခဲ့ပြီးနောက် စက်တင်ဘာ ၂၇ ရက်တွင် ကနီမြို့နယ်၌ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဖွဲ့စည်းခဲ့ကြောင်း သိရသည်။ ထို့ပြင် ယင်းမာပင်မြို့နယ်၊ ကျောက်ပြုတ်ကျေးရွာ၊ ကျောက်မှော်ကျေးရွာ၊ ပ/သီးကုန်းကျေးရွာ၊ ဘန့်ဘွေးကျေးရွာများသို့ သွားရောက်၍ အစုအဖွဲ့ဖွဲ့စည်းခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင် ယင်းမာပင်မြို့နယ် သနပ်ခါးစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းကို ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သနပ်ခါးမူပိုင်ခွင့်ရရှိရေးနှင့် သနပ်ခါးပင်တစ်ပင်လုံး အသုံးဝင်ပုံနှင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် သနပ်ခါးအစေ့မှ ဆီးချိုကျဆေး၊ နှလုံးအားတိုးဆေးစတင်ထုတ်လုပ်နေပြီး အရွက်မှာလည်း ဆေးဖက်ဝင်တစ်မျိုး စမ်းသပ်ထုတ်လုပ်နေကြောင်းနှင့် သနပ်ခါးအမြစ်မှလည်း အညောင်းကိုက်ဆေးအဖြစ်ဆေးဝါးထုတ်လုပ်နိုင်၍ ပိုမိုစိုက်ပျိုးသင့်ကြောင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ယခုလို အသင်းအဖွဲ့ဖွဲ့ထားမှသာ တောင်သူတွေလိုအပ်သော နည်းပညာတွေကို နိုင်ငံတော်မှ ကူညီပေးနိုင်မှာဖြစ်ပြီး ယင်းမာပင်မြို့နယ် သနပ်ခါးစိုက်ပျိုးရောင်းချသူများအသင်း၊ ကနီမြို့နယ် သနပ်ခါးစိုက်ပျိုးရောင်းချသူများအသင်းဟူ၍ ဖွဲ့စည်းဆောင်ရွက်ပြီးနောက် တိုင်းဒေသကြီး သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်းတည်ထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာ့သနပ်ခါးကို ဂျပန်နိုင်ငံမှ ဂျပန်နိုင်ငံပိုင် မှတ်ပုံတင်ရန်ရှိနေခြင်းကို သနပ်ခါးအစုအဖွဲ့ ဖွဲ့စည်းပြီးသွားပါက တား မြစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မိုးမိုးမြင့် (ယင်းမာပင်)**

# လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာ စီမံကိန်း (Agribusiness Services Center-ASC Project) အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် CITIC Construction Group တို့ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လယ်ယာစီးပွားရေး ဝန်ဆောင်မှုစင်တာ စီမံကိန်း (Agribusiness Services Center–ASC Project) အစည်းအဝေးအား စက်တင်ဘာ ၂၂ ရက်တွင် ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ပုသိမ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် ပုသိမ်ခရိုင်ဦးစီးမှူး၊ ခရိုင် စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူး၊ မြို့နယ် စီမံကိန်းဦးစီးမှူး၊ ဧရာပုသိမ် အများပိုင်ကုမ္ပဏီမှ မန်နေဂျာနှင့် MRF၊ MAPCO မှ တာဝန်ရှိသူများ၊ CITIC မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက MRF၊ MAPCO၊ CITIC တို့ ပူးပေါင်း၍ ဧရာဝတီတိုင်းအတွင်း လယ်ယာကဏ္ဍမြင့်မားတိုးတက်စေရန် ရည်ရွယ်ပြီး တောင်သူများနှင့် အကျိုးတူဆောင်ရွက်ကာ လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာ စီမံကိန်း (Agribusiness Services Center-ASC Project) အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် လာရောက်ဆွေးနွေး ညှိနှိုင်းခြင်းဖြစ်ပါကြောင်း၊ လိုအပ်သည့် အချက်အလက်များအား စုဆောင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၂-၁၀-၂၀၁၇ မှ ၈-၁၀-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းတို့တွင် အမြတ်အစွန်းများပိုမိုရရှိလာတတ်ပါသည်။ ရွှေငွေ၊ ကျောက်မျက်ရတနာများပိုမိုဖြစ်ထွန်းတတ်ပါသည်။ စိတ်ဝင်စားသော၊ ဝါသနာပါသော ပညာရေးတို့တွင် ထူးချွန်မှုနှင့်အတူ အောင်မြင်မှုများရရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းသောရောဂါ၊ အအိပ်အနေမမှန်မှုတို့ကြောင့် ဖြစ်တတ်သောရောဂါတို့ကို သတိပြုသင့်ပါသည်။ **ယတြာ။ သံဃာတော်နှင့်သီလရှင်အား ဝိနည်းစာအုပ်ကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** နို့နှင့်နို့ထွက်ပစ္စည်းများ၊ စည်သွပ်ဗူးလုပ်ငန်းများအကျိုးပေးကောင်းနေပါသည်။ ဝန်ထမ်းဖြစ်လျှင်ရိုးသားကြိုးစားမှုတို့ကြောင့် ရာထူးတိုး၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းများဖြစ်တတ်ပါသည်။ မည်သို့သောပညာရေးဖြစ်စေ ရည်ရွယ်ယုံကြည်မျှော်မှန်းချက်များကို ချမှတ်၍ကြိုးစားလျှင် အောင်မြင်မှုကိုရရှိမည်ဖြစ်ပါသည်။ အသိုင်းအဝိုင်းမိတ်ဆွေအပေါင်းအသင်းများကြောင့် အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးအနေဖြင့်ဖျားနာခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အဆုတ်အားနည်းခြင်းတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။မိမိအိမ်မှဘုရားတွင် ဆီမီး၊ ရေချမ်းကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အကျိုးရှိစေမည့်လုပ်ငန်းများကို ရွေးချယ်၍လုပ်ကိုင်နေရတတ်သည်။ စားသောက်ကုန်ပစ္စည်းများနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ အကျိုးပေးကောင်းနေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတတ်သည်။ ပညာရေးတွင်မှတ်ဉာဏ်အတွေးအခေါ် ကောင်းမွန်နေမည်။ ကျန်းမာရေးတွင် သွေးတိုး၊ လေငန်း ရောဂါစသည်တို့ကို သတိထားရမည်။

**ယတြာ။ ။ဘုရားဝင်းအတွင်းရှိ ဗောဓိညောင်ပင်အား ရေစင်သွန်း၍ မေတ္တာပို့ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရာသီထွက်ကုန်ပစ္စည်းများ၊ ဆီထွက်သီးနှံနှင့်စားသုံးဆီအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းများအကျိုးပေးကောင်းပါသည်။ လုပ်ငန်းကြီးများတွင် ဝင်ထားသော မိမိ၏ရှယ်ယာများမှ အမြတ်အစွန်းများလည်းရရှိ နေတတ်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ချမ်းသာမှုရစေရန် စီးပွားရေးကိုကြိုးပမ်းနေရတတ်ပါသည်။ ကျန်းမာရေးတွင် ခြေလက် ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောအားနည်းခြင်း၊ သွေးလေမညီမျှသော ဝေဒနာကို သတိပြုရတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်အလင်းတိုင်များပူဇော်ပြီး မေတ္တာသုတ်ရွတ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ရှေးဟောင်းအနုပညာလုပ်ငန်းများ၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ ရုပ်ရှင်နှင့်ဇာတ်သဘင်ရိုးရာယဉ်ကျေးမှုအနုပညာရပ်ဆိုင်ရာ လုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ အချစ်ရေးတွင်ချစ်ခင်ကြင်နာမှုရှိနေမည်။ အိမ်ထောင်ရေးတွင် မိဘများ၏ပေးစားမှုကြောင့် အိမ်ထောင်ကျရတတ်သည်။ ကျန်းမာရေးတွင် အစာအိမ်သွေးကြောမျှင်ပေါက်တတ်ခြင်း၊ အပူအစပ်စားမိသောကြောင့် ဝမ်းကိုက်ခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်တတ်ပါသည်။ **ယတြာ။ ။မိတ်ဆွေအပေါင်းအသင်းများအား ထီလက်မှတ်များဝယ်၍လက်ဆောင်ပေးလိုက်ပါ။**



**သောကြာသားသမီးများအတွက်** ကုမ္ပဏီလုပ်ငန်းများ၊ အစိုးရဝန်ထမ်းများဖြစ်ထွန်းအောင်မြင်နေမည်။ ပိုးဖဲ ကတ္တီပါ၊ ချည်ထည်နှင့်အထည်အလိပ်လုပ်ငန်းများ အကျိုးပေးနေတတ်ပါသည်။ အချစ်ရေးကံကောင်းနေမည်။ ပညာရေးတွင် စီးပွားရေးပညာရပ်များ အကျိုးပေးမည်။ ကျန်းမာရေး သတိရှိသင့်သောကာလဖြစ်၍ စိတ်ညစ်စရာသောကများက ကျန်းမာရေးဆိုးရွားလာအောင် ဖျက်ဆီးတတ်ပါသည်။ **ယတြာ။ ။ဗောဓိချွဲသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအရှိန်အဟုန်မြင့်မားလာစေရန် ကြိုးစားရတတ်ပါသည်။ ရော်ဘာနှင့်ရော်ဘာထွက်ပစ္စည်းများ၊ အလှပြုပြင်ရေးနှင့် အလှဆင်လုပ်ငန်းတို့အကျိုးပေးမှုအားကောင်းတတ်ပါသည်။ ပညာရေးတွင်ဇွဲ၊ ဝီရိယပေါ်မူတည်၍ကောင်းနေမည်။ အိမ်ထောင်ရှိပြီးသူများ မိသားစုဘဝအရေး ပင်ပန်းမှုများနှင့် အထူးကြိုးစားဆောင်ရွက်နေရတတ်သည်။ ကျန်းမာရေးတွင် သွေးပေါင်ချိန်ကျခြင်း၊ ခေါင်းမူး၊ ခေါင်းအုံခြင်းဖြစ်နေတတ်သည်။

**ယတြာ။ ။ ဘုရားတွင်ရွှေထီး ခုနစ်လက်လှူပါ။**

## ဗဟန်းမြို့နယ် ဗဟန်းဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စက်တင်ဘာ ၂၆ ရက်တွင် ဗဟန်းမြို့နယ်ရှိ ဗဟန်းဈေးသို့ ကွင်းဆင်းစစ်ဆေး၍ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရန် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကွင်းဆင်းစစ်ဆေးအသိပညာပေး ဆောင်ရွက်ရာတွင် ခရိုင်စားသုံးသူ အငြင်းပွားဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေး ဦးဆောင်၍ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဗဟန်းဈေးအတွင်းရှိ မုန့်မျိုးစုံဆိုင်နှစ်ဆိုင်၊ မုန့်ဖတ်ဆိုင်နှစ်ဆိုင်၊ ကုန်စုံဆိုင်တစ်ဆိုင်၊ ကုန်ခြောက်ဆိုင်ခြောက်ဆိုင်၊ ကုန်စိမ်းဆိုင်နှစ်ဆိုင်၊ ငါးပိ/ ငါးခြောက်နှစ်ဆိုင် စုစုပေါင်း ၁၅ ဆိုင်တို့အား ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

ထိုကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ဈေးရောင်းချသူများအနေဖြင့် မိမိရောင်းချသည့်ပစ္စည်းများအား အများပြည်သူ စားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များကိုသာ ရောင်းချရန်နှင့် မိမိရောင်းချသည့် ပစ္စည်းများသည် FDA မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိမှသာ ရောင်းချရန်ပြောကြားဆွေးနွေးခဲ့ပါသည်။

**သန်းအေး (စားသုံးသူ)**

## ပုသိမ်မြို့တွင် ကျန်းမာရေးနှင့်ညီညွတ်သော မြေပဲဆီသန့်များအား ဈေးကွက်တွင်ရောင်းချလျက်ရှိ

ပုသိမ်မြို့၊ အောင်ရတနာလမ်းရှိ သိမ်းဝမြေပဲဆီသန့်ရောင်းဝယ်ရေးက အရောအနှောမပါ ရာနှုန်းပြည့်အာမခံ မြေပဲဆီသန့်ကို ၂၀၁၇ ခုနှစ် ဇွန်လမှ စတင်ရောင်းချလျက်ရှိရာ လက်ရှိအချိန်တွင် လာရောက်ဝယ်ယူသူ များလာ၍ ဈေးကွက်ကျယ်ပြန့်လာချိန် ရောင်းအား မြင့်တက်လျက်ရှိကြောင်း သိရသည်။

မြေပဲဆန်ကုန်ကြမ်းကို ငပုတော မြို့နယ်၊ ငရုတ်ကောင်းကမ်းခြေ၊ ဂေါ်ရင်ဂျီကျွန်းကမ်းခြေဦးဒေသများမှ အဓိက ဝယ်ယူ သိုလှောင်ကာ ဆီကြိတ်၍ ရောင်းချခြင်းဖြစ်ကြောင်း၊ လူတိုင်း နေ့စဉ်စားသောက်ရာတွင် မပါမဖြစ် အသုံးပြုနေသော ဈေးကွက်အတွင်းရှိ ဆီများတွင် စီးပွားရေးလုပ်ငန်းရှင်တချို့မှာ စီးပွားရေးကျင့်ဝတ်များ ချိုးဖောက်၍ အရည်အသွေးမမီ အရောအနှောများ ပါဝင်နေသောဆီများကို ဝယ်ယူစားသုံးခြင်းဖြင့် ရေရှည်တွင် ကျန်းမာရေး ထိခိုက်ရုံသာမက နိုင်ငံ၏လူသားအရင်းအမြစ်များနှင့် စီးပွားရေး ကျဆင်းလာသည်အထိ ဆုံးရှုံးမှု များပြားနိုင်ကြောင်း၊ ထို့ပြင် ဘေးအန္တရာယ်ဆိုးကျိုးများနှင့် နာတာရှည်ရောဂါများ မဖြစ်ပွားစေရန်အတွက်သာမက စားသုံးသူ အကျိုးစီးပွားကာကွယ်ရေး၊ ဘေးဥပဒ် အန္တရာယ် ကင်းရှင်းသော ပဲဆီသန့်များ စားသုံးနိုင်ရေးအတွက် ရည်ရွယ်ကာ ယခုလိုမြေပဲဆီသန့်ကို ရောင်းချခြင်းဖြစ်ကြောင်း သိမ်းဝဆီသန့်ရောင်းဝယ်ရေးပိုင်ရှင် ကိုသူရထက်သိန်းက ပြောပါသည်။

မြေပဲဆီသန့်ကြိတ်စက်ကိုမန္တလေးမြို့ရှိ PPT Family Co.,Ltd မှဝယ်ယူ၍ ဆီသန့်ကြိတ်ကာ ရောင်းချခြင်းဖြစ်ကြောင်း၊ လက်ရှိ တစ်လလျှင် ပိဿာချိန် ၇၀၀ မှ ၈၀၀ ခန့်ရောင်းချလျက်ရှိပြီး ဆီကြိတ်ရာတွင်လည်း သတ်မှတ်အဆင့် ၅ ဆင့်အတိုင်း ဆီသန့်များကိုကြိတ်၍ ၅၀ ကျပ်သား၊ တစ်ပိဿာ၊ ၁၀ ပိဿာဝင်ပုံးများနှင့် ပုသိမ်မြို့ပေါ်တွင်သာမက ဧည့်ခရီးသွားများပါ ဝယ်ယူလျက်ရှိပြီး တရားရိပ်သာများနှင့် ရန်ကုန်မြို့သို့လည်း လက်ဆောင်အဖြစ်ပေးရန် ဝယ်ယူလျက်ရှိကြောင်း၊ ပဲဆီသန့်ရောင်းချရာတွင် ဝယ်ယူသူကိုယ်တိုင် စိတ်တိုင်းကျ လာရောက်လေ့လာဝယ်ယူနိုင်သလို စားသုံးရာတွင်လည်း အနံ့အရသာကောင်းမွန်၍ ဝယ်ယူသူများ နှစ်ခြိုက်စွာဝယ်ယူစားသုံးလျက် ယခင်ထက် လူသိများ၍ အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ နယ်မှကြိုတင် မှာယူလိုပါက ဖုန်းနံပါတ် ၀၉-၄၂၇၅၆၂၁၅၆၊ ၀၉-၄၂၇၅၆၂၁၅၇ သို့ ဆက်သွယ်၍ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိမ်းဝဆီသန့် ရောင်းဝယ်ရေးပိုင်ရှင်က ဆက်လက်ပြောကြားပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## ဂန့်ဂေါမြို့နယ် ညောင်လယ်ကျေးရွာတွင် ပြည်တွင်း ကုန်သွယ်မှု မြှင့်တင်ရေးအတွက် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရေးနှင့် အသင်းအဖွဲ့ များ ဖွဲ့စည်းနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးသန်းဦး၊ ဂန့်ဂေါမြို့နယ် တာဝန်ခံ ဒေါ်စိုးယုဆွေနှင့် ထီးလင်းမြို့နယ် တာဝန်ခံ ဒေါ်အိသဲအောင်တို့သည် စက်တင်ဘာ ၂၅ ရက်တွင် ဂန့်ဂေါမြို့နယ်၊ ညောင်လယ်ကျေးရွာတွင် ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရေးနှင့် အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေး အတွက် အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့ရာ တောင်သူ ၈၈ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦးက ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးဖို့ လိုအပ်ကြောင်း၊ သီးနှံများ ဈေးကွက်ဝင်ရန် တစ်ဦးကို တစ်မျိုး စိုက်တာမဟုတ်ဘဲ များများစိုက်ပျိုးဖို့ လိုအပ်ကြောင်း၊ သို့မှသာလျှင် မျိုးကောင်း၍ အထွက်ကောင်းပြီး ဈေးကောင်းရနိုင်မှာ ဖြစ်ကြောင်း၊ မိမိတို့စိုက်ပျိုးထုတ်လုပ်သောသီးနှံများကို မိမိတို့ စားသုံးနိုင်သည်ထက် ပိုလွန်သည်များကို ရောင်းချကြသူများဖြစ်သောကြောင့် ဈေးကောင်းရဖို့ လိုအပ်ကြောင်း၊ ထို့ကြောင့် ဈေးကွက် အပြောင်းအလဲနှင့် ကြုံလာလျှင်များစွာနစ်နာရကြောင်း၊ မိမိတို့နိုင်ငံမှ အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနေသော သီးနှံများစွာရှိနေကြောင်း၊ နိုင်ငံခြားထိ တင်ပို့ရောင်းချနိုင်မည့် သီးနှံများ စိုက်ပျိုးနိုင်ရန် စဉ်းစားဖို့လိုအပ်ကြောင်း၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချရာတွင် နမူနာပေးရပြီး ဓာတ်ခွဲစမ်းသပ်ခံနိုင်မှ ဝယ်ယူတာဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံများကို ဓာတုဓာတ်ကြွင်းနည်းဖို့ လိုအပ်ကြောင်း၊ ကိုင်တွယ်ထိန်းသိမ်းမှု နည်းစနစ်မမှန်၍လည်း ဓာတုဆေးကြွင်းများနေကြောင်း၊ ပိုးသတ်ဆေးသုံးစွဲရာတွင်လည်း နည်းစနစ်မှန်ဖို့ လိုအပ်ကြောင်း၊ ထို့ကြောင့် ပိုးသတ်ဆေးကြွင်းနည်းအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချနေသော သီးနှံများမှာ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ ကြက်သွန်နီ၊ နှမ်း၊ စပါး၊ ကုလားပဲ၊ ငရုတ်သီးခြောက်တို့ဖြစ်ကြောင်း၊ ကြက်သွန်ဖြူဆိုရင် ပြည်တွင်းမှာ မလုံလောက်တဲ့အတွက် နိုင်ငံခြားမှ ပြန်သွင်းနေရကြောင်း၊ နနွင်း၊ မာလာဖူးဥခြောက်၊ ဝဥခြောက်၊ ချင်းတက်များမှာလည်း ဈေးကွက်ဝင် သီးနှံများဖြစ်ကြောင်း၊ ထိုသို့သော သီးနှံများကိုလည်း စိုက်ပျိုးဖို့ လိုအပ်ကြောင်း၊ နှစ်ရှည်သီးနှံများဖြစ်သည့် လျှော်ဖြူနှင့် ကြယ်ပဲကိုလည်း စိုက်ပျိုးသင့်ကြောင်း၊ မိမိဒေသ ရာသီဥတုနှင့်ကိုက်ညီပြီး စိုက်ပျိုးဖြစ်ထွန်းမည့် သီးနှံများကို ပြည်တွင်း ကုန်သွယ်မှု မြှင့်တင်ရေးအတွက် များများ စိုက်ပျိုးရန် လိုအပ်ကြောင်း ဆွေးနွေး ပြောကြားခဲ့ပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# တရုတ်နိုင်ငံတွင်ကျင်းပမည့် Hainan International Coffee Congress and Beverage Expo 2017 တွင် ပါဝင်နိုင်ရန်အတွက် မြန်မာနိုင်ငံအား ဖိတ်ကြားခြင်းခံရ

တရုတ်နိုင်ငံတွင် ကျင်းပမည့် Hainan International Coffee Congress and Beverage Expo 2017 တွင် ပါဝင်နိုင်ရန်အတွက် မြန်မာနိုင်ငံအား ဖိတ်ကြားခြင်းခံရကြောင်း သိရသည်။

အဆိုပါပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ်၊ ဟိုင်ခိုမြို့တွင် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်အတွက် UMFCCI အသင်းချုပ်မှတစ်ဆင့် သစ်သီးဝလံအသင်းသို့ ဖိတ်ကြားခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပါဝင်ပြသရန်အတွက် ကော်ဖီအဓိကစိုက်ပျိုးထွက်ရှိသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံကို ဖိတ်ကြားထားပြီး တရုတ်နိုင်ငံမှသက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းရှင်များမှ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတွက်ကိုလည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင် ၆ ဦးကို ဖိတ်ကြားလိုကြောင်း သိရသည်။

ပြည်တွင်းမှ ပါဝင်ပြသမည့် လုပ်ငန်းရှင် ၆ဦးအတွက်ကိုလည်း တစ်ဦးလျှင် ၉ စတုရန်းမီတာရှိပြခန်း အခမဲ့သုံးစွဲခွင့်၊ ပြခန်းပြင်ဆင်ခြင်း၊ တည်းခိုနေထိုင်ခြင်းနှင့် လေဆိပ်(ကြိုပို့) စရိတ်တို့ကို ပြပွဲကျင်းပရေးကုမ္ပဏီမှ ကျခံပေးမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လေယာဉ်လက်မှတ်ခ (သွား၊ ပြန်)နှင့် ခင်းကျင်းပြသသည့်ကုန်စည်အတွက် လေဆိပ်အကောက်ခွန်မှာ ပါဝင်ပြသသူသာကျခံရမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်အပြင် မြန်မာ့ရိုးရာအစားအစာကိုပါ ခင်းကျင်းပြသနိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ယခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲသို့ ဝင်ရောက်ပြသလိုသည့် သက်ဆိုင်ရာ အသင်းဝင်များ၊ အသင်းသားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များကို ရုံးအဖွဲ့ ၀၁-၂၁၈၃၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ ■

# သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် "တယ်လီနောသာသာယာယာ" အား ထပ်မံမိတ်ဆက်

တယ်လီနောအနေဖြင့် ပြည်တွင်းသို့ရောက်ရှိသည့် သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် 'တယ်လီနော သာသာယာယာ' ဝန်ဆောင်မှုအား စတင်မိတ်ဆက်ခဲ့သည်။




အဆိုပါဝန်ဆောင်မှုမှာ တယ်လီနောသုံးစွဲသူအချင်းချင်း ဖုန်းခေါ်ဆိုခ ၁ မိနစ်လျှင် ၁၀ ကျပ်သာကျသင့်မည်ဖြစ်ပြီး လွယ်ကူစွာရယူ အသုံးပြုနိုင် မည်ဖြစ်သည်။ အဆိုပါအစီအစဉ်အသုံးပြုရန်အတွက် *979*10# သို့ ဖုန်းခေါ်ဆိုရမည်ဖြစ်ပြီး ချက်ချင်းစတင်အသုံးပြုနိုင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံက အသုံးပြုသူအားလုံးရဲ့ နေ့စဉ်လှုပ်ရှားသွားလာမှုတွေ၊ သူတို့ရဲ့ သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့ နီးနီးကပ်ကပ်ရှိဖို့အတွက် ဖုန်းခေါ်ဆိုမှုတွေအပေါ်ကို အားထားနေရပါသေးတယ်။ အဲဒါကြောင့် တစ်မိနစ်ကို ၁၀ ကျပ်သာကျသင့်မယ့် ဒီအစီအစဉ်သစ်နဲ့ အတူ အသုံးပြုသူတွေ အချိန်ပိုမိုကြာမြင့်စွာ ဖုန်းခေါ်ဆိုမှုတွေလုပ်နိုင်မှာပါ"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောသည်။

ဒါ့အပြင် ဒေတာအသုံးပြုသူများအတွက် ၁ မဂ္ဂါဘိုက်လျှင် အနည်းဆုံး ၁ ဒသမ ၂၅ ကျပ်သာကျသင့်မည့် 'ဒေတာစုဘူး' အစီအစဉ်ကိုလည်း ပြန်လည်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဒေတာနှင့် ဖုန်းခေါ်ဆိုမှုအစီအစဉ် နှစ်ရပ်ဖြင့် တယ်လီနောအသုံးပြုသူများအတွက် ဆွဲဆောင်မှုအရှိဆုံး ဝန်ဆောင်မှုများအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောအနေဖြင့် မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော မိုဘိုင်းကွန်ရက်ကို ပိုင်ဆိုင်ထားပြီး ဆက်သွယ်ရေးတာဝါတိုင်ပေါင်း ၈၀၀၀ နှင့်အတူ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အားလုံးနှင့် မြို့နယ် အများစုအား ဝန်ဆောင်မှုများပေးနေကြောင်း၊ ဒါ့အပြင် ကျေးလက်ဒေသများသို့ ကွန်ရက်ကျယ်ပြန့်လာသည်နှင့်အမျှ ဖုန်းခေါ်ဆိုမှုများလည်း ဆက်လက် မြင့်တက်ရန် မျှော်မှန်းထားကြောင်း သိရသည်။

# ဒုတိယအကြိမ်မြောက် e-Government Conference and ICT Exhibition 2017 ပြပွဲကို နေပြည်တော်တွင် ကျင်းပမည်

ဒုတိယအကြိမ်မြောက် e-Government Conference and ICT Exhibition 2017 ကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Conference and ICT Exhibition 2017 ကို နိုဝင်ဘာလ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF) က စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ထူးခြားတဲ့အစီအစဉ်အနေနဲ့ VIP Discussion Panel လုပ်သွားဖို့ရှိတယ်။ နောက်ပြီး 'Strategies for the Digital Myanmar' ဆိုတဲ့ ခေါင်းစဉ်အောက်မှာလည်း ဆွေးနွေးမှုတွေ လုပ်သွားမယ်။ ကျန်တာတွေကတော့ အရင်နှစ်ကအတိုင်း စာတမ်းဖတ်ပွဲတွေ၊ နည်းပညာနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကို ထည့်သွားမှာပါ"ဟု မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းမှ ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ပြောသည်။

သူကပဲ ဆက်ပြီး "စာတမ်းဖတ်ပွဲနဲ့ ပတ်သက်ပြီး အပြင်ကဆွေးနွေးချင်တဲ့သူတွေအနေနဲ့ကတော့ စာတမ်းစိစစ်ရေးကော်မတီမှတစ်ဆင့် ဆက်သွယ်လို့ရပါတယ်။ အဲ့ဒါကိုမှ ကွန်ပျူတာအသင်းချုပ်က ရွေးချယ်သွားမှာပါ။ ဒါပေမဲ့ ဒီပွဲမှာ တခြားစာတမ်းဖတ်ပွဲတွေလို အချိန်အများကြီး မပေးပါဘူး။ ၁၅ မိနစ်လောက်ပဲ အချိန်ပေးမှာမို့လို့ အဲဒါကိုတော့ နားလည်စေချင်ပါတယ်" ဟု ပြောသည်။

နှစ်ရက်တာကျင်းပမည့် Conference and ICT Exhibition 2017 တွင် အလုပ်ရုံဆွေးနွေးပွဲ၊ နည်းပညာ စာတမ်းဖတ်ပွဲနှင့် နည်းပညာပြပွဲများ ပါဝင်မည်ဖြစ်ပြီး အစိုးရပိုင်၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ သံရုံးများနှင့် လုပ်ဖော်ကိုင်ဖက် နည်းပညာကုမ္ပဏီများကို ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ ကျင်းပရခြင်းမှာလည်း ဌာနဆိုင်ရာ CIO များအနေဖြင့် e-Government နှင့်ပတ်သက်၍ နောက်ဆုံးပေါ် နည်းပညာနှင့် အခြေအနေကို နားလည်စေရန်၊ ပြည်တွင်းကုမ္ပဏီများ၏ စွမ်းဆောင်ရည်များကို ဌာနဆိုင်ရာအကြီးအကဲများအား ပြသနိုင်စေရန်နှင့် အစိုးရသစ်၏ နည်းပညာအပေါ် အလေးထားမှုကိုနိုင်ငံတကာသို့သက်သေပြနိုင်ခြင်းအားဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းကြားတွင် အပေါင်းလက္ခဏာပြနိုင်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

# ကလေးများအတွက် ရွှေ့လျားကစားကွင်းပါရှိမည့် LACTOGEN 3 Grow Happy ခရီးစဉ်ကို မြို့ကြီး ခုနစ်မြို့တွင် ပြုလုပ်မည်

ကလေးများအတွက် ရွှေ့လျားကစားကွင်းပါရှိမည့် LACTOGN 3 Grow Happy ခရီးစဉ်ကို ပြည်တွင်းရှိ မြို့ကြီး ၇ မြို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်မှာ ကလေးများနှင့် မိဘများအတွက် အထူးစီစဉ်ပေးထားခြင်းဖြစ်ပြီး ပါဝင်လိုသူများအနေဖြင့် Lactogen 3 Grow နို့မှုန့်ဗူးသေး နှစ်ဗူးဝယ်ယူရမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲကိုလုပ်ရတာက ကလေးငယ်တွေနဲ့ မိဘတွေအတွက် အဓိကထားပြီး လုပ်တာပါ။ ဒီအစီအစဉ်မှာ ပါဝင်ဖို့အ တွက်လည်း လက်တိုဂျင်-၃ နို့မှုန့်ဗူး (သေး) နှစ်ဗူးဝယ်တာနဲ့ ကလေးတွေ ဆော့ကစားဖို့လက်မှတ်လေးတွေ ပေးသွားမှာပါ။ ကလေးတွေကစားနေချိန်မှာ မိဘတွေထိုင်စောင့်နေရတာမျိုး မဖြစ်ရအောင် စီစဉ်ထားပါတယ်"ဟု နက်စလေမြန်မာလီမိတက်မှ ကိုထက်လင်းအောင်က ပြောသည်။

"မိဘတွေလည်း ကလေးတွေနဲ့အတူ ပျော်ရွှင်နိုင်ဖို့အတွက် အချက်အပြုတ်သင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး အခမဲ့ဆွေးနွေးတိုင်ပင်ခြင်းနဲ့ Zumba အကသင်တန်းတွေကို စီစဉ်ပေးထားပါတယ်။ အားလုံးကိုလည်း ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်"ဟု ၎င်းကဆက်လက် ပြောကြားသည်။

LACTOGEN 3 Grow Happy ခရီးစဉ်ကို မကွေး၊ ပြည်၊ ရန်ကုန်၊ တောင်ကြီး၊ နေပြည်တော်၊ မန္တလေးနှင့် မော်လမြိုင်မြို့များတွင် ကျင်းပသွားမည်ဖြစ်ပြီး အောက်တိုဘာ ၇ ရက်နေ့တွင် စတင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ခရီးစဉ်များတွင် အနုပညာရှင်မိခင်များဖြစ်သော မယ်လိုဒီ၊ မျိုးစန္ဒီကျော်နှင့် မိုးပြည့်ပြည့်မောင်တို့က သတ်မှတ်ထားသည့်မြို့များသို့လိုက်၍ ပါဝင်အားဖြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ Grow Happy ခရီးစဉ် ပြီးဆုံးပါကလည်း အထက်ပါမြို့ကြီး ခုနစ်မြို့မှ ရွေးချယ်ထားသည့် ပရဟိတ မိဘမဲ့ကလေးများကျောင်းတွင် မွေးနေ့ပွဲများ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# စတုတ္ထအကြိမ်မြောက် Propak Myanmar 2017 ပြပွဲကျင်းပ




မြန်မာနိုင်ငံ၏ အကြီးမားဆုံး နိုင်ငံတကာ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာ ကုန်သွယ်ရေးအခမ်းအနားဖြစ်သော စတုတ္ထအကြိမ်မြောက် Propak Myanmar 2017 အခမ်းအနားကို စက်တင်ဘာလ ၂၁ ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါပြပွဲကို မင်းဓမ္မလမ်းရှိ Myanmar Event Park တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၂၀ နိုင်ငံမှ ကုမ္ပဏီများနှင့် အီတလီ၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းတွဲ လေးခု ပါဝင်ပြသခဲ့ကြောင်း သိရသည်။

"ဒီပြပွဲက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုကဏ္ဍအတွက် အထောက်အကူဖြစ်စေမှာပါ။ နောက်ပြီး ကမ္ဘာ့အကျော်ကြားဆုံး ကုမ္ပဏီတွေကနေ လေ့လာသင်ယူနိုင်သလို သူတို့နဲ့ ချိတ်ဆက်နိုင်မယ့် အခွင့်အလမ်းတွေလည်း ရရှိမှာပါ"ဟု မြန်မာနိုင်ငံစားသောက်ကုန် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအေးဝင်းက ပြောသည်။

ပြပွဲတွင် ထုပ်ပိုးခြင်း၊ ဖြည့်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ အရည်အသွေး အာမခံချက်ပေးခြင်း၊ စစ်ဆေးခြင်းနှင့် တိုင်းတာခြင်းဆိုင်ရာကဏ္ဍများအပြင် ဆက်စပ်နယ်ပယ်မှ စက်ပစ္စည်းများ အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အေးခဲခြင်း၊ တံဆိပ်ကပ်ခြင်းနှင့် ညစ်ညမ်းမှုထိန်းချုပ်ခြင်းတို့အတွက် စက်ကိရိယာ၊ နည်းပညာနှင့် ကုန်ကြမ်းပစ္စည်းများအား နိုင်ငံတကာ ကုန်ထုတ်လုပ်သူများမှ ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

ချောစု စုစည်းတင်ပြသည်။

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၂) (Weekend Course) သင်တန်းဆင်းပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)၏ International Trade Weekend Course Batch (2) ၏ သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(ရန်ကုန်တိုင်းဒေသကြီး) ရုံး ညီလာခံခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။




"ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု ဖြေလျှော့ပေးခြင်းဆိုင်ရာလုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာနယ်ပယ်၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနယ်ပယ်၊ ကုန်သွယ်မှု စေ့စပ်ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းနယ်ပယ်၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှုပညာပေးရေးလုပ်ငန်းနယ်ပယ်တို့ကို ဦးစားပေးလုပ်ဆောင်လျက်ရှိတဲ့အတွက် ကုန်သွယ်မှုကဏ္ဍမှာ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံကုန်သွယ်မှုအနေနဲ့ Global Supply Chain Trade ဖြစ်လာတဲ့အတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးဖို့ အခွင့်အရေးတွေ ရှိနေပြီဖြစ်ပါတယ်။

ဒါကြောင့် SME လုပ်ငန်းတွေရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြှင့်တင်နိုင်အောင် ပိုမိုလေ့လာ၊ ပိုမိုပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကာ ပို့ကုန်ပိုမိုတင်ပို့နိုင်အောင် ကြိုးစားရမယ့် အချိန်အခါဖြစ်တဲ့အတွက် လိုအပ်တဲ့ပံ့ပိုးမှုများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန်ဖြည့်စွမ်းပေးသွားရမှာဖြစ်သလို ကုန်သွယ်မှုနဲ့ဆိုင်တဲ့ အခြားဝန်ကြီးဌာနများနှင့်လည်း ဆက်စပ်ပူးပေါင်းဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောကြားသည်။

နိုင်ငံတကာ စီးပွားရေးဈေးကွက်ကို ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် ပို့ကုန်လုပ်ငန်းရှင်နှင့် ကုန်သွယ်ရေးလုပ်ငန်းရှင်သစ်များ မွေးထုတ်ပေးရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်မှုသင်တန်းကျောင်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲ ရန်ကုန်မြို့၌ ပြုလုပ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲ (ARGI-LIVESTOCK-FISHERIES EXPO MYANMAR 2017) ကို ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်၌ စက်တင်ဘာ ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲတွင် ယူနိုက်တက်ကင်းဒမ်း၊ အီတလီ၊ အိန္ဒိယ၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ ကိုရီးယား၊ တရုတ်၊ ဂျပန်၊ မလေးရှားနိုင်ငံတို့မှ ကုမ္ပဏီ ၄၀ ကျော်လာရောက်ပြသခဲ့ပြီး လေ့လာသူ အများအပြား လာရောက်ခဲ့ကြောင်း သိရသည်။



စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးမဏ္ဍိုင်တစ်ခုဖြစ်သည့်အပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် လူသားတို့၏ပရိုတိန်းဆိုင်ရာလိုအပ်ချက် ဖြည့်ဆည်းရေးတွင်လည်းကောင်း၊ စားနပ်ရိက္ခာ ဖူလုံမှုမြှင့်တင်ရန်နှင့် ကျေးလက်ဒေသများအတွက် လိုအပ်သောထောက်ပံ့မှုများရရှိစေရန်လည်းကောင်း ဒုတိယအရေးကြီးသောအပိုင်းကဏ္ဍအဖြစ် ထည့်သွင်းစဉ်းစားနေကြပြီ ဖြစ်ကြောင်း၊ မြန်မာအစိုးရ၏ စီးပွားရေးရည်မှန်းချက်များအရ ထုတ်ကုန်များ၏ အရည်အသွေးကို တိုးမြှင့်စေရန်နှင့် လယ်သမား၊ တံငါသည်များအတွက် နည်းပညာများနှင့် အသိပညာများကိုပေးစွမ်းပြီး ထုတ်ကုန်စွမ်းအား တိုးမြှင့်ခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ရန် ရည်ရွယ်ကြောင်း ယခုပြပွဲကို စီစဉ်သည့် Minh Vi Exhibition and Advertisement Services Co.,Ltd မှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲတွင် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နောက်ဆုံးပေါ် ကုန်ပစ္စည်းအသစ်များ၊ ဓာတုပစ္စည်းများနှင့် စက်မှုဆိုင်ရာပစ္စည်းများကို ပြသပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မွေးမြူရေးကဏ္ဍနှင့် ပတ်သက်၍ မွေးမြူရေး၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ အစားအစာကျွေးမွေးခြင်းများနှင့် အသားထုတ်လုပ်မှုဆိုင်ရာနည်းစနစ်များကို ပြသပေးခဲ့သည်။

ရေလုပ်ငန်းကဏ္ဍအတွက် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ငါးသားဖောက်လုပ်ငန်းများတွင် ဝယ်လိုအားနှင့် မျှော်လင့်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ထုတ်ကုန်များ၊ ဇီဝနည်းပညာများနှင့် ပစ္စည်းကိရိယာများကို ထည့်သွင်းပြသပေးခဲ့သည်။

# တရုတ်(တိုင်ပေ)နိုင်ငံထုတ် အဆင့်မြင့်နည်းပညာသုံး ကုန်ပစ္စည်းများ စတင်မိတ်ဆက်

တရုတ်(တိုင်ပေ)နိုင်ငံထုတ် အဆင့်မြင့်နည်းပညာသုံး ကုန်ပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ မိတ်ဆက် ပေးခဲ့သည့် Taiwan Excellence 2017 အခမ်းအနားကို ရန်ကုန်မြို့၊ ချက်ထရီယံဟိုတယ်၌ စက်တင်ဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့သည်။

Taiwan Excellence 2017 အခမ်းအနားကို တရုတ်(တိုင်ပေ) စီးပွားရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုအဖွဲ့အစည်းမှ ပံ့ပိုးကူညီ၍ ထိုင်ဝမ်ပြည်ပကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ထိုင်ဝမ်ထူးချွန်ဆု ရရှိခဲ့သော ကုန်ပစ္စည်းများကို မိတ်ဆက်ခဲ့ကြောင်း သိရသည်။

"ထိုင်ဝမ်ထူးချွန်ဆုဆိုတာက ကမ္ဘာတစ်ဝန်းရှိ သုံးစွဲသူတွေအတွက် ဖန်တီးပေးထားတဲ့ အရည်အသွေးမြင့်၊ ဆန်းသစ်တဲ့ ထိုင်ဝမ်နည်းပညာ၊ ကုန်ပစ္စည်းတွေကို ပေးအပ်တာပါ။ ဒီကုန်ပစ္စည်းတွေဟာ သုတေသန ကောင်းကောင်းနဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီဇိုင်း၊ အရည်အသွေး၊ ဈေးကွက်ရှာဖွေခြင်းအပြင် တရုတ်(တိုင်ပေ)နိုင်ငံမှာ ပြုလုပ်ထားတဲ့ အရည်အသွေးတွေကို အခြေခံထားတာပါ"ဟု TAITRA မှ Executive Vice President ဖြစ်သူ Ms.Fang-Miao Lin က ပြောသည်။

အဆိုပါပြပွဲတွင် ရေထည့်စရာမလိုဘဲ ရေနွေးငွေ့ဖြင့် ပေါင်းခံချက်ပြုတ်နိုင်သောTatung ဟင်းချက်ပေါင်းအိုး၊ Transcend ဒက်ရှ်ကင်မရာနှင့် ဗီဒီယိုကင်မရာများ၊ Unimax ကုမ္ပဏီမှ ထုတ်လုပ်သည့် မော်တော်ကားသုံး IVI စနစ်၊ ပရော်ဖက်ရှင်နယ်လုပ်ငန်းသုံး Aver ခြေရာခံကင်မရာ၊ လုံခြုံဘေးကင်း၍ သန့်ရှင်းသော အကြမ်းခံသတ္တုစပ်စတီးဖြင့် ပြုလုပ်ထားသော ရေလှောင်ကန် တည်ဆောက်သည့် အရည်အသွေးမြင့် 3 Phase အင်ဗာတာသုံး ဂဟေဆော်စက်ပစ္စည်းများကို ပြသခဲ့သည်။

# YBS ယာဉ်လိုင်း အော်ပရေတာများကို အောက်တိုဘာလအတွင်း အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲမည်ဟုဆို

အများပိုင်ကုမ္ပဏီအဖြစ် အသွင်မပြောင်းနိုင်သေးသော YBS ယာဉ်လိုင်း အော်ပရေတာများကို အများပိုင်ကုမ္ပဏီအဖြစ် ယခုလအတွင်းပြောင်းလဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"အများပိုင်ကုမ္ပဏီက ၁၇ ခုရှိတယ်။ အများပိုင်မဟုတ်သေးတဲ့ ယာဉ်လိုင်းတွေကို အော်ပရေတာတွေအဖြစ်နဲ့ပဲ ရှိနေတာက ၁၅ ခုရှိပါတယ်။ စုစုပေါင်း ၃၂ ဖွဲ့ရှိပါတယ်။ အများပိုင်မဖြစ်သေးတဲ့ ၁၅ ဖွဲ့ကို အများပိုင်အမြန်ဆုံးဖြစ်အောင်၊ စနစ်တကျ လုပ်ဆောင်နိုင်အောင် ရန်ကုန်တိုင်းဒေသကြီးအစိုးရက နိုင်ငံတကာစီအီးအို Level အတွေ့အကြုံရှိထားတဲ့ ပုဂ္ဂိုလ်မျိုးကို တာဝန်ပေးအပ်လိုက်တယ်။ သူက ဝိုင်ဘီအက်စ်ရဲ့စီအီးအိုဖြစ်လာပြီးတော့ ဘတ်စ်အော်ပရေတာတွေ ကုမ္ပဏီအဖြစ်အသွင်ကူးပြောင်းပြီးတော့ အများပိုင်ကုမ္ပဏီဖြစ်အောင် အောက်တိုဘာ ဒုတိယပတ်လောက်ကို နောက်ဆုံးထားပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)၏ ၈ လပြည့် အစည်းအဝေးတွင် အများပိုင်ကုမ္ပဏီပုံစံမဟုတ်သေးသော ယာဉ်လိုင်းကုမ္ပဏီတွေကို အများပိုင်အဖြစ် အမြန်ဆုံး အသွင်ပြောင်းသွားရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

"ဘာဖြစ်လို့လဲဆိုတော့ အများပိုင်ကုမ္ပဏီမဖြစ်သေးသမျှတော့ ယာဉ်လိုင်းပြိုင်ဆိုင်မှုတွေ ရှိနေဦးမှာဖြစ်ပါတယ်။ ကျွန်မတို့ အဓိကလိုချင်တာက ပြိုင်ပြီးမောင်းတာ မဟုတ်ဘူး။ စုပေါင်းပြီးတော့ ရှာဖွေမယ်။ ရတဲ့အမြတ်အစွန်းဝင်ငွေကိုလည်း စုပေါင်းပြီးသွားမယ်။ တကယ်ကို နိုင်ငံတကာအဆင့်ထိသွားတော့မယ်ဆိုရင် အများပိုင်ကုမ္ပဏီနဲ့တကွ စနစ်တကျ ဖွဲ့စည်းထားမှသာလျှင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ အရေးယူမှုတွေဟာ ပိုပြီးတော့ တိတိကျကျမြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီဖြစ်ပြီးတဲ့ဟာတွေကိုပဲ Yangon Payment System အတွက် စက်တွေတပ်သွားမယ်။ တကယ်လို့ အများပိုင်ကုမ္ပဏီအဖြစ် အသွင်မပြောင်းတဲ့သူကိုတော့ ချန်လှပ်သွားမှာ ဖြစ်ပါတယ်။ ဒါကိုလည်း အသိပေးပြီး ဖြစ်ပါတယ်။ ယာဉ်လိုင်းဆွဲခွင့်လည်းပေးမှာ မဟုတ်ပါဘူး"ဟု ဝန်ကြီး နော်ပန်းသဥ္စာမျိုးက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့အတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် မထသစနစ်မှ YBS စနစ်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပြောင်းလဲခဲ့ပြီး ယာဉ်လိုင်းပေါင်း ၉၀ ကျော်ဖြင့် ပြေးဆွဲပေးနေကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းတင်ပြသည်။



## မြို့ကြီးများ၏ ၂-၁၀-၂၀၁၇ မှ ၆-၁၀-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂-၁၀-၂၀၁၇) | အင်္ဂါ(၃-၁၀-၂၀၁၇) | ဗုဒ္ဓဟူး(၄-၁၀-၂၀၁၇) | ကြာသပတေး(၅-၁၀-၂၀၁၇) | သောကြာ(၆-၁၀-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၇၀% ၃၁˚C/၈၈˚F | ၃၀% ၃၂˚C/၈၉˚F | ၄၀% ၃၂˚C/၉၀˚F | ၆၀% ၃၂˚C/၉၀˚F | ၆၀% ၃၂˚C/၉၀˚F |
| ရန်ကုန်မြို့ | ၆၀% ၃၁˚C/၈၈˚F | ၆၀% ၃၁˚C/၈၇˚F | ၇၀% ၃၁˚C/၈၈˚F | ၆၀% ၃၂˚C/၈၉˚F | ၆၀% ၃၁˚C/၈၈˚F |
| မန္တလေးမြို့ | ၉၀% ၃၂˚C/၈၉˚F | ၆၀% ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | ၅၀% ၃၂˚C/၈၉˚F | ၃၀% ၃၂˚C/၉၀˚F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | ၄၀% ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F |
| လားရှိုး | ၄၀% ၂၈˚C/၈၃˚F | ၄၀% ၂၈˚C/၈၂˚F | ၃၀% ၂၈˚C/၈၂˚F | ၃၀% ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F |
| ကျိုင်းတုံ | ၃၀% ၂၉˚C/၈၅˚F | ၄၀% ၂၉˚C/၈၄˚F | ၄၀% ၂၉˚C/၈၄˚F | ၃၀% ၂၈˚C/၈၂˚F | ၄၀% ၂၉˚C/၈၅˚F |
| လွိုင်ကော် | ၇၀% ၂၈˚C/၈၁˚F | ၄၀% ၂၇˚C/၈၁˚F | ၇၀% ၂၇˚C/၈၁˚F | ၆၀% ၂၈˚C/၈၂˚F | ၃၀% ၂၇˚C/၈၁˚F |
| တောင်ကြီး | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၆˚C/၇၉˚F | တိမ်အသင့်အတင့် ၂၆˚C/၇၈˚F |
| မော်လမြိုင် | ၇၀% ၂၉˚C/၈၅˚F | ၇၀% ၃၀˚C/၈၆˚F | ၅၀% ၃၁˚C/၈၈˚F | ၅၀% ၃၁˚C/၈၈˚F | ၅၀% ၃၁˚C/၈၈˚F |
| ဘားအံ | ၇၀% ၃၁˚C/၈၈˚F | ၇၀% ၃၁˚C/၈၈˚F | ၆၀% ၃၂˚C/၉၀˚F | ၄၀% ၃၂˚C/၈၉˚F | ၆၀% ၃၂˚C/၈၉˚F |
| တောင်ငူ | ၈၀% ၃၁˚C/၈၈˚F | ၇၀% ၃၂˚C/၈၉˚F | ၄၀% ၃၂˚C/၉၀˚F | ၆၀% ၃၂˚C/၉၀˚F | ၆၀% ၃၂˚C/၉၀˚F |
| မုံရွာ | ၆၀% ၃၂˚C/၉၀˚F | ၇၀% ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F |
| ပုသိမ် | ၉၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F | ၇၀% ၃၂˚C/၈၉˚F | ၆၀% ၃၂˚C/၈၉˚F | ၅၀% ၃၂˚C/၈၉˚F |
| မြိတ် | ၆၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၇၀% ၂၉˚C/၈၄˚F | ၇၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၅˚F |
| စစ်တွေ | ၆၀% ၃၀˚C/၈၆˚F | ၆၀% ၃၀˚C/၈၆˚F | ၅၀% ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | ၄၀% ၃၁˚C/၈၇˚F |
| မကွေး | ၆၀% ၃၂˚C/၉၀˚F | ၆၀% ၂၉˚C/၈၉˚F | ၆၀% ၃၁˚C/၈၉˚F | ၄၀% ၃၂˚C/၈၉˚F | ၅၀% ၃၂˚C/၉၀˚F |
| ဖလမ်း | ၆၀% ၂၃˚C/၇၃˚F | ၈၀% ၂၂˚C/၇၂˚F | ၇၀% ၂၂˚C/၇၂˚F | ၆၀% ၂၃˚C/၇၃˚F | ၆၀% ၂၃˚C/၇၃˚F |

## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းပေါ်ရှိ မောင့်တ်အာဂွန်မီးတောင် ပေါက်ကွဲမည့်လက္ခဏာများပြသလာ

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းပေါ်ရှိ မောင့်တ်အာဂွန်မီးတောင်သည် ပေါက်ကွဲမည့် လက္ခဏာများ ပြသလာသဖြင့် ကျွန်းပေါ်တွင် နေထိုင်ကြသူများအား ကျွန်းမှ ချက်ချင်းထွက်ခွာကြရန် နှိုးဆော်ထားကြောင်း အင်ဒီပန်းဒန့်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမီးတောင်မှ အဖြူရောင်မီးခိုးများ မှုတ်ထုတ်ခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်တွင် ငလျင်အသေးစားလေးများ အဆက်မပြတ်လှုပ်ခတ်လာမှုကြောင့် ယင်းဒေသတွင်နေထိုင်ကြသည့် ဒေသခံပေါင်း တစ်သိန်းခွဲခန့်ကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းဒေသတွင် တစ်နေ့အတွင်း ငလျင်အသေးစားလေးပေါင်း တစ်ရာကျော်ခန့် ဆက်တိုက်လှုပ်လာခြင်းသည် မီးတောင်ပေါက်ကွဲမှုဖြစ်တော့မည့် လက္ခဏာတစ်ရပ်ကို ပြသခြင်းပင်ဖြစ်သည်ဟုဆိုသည်။

အဆိုပါမီးတောင်သည် ၁၉၆၃ ခုနှစ်က နောက်ဆုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က ကောင်းကင်ယံပေါ်သို့ မီးခိုးပြာများ၊ ဓာတ်ငွေ့များ၊ ချော်ရည်ပူများ၊ ကျောက်တုံးများကို မှုတ်ထုတ်ခဲ့သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း တစ်ထောင်ကျော် သေဆုံးခဲ့ရသည်။

အဆိုပါမီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်ကြသည့်ဒေသခံများ၏ အိမ်များ၊ ကျောင်းများ၊ အစိုးရရုံးများအား အနီးတစ်ဝိုက်ရှိ ကျေးရွာများတွင် ရွက်ဖျင်တဲများထိုးကာ သွားရောက်ဖွင့်လှစ်ထားသည်ဟုဆိုသည်။

ယင်းမီးတောင် ပေါက်ကွဲမှုဖြစ်ပွားပါက အင်ဒိုနီးရှားနိုင်ငံ၏ ခရီးသွားလာရေးလုပ်ငန်းကို ထိခိုက်မည်ဖြစ်သည်။ ဘာလီကျွန်းသည် ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက်လည်ပတ်ရာ ကျွန်းတစ်ကျွန်းဖြစ်သည်။

အဆိုပါမီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါက ဘာလီကျွန်းသို့ တိုက်ရိုက်ပျံသန်းလျက်ရှိသည့် လေကြောင်းခရီးစဉ်များကို လမ်းကြောင်းလွှဲရတော့မည်ဖြစ်သည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်ရှင်ပေါင်း ၁၃၀ နီးပါးရှိပြီး အခြားသော နိုင်ငံများထက် မီးတောင်ရှင်များ ပိုမိုများပြားသော နိုင်ငံဖြစ်သည်။

**မယ်သီတာ**



## မက္ကဆီကိုနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့ရ

မက္ကဆီကိုနိုင်ငံတွင် စက်တင်ဘာ ၇ ရက်နှင့် စက်တင်ဘာ ၁၉ ရက်က လှုပ်ခတ်ခဲ့သည့်အင်အားပြင်းထန်သည့် ငလျင်နှစ်ခုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရှိခဲ့ကြောင်း မက္ကဆီကိုနိုင်ငံသမ္မတ အန်ရီကေးပီနေနီယက်တိုက ပြောကြားခဲ့သည်။

အင်အားပြင်းငလျင်နှစ်ခုအနက် မက္ကဆီကိုနိုင်ငံတောင်ပိုင်းကမ်းခြေဒေသဖြစ်သည့် ချီးယားပါ့စ်တွင် အင်အားရစ်ချ်တာစကေး ၈ ဒသမ ၁ အဆင့်ရှိသည့် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်သော်လည်း လူနေနည်းပါးသည့်အတွက် ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့သည်ဟုဆိုသည်။

သို့သော် စက်တင်ဘာ ၁၉ ရက်တွင် မက္ကဆီကိုနိုင်ငံ၏မြို့တော် မက္ကဆီကိုစီးတီးတွင် လှုပ်ခတ်ခဲ့သည့်ငလျင်သည် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၁ ရှိသော်လည်းလူနေထူထပ်သည့်ဒေသဖြစ်သည့်အတွက် လူအသေအပျောက်များခဲ့ကာ ပျက်စီးဆုံးရှုံးမှုပမာဏမှာလည်း များပြားခဲ့သည်။

မက္ကဆီကိုစီတီးတွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် မြို့တော်နှင့်အနီးတစ်ဝိုက်ရှိ ပြည်နယ်များတွင် ပျက်စီးခဲ့သည့် ကျောင်းများအား ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းအတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၇၅၀ ကုန်ကျမည်ဖြစ်ပြီး နေအိမ်အဆောက်အဦးများအား ပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းများအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၅၀ ကုန်ကျမည်ဖြစ်သည်။

ထို့ပြင် ရှေးဟောင်းယဉ်ကျေးမှုဒေသများအား ပြန်လည်ပြုပြင်ရမည်ဖြစ်ရာ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၄၀ ကုန်ကျမည်ဖြစ်သည်။

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ချီးယားပါ့စ်နှင့် ဝါဟာကာတို့တွင် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၃၅၆ သန်းကုန်ကျမည်ဖြစ်သည်။

"ကျွန်တော် လာမယ့်နှစ်သစ်မှာ မက္ကဆီကိုမြို့တော်အသစ်ကို ပြန်လည်တည်ဆောက်နိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ အဲဒီအချိန်မှာ အားလုံးပုံမှန်အတိုင်း ပြန်ဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်"ဟု သမ္မတ နီယက်တိုက ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၉ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် အဆောက်အဦးပေါင်း ၃၈ လုံး ပြိုကျပျက်စီးခဲ့ရပြီး လူပေါင်း ၃၄၃ ဦး သေဆုံးကာ ခြောက်ထောင်ကျော် ဒဏ်ရာရရှိခဲ့သည်။

**မယ်သီတာ**

## မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့ရာ အစည်းအဝေးသို့အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အမှာစကားပြောကြားပါသည်။

မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းက နဝမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် အထက်ဌာနများ၏ လမ်းညွှန်ချက်များကို တင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက နဝမအကြိမ် အစည်းအဝေး အကောင်အထည်ဖော်မှုမှ သိမ်းဆည်းထားသော စားသုံးရန်မသင့်သည့် အစားအစာများကိုမီးရှို့ဖျက်ဆီးရန်နှင့် ကျောင်းမုန့်ဈေးတန်းများ၊ စာသင်ကျောင်းများနှင့် ပြည်သူလူထုအသိပညာပေးဆောင်ရွက်မှုမှ အောင်မြင်မှုရရှိသည့် အခြေအနေများကိုအသေးစိတ်တင်ပြခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ရှောင်တခင်စစ်ဆေးမှုမှ သိမ်းဆည်းထားသောဘေးဥပဒ်အန္တရာယ်ရှိသောအစားအစာများကိုမီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**CONSUMER - MT**

## ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂)ရပ်တို့၏ (၈/၂၀၁၇) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီတို့၏ (၈/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ အစည်းအဝေးသို့ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ကော်မတီဝင်များ တက်ရောက်ကြောင်း သိရပါသည်။ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက ယခင် ရက်သတ္တပတ်က ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှုများ ဖော်ပြဆွေးနွေး၊ သုံးသပ်၊ အကြံပြုရန်၊ ယခု အစည်းအဝေးတွင် ဆုံးဖြတ်သင့်သည်များ ဆုံးဖြတ်ကြရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်၊ ‘စားသုံးသူပြည်သူများသည် ကုန်စည်နှင့် ဝန်ဆောင်မှုများကို သုံးစွဲရာတွင် စိတ်ချလက်ချ ဖြစ်စေရေး’မှာအဓိကဖြစ်၍ အထူးဂရုပြုဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားပါသည်။

ဆက်လက်၍ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ယခင်လအစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအားတင်ပြခြင်း၊ စက်တင်ဘာလတွင် အသိပညာပေး ဟောပြောခြင်း၊ စစ်ဆေးခြင်းများကို ရာနှုန်းပြည့်ဆောင်ရွက်ခဲ့ကြောင်း၊ နောက်လတွင် ဆောင်ရွက်မည့်လျာထားချက်များအား ဆွေးနွေးခြင်းနှင့် ကော်မတီဝင်များမှ ဆုံးဖြတ်ချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**

## ပခုက္ကူခရိုင်အတွင်း သိမ်းဆည်းထားသော စားသုံးရန်မသင့် တားမြစ်စားသောက်ကုန် ပစ္စည်းများအား ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ မှ မီးရှို့ဖျက်ဆီး

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူး ဦးသန်းဦး ဦးဆောင်သည့် မိတ်ဖက်အဖွဲ့များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၈ ရက်တွင် ပခုက္ကူမြို့ စည်ပင်အမှိုက်ကျင်း၌ သိမ်းဆည်းထားသော စားသုံးရန်မသင့် စားသောက် ကုန်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။

အဆိုပါ မီးရှို့ဖျက်ဆီးရာတွင် ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်ဦးဆောင်သည့် အဖွဲ့ဝင် များသည် ပခုက္ကူခရိုင်အတွင်းရှိ (ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ)စသည့် မြို့နယ်ငါးမြို့နယ်မှ ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများ၊ ရပ်ကွက်ကုန်စုံဆိုင်များမှ သိမ်းဆည်းထားသော စံချိန်စံညွှန်းမမီသော၊ ထုတ်ကုန်လုံခြုံစိတ်ချမှုမရှိသော စားသောက်ကုန်ပစ္စည်းများ၊ FDA မှ စားသုံးရန်မသင့်၍ သိမ်းဆည်းထားသော ရယ်ဒီမိတ်အစားအစာဗူးများ၊ သက်တမ်းကျော်လွန်နေသော Blue Mountain အချိုရည်ဗူးများ၊ တံဆိပ်မပါသောအချိုရည်ဗူးများ၊ ဂျယ်လီဗူးများ၊ တားမြစ်ထားသော ငရုတ်သီးမှုန့်များ၊ တရုတ်ဆီးသီးဗူးများ၊Mikikoချယ်ရီသီးဗူး၊ ရယ်ဒီမိတ် ထုတ်များ၊ တရုတ်စာတမ်းပါရောင်စုံ အချိုရည်ဗူးများ၊ ပီကေများ၊ ဂျယ်လီများ၊ သီးစုံချဉ်ထုတ်များ၊ ဆိုးဆေးများ အလွန်အကျွံအသုံးပြုထားသော အာနီလျှာနီမုန့်ထုတ်များ၊ မက်မန်းသီးအချဉ်ပေါင်းထုတ်များ၊ မှိုတက်နေပြီး တံဆိပ်မပါသော ငရုတ်သီးမှုန့်များ၊ ရက်စွဲမပါသော ကြယ်ပုံစံမုန့်ကတ်များ၊ ရောင်စုံ အချိုရည်ဗူးများ၊ တားမြစ်ထားသော ရောင်စုံဝေဖာတံဆိပ်များ စသည်တို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။ အဆိုပါမီးရှို့ဖျက်ဆီးခဲ့သည့် အန္တရာယ်ရှိစားသောက်ကုန်များ၏ စုစုပေါင်းတန်ဖိုးမှာ ၂၃၆၇၅ ကျပ်ရှိကြောင်း သတင်းရရှိပါသည်။ **သူဇာကျော်(ပခုက္ကူ)**

## ပုသိမ်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြီး ဆေးဆိုင်၊ မုန့်ဆိုင်များသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေး

ပုသိမ်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်က ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ပုသိမ်ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။



အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူးက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း လုပ်ဆောင်၍မရဘဲ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် စားသုံးသူရေးရာဦးစီးဌာနမှ သင်တန်းများ ဖွင့်လှစ်ခြင်း၊ အသိပညာပေး ဆွေးနွေးခြင်း၊ ဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ကျောင်းမုန့်ဈေးတန်းနှင့် စည်ပင်သာယာဈေးများတွင် တားမြစ်ပစ္စည်းများအား ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ ထုတ်လုပ်သည့် အလုပ်ရုံစက်ရုံများအား သတိပေးခြင်း၊ တားမြစ်ခြင်း၊ လိုင်စင်ပိတ်သိမ်းခြင်းများအား စားသုံးသူများ လုံခြုံစိတ်ချစွာ စားသောက်သုံးစွဲနိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ တက်ရောက်လာသောအဖွဲ့ဝင်များက ဌာနအလိုက် ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ပုသိမ်မြို့ပေါ်ရှိ ကိုစိုးနိုင် ဆေးမျိုးစုံဆိုင်၊ ရွှေစွန်ညိုဆေးမျိုးစုံဆိုင်၊ ချိုချိုမွှေးဆေးမျိုးစုံဆိုင်နှင့် ပေါက်ပေါက်မုန့်မျိုးစုံ အရောင်းဆိုင်များသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ရက်လွန်၊ သက်တမ်းလွန်၊ တားမြစ်ထားသော တိုင်းရင်းဆေးများကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ဆက်လက်ရောင်းချခြင်းမပြုရန် ဆွေးနွေးခဲ့ပြီး အဆိုပါဆေးများအား မီးရှို့ ဖျက်ဆီးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။ **မောင်ပုသိမ်**

## ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟင်္သာတခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာလ ၂၉ ရက်တွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဟင်္သာတခရိုင် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က မိမိတို့ ခရိုင်အနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ် ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ အသိပညာပေးခြင်းနှင့် အရေးယူမှုများ ဆောင်ရွက်နိုင်ရေး၊ အဖွဲ့အနေဖြင့် ရှောင်တခင်စစ်ဆေး ခြင်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး တို့ကို ဆွေးနွေးခဲ့သည်။ ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်း အဖွဲ့ အတွင်းရေးမှူး စားသုံးသူရေး ရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန် က နဝမအကြိမ်အစည်းအဝေးအပေါ် ဆောင်ရွက်ခဲ့မှုနှင့် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ၁၈ ကြိမ်မြောက် အစည်အဝေးမှ ညွှန်ကြားချက်များအား ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

# မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/၂၀၁၇) ကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး) ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၅/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာလ ၁၈ ရက်တွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးဦးမြတ်သူ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဇော်ဦး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။



စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်သူက အဖွင့်အမှာစကား ပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များသည် စံပြုထိုက်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိဌာနဆိုင်ရာအသီးသီး၏ စွမ်းဆောင်ရည်များသည် အားရဖွယ်ရှိပါကြောင်း၊ လက်ရှိတိုင်းအတွင်း ဖြစ်ပွားခဲ့သည့် တိုင်ကြားမှုများအား ဖြေရှင်းဆောင်ရွက်မှုအား ကျေနပ်အားရမှုရှိပါကြောင်းနှင့် အဖွဲ့ဝင်များအနေဖြင့် ပူးပေါင်း၍ ဆွေးနွေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဇော်ဦးက မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များ၊ တိုင်ကြားမှုများအပေါ်တွင် အရေးယူဆောင်ရွက်နေမှု အခြေအနေများ၊ (၄/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်များမှ ဦးစားပေး ဆောင်ရွက်ရမည့်အချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များမှာ လုပ်ဆောင်ရမည့် အချက်များအား အပြန်အလှန် ပူးပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်က မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအခိုင်အမာရှိပါကြောင်း၊ ကုန်စည်များနှင့်ပတ်သက်၍ အဓိကအားနည်းချက်မှာ စစ်ဆေးရန် ဓာတ်ခွဲခန်းမရှိခြင်း၊ လူအင်အားနည်းပါးခြင်း၊ နည်းပညာဖွံ့ဖြိုးမှုနည်းပါးခြင်း၊ နောက်ယောင်ခံစောင့်ကြည့်စနစ် ပြုလုပ်ရန် အားနည်းခြင်းများရှိကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် အဖွဲ့ဝင် ဌာနဆိုင်ရာများမှ ဆက်လက်၍ တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**နေခြည်ဦး(စားသုံးသူ)**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း) မြို့နယ် အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပပြီး ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ လုံခြုံစိတ်ချမှုရရှိစေရန်ဟူသော မျှော်မှန်းချက်ဖြင့် ပညာပေး ဟောပြောခြင်းများနှင့် ကွင်းဆင်းပညာပေးခြင်းများအား ဌာနဆိုင်ရာ၊ ရပ်ကွက်၊ စက်မှုဇုန်၊ ဈေးနှင့် အခြေခံပညာကျောင်းများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ စက်တင်ဘာလ ၁၈၊ ၁၉ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲအား ဆောင်ရွက်ခဲ့ကြပါသည်။

ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အ. ထ. က (၂) တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ စာရင်းကိုင်-၃ ဦးမောင်မောင်သောင်းက ပညာပေးဟောပြောရာတွင် စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများနစ်နာမှုရှိခဲ့လျှင် တိုင်ကြားနိုင်သည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များ၊ ခရိုင်များတွင် စားသုံးသူများနစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့်အခွင့်အလမ်းများ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် အာဆီယံ စားသုံးသူအကာအကွယ်ပေးရေးကော်မတီနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေများအား ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ စာရင်းကိုင်-၃ ဒေါ်မိုးမိုးကြည်က စားသုံးရန်မသင့်သော အစားအစာများအကြောင်းနှင့် ဖော်မလင်ပါဝင်သော အစားအစာများအကြောင်း၊ ဖော်မလင်ဆေး၏ ဆိုးကျိုးအန္တရာယ်များ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ ထုတ်ကုန်လုံခြုံမှုဆိုင်ရာအချက်အလက်များ ဟောပြောခဲ့ပါသည်။ တက်ရောက်လာသော ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးများက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးရာ မုန့်ဈေးတန်းတွင် သန့်ရှင်းလတ်ဆတ်သော အစားအစာများရောင်းချပေးရန်၊ ဓာတုဆိုးဆေးများပါဝင်သောမုန့်များနှင့် သက်တမ်းကုန်ဆုံးသောမုန့်များ ရောင်းချခြင်းမပြုရန်၊ ကလေးများနားမလည်သောစာများဖြင့် ရေးသားထုတ်ဝေသည့် မုန့်များရောင်းချခွင့် မပြုရန်တို့ကို ဈေးသည်များအား အသိပညာပေး ပြောကြားခဲ့ပါသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာလတွင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ကျောင်း (၁၀) ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများနှင့် ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လှိုင်ထွန်း**

# မြောင်းမြမြို့နယ်တွင် ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ဝင်များအား စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ ရက်တွင် ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ဝင်များအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးတိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်နေမှု၊ အဖွဲ့ကကြီးမှူးပြီး စားသုံးသူအကာအကွယ်ပေးရေး ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျောင်းမုန့်ဈေးတန်းစားသုံးသူရေးရာအဖွဲ့၊ ဈေးစားသုံးသူရေးရာအဖွဲ့နှင့် ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များ ကွန်ရက်သဖွယ် ဖွဲ့စည်းပြီး ဆောင်ရွက်နေမှု၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ ဖွင့်လှစ်၍ ဖျန်ဖြေ ဆောင်ရွက်ပေးနေမှုနှင့် Market Surveillance ဆောင်ရွက်နေမှုတို့ကို ရှင်းလင်း ပို့ချခဲ့ပါသည်။

ဆက်လက်၍ ဒုတိယခရိုင်ဦးစီးမှူးဦးဇော်မင်း၊ ဒုတိယ ဦးစီးမှူး ဦးလှထွန်းဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးသန်းဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်လဲ့လဲ့သွယ်တို့က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းများ အန္တရာယ်ရှိမုန့်မျိုးစုံနှင့် အစားအသောက်များအကြောင်းများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် စပ်ဆေးများ၏အန္တရာယ်နှင့် စည်ပင်သာယာ ဥပဒေ လုပ်ထုံးလုပ်နည်းများအကြောင်းတို့ကို ရှင်းလင်းပို့ချခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ မြောင်းမြမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်ရှစ်ခုမှ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ဝင် သင်တန်းသား ၃၉ ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၁၀ ဦး စုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ **တိုးလွင်(မြောင်းမြ)**

# လပွတ္တာမြို့နယ်မှ လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှု အသိပညာပေးဟောပြော ဆွေးနွေး

လပွတ္တာမြို့နယ်၊ အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၅ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ လပွတ္တာမြို့နယ်တာဝန်ခံဦးဝင်းမင်းစိုးနှင့် ဝန်ထမ်းများက ရပ်ကွက်အတွင်း မုန့်မျိုးစုံနှင့် ကုန်မျိုးစုံ ထုတ်လုပ်သူနှင့် ရောင်းချသူများအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးက ဟောပြောဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များကိုလည်းကောင်း၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချစွာ စားသုံးနိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်နှင့် ကုန်စည်များကိုသာ ထုတ်လုပ်ရောင်းချရန်ကို လည်းကောင်း၊ လက်ထောက်ကြီးကြပ်ရေးမှူး ဦးမြင့်ဌေးက လပွတ္တာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ မြို့နယ်တွင်း အလုပ်ရုံများကို ကွင်းဆင်း စစ်ဆေးမှုအတွေ့အကြုံများအား လည်းကောင်း၊ ဈေးကွက်မရောက်မီ ကုန်စည်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြပါသည်။

၎င်းဟောပြောပွဲသို့ လပွတ္တာမြို့နယ်၊ အမှတ်(၂) ရပ်ကွက်အတွင်းရှိ မုန့်မျိုးစုံထုတ်လုပ်သူ လုပ်ငန်းရှင်နှစ်ဦး၊ ကုန်မျိုးစုံထုတ်လုပ်သူလုပ်ငန်းရှင် ၁၈ဦး စုစုပေါင်း ၂၀ ဦးတက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။ **တိုးလွင်(မြောင်းမြ)**

# ကင်းလွတ်ဇုန် (Free Zones) တစ်ခုကပေးတဲ့ သင်ခန်းစာ

| မောင်ရင်မောင် |

ယခင်တစ်ပတ်မှအဆက်

## အထူးသတိထားရမည့် အတွေ့အကြုံများ

ဘဏ္ဍာရေး အကျပ်အတည်းဟာ ချည်မျှင်နဲ့ အဝတ်အထည် လုပ်ငန်းကို ကျဆင်းသွားစေရုံတင် မဟုတ်ဘဲ Free Zone အတွင်းရှိ အခြားကဏ္ဍတွေ ကိုပါ ကျယ်ပြန့်စွာ ထိခိုက်ကျဆင်းစေခြင်း ဖြစ်ပါတယ်။ ချည်မျှင်နဲ့ အဝတ်အထည် လုပ်ငန်းတွေက ပြည်ပပို့ကုန် တင်ပို့နိုင်မှုဟာ ၂၀၀၉ ခုနှစ်မှာ ၂၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါတယ်။ ဒီလိုကျဆင်းရခြင်း အကြောင်းအရင်းဟာ MFA (Multi-fiber Arrangement) စာချုပ်သက်တမ်း ကုန်ဆုံးသွားခြင်းနဲ့ တစ်ကမ္ဘာလုံးမှ ဖြစ်ပေါ်တဲ့ ငွေကြေးအကျပ်အတည်းကြောင့်သာမကဘဲ အဓိကကျတဲ့ အကြောင်းကတော့ ဈေးကွက်ယှဉ်ပြိုင်မှုစွမ်းအား ကျဆင်းခြင်းကြောင့်လို့ သုံးသပ်ကြပါတယ်။ ဆိုလိုတာကတော့ နိုင်ငံရဲ့ Free Zone တွေကို အကန့်အသတ်တစ်ခုထက် ကျော်ပြီး ပြင်ဆင်မြှင့်တင် ဆောင်ရွက်သွားနိုင်ဖို့ မဆောင်ရွက်နိုင်ခြင်းဘဲ ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒိုမီနီကန်သမ္မတနိုင်ငံကရတဲ့ Free Zone ဆိုင်ရာ အတွေ့အကြုံတွေက ကမ္ဘာတစ်ဝန်းမှာ ဆောင်ရွက်နေကြတဲ့ ပြည်ပပို့ကုန် ဦးစားပေး ထုတ်လုပ်မှု အစီအစဉ်အတွက် အထူးသတိထားရမည့် ပြဿနာများအဖြစ် မီးမောင်းထိုးပြသလို ဖြစ်နေခဲ့ပါတယ်။ ဒ့ါအပြင် အခြေခံအဆောက်အဦများ အားနည်းခြင်း၊ အထူးသဖြင့် တည်ငြိမ်စွာ ဖြန့်ဝေပေးနိုင်ခြင်းမရှိဘဲ ဈေးနှုန်းကြီးမြင့်တဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်နဲ့ ပြည်ပပို့ကုန် လုပ်ငန်းဆိုင်ရာ ဖွဲ့စည်းဆောင်ရွက်မှုစနစ်ရဲ့ အားနည်းချက်များ ဖြစ်ပါတယ်။ ပိုပြီးပြောရရင် (၁) စိတ်ကြိုက်ရွေးချယ် ကုန်သွယ်မှုပြုခြင်းအပေါ် မှီခိုမှုများလွန်းခြင်းနှင့် ကျဉ်းမြောင်းသော ပြည်ပပို့ကုန်ဈေးကွက်အပေါ် မှီခိုနေခြင်း (၂) ဒေသတွင်းစီးပွားရေးလုပ်ငန်းများနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်မှု အားနည်းခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အဟန့်အတား ဖြစ်စေမည့် အစီအစဉ်များကို ပိတ်ပင်တားဆီးမှု မပြုနိုင်ခြင်း (၃) လူမှုရေးဆိုင်ရာ ကိစ္စရပ်များအပေါ် မြှင့်တင်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် ရေရှည်တည်တံ့မည့် Free Zone အစီအစဉ်တို့၏ ဆောင်ရွက်နေမှုကို အသိအမှတ်မပြုခြင်းတို့ ဖြစ်ပါတယ်။

အထက်ဖော်ပြခဲ့တဲ့ အချက်(၃)ချက်အနက် ပထမအချက်နှင့် ပတ်သက်ပြီး ပြောရရင် ဒိုမီနီကန်သမ္မတနိုင်ငံအနေနဲ့ အစဦးကာလတွေမှာ စိတ်ကြိုက်ရွေးချယ် ကုန်သွယ်မှုပြုခြင်းကနေ Free Zone များ ဖွံ့ဖြိုးတိုးတက်လာတာ မှန်ပေမယ့် ဒီကုန်သွယ်မှုလမ်းစဉ်ကို အလွန်အကျွံမှီခိုနေမှုက ရေရှည်မှာ တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မပေးနိုင်ခဲ့ပါဘူး။ ချည်မျှင်နဲ့အထည်အလိပ် လုပ်ငန်းကဏ္ဍနဲ့ ပတ်သက်တဲ့ ဈေးကွက်အတော်များများမှာ ကာကွယ်ပိတ်ဆို့မှုတွေ ခံရတာရှိလာသလို အခွန်အကောက်နဲ့တကွ ကန့်သတ်အတိုင်းအတာနဲ့ တင်သွင်းခွင့်ပြုမှုများအပေါ် ယခင်ကရခဲ့တဲ့ အခွင့်အရေးများဟာလည်း တစ်ကမ္ဘာလုံး ငွေကြေးအကျပ်အတည်း ကာလနှင့် ရင်ဆိုင်နေရစဉ်မှာ တဖြည်းဖြည်းကျဆင်းနေခဲ့ပါတယ်။ ထို့အတူ စိတ်ကြိုက်ရွေးချယ် ကုန်သွယ်မှုပြုတဲ့ ဈေးကွက်မှာ ဝင်ရောက်နိုင်မှုဟာ လည်း တဖြည်းဖြည်း လျော့နည်းကျဉ်းမြောင်းလာခဲ့ပါတယ်။ MFA - Multi-Fiber Arrangement သဘောတူစာချုပ် သက်တမ်း ကုန်ဆုံးတာနဲ့ တစ်ပြိုင်တည်း အာရှမှ ထုတ်လုပ်မှုများအတွက် ဈေးကွက်တွေကို မျှဝေပေးရတာလည်း ပါပါတယ်။ ဒါကြောင့် သမားရိုးကျလုပ်သားအင်အားကို အားသွန်အသုံးပြုတဲ့ Free Zone ထုတ်လုပ်မှု လုပ်ငန်းစဉ်တွေမှာ ထုတ်လုပ်မှုစွမ်းရည်ကွာဟချက်စရိတ် (Cost of Productivity Gap)ဟာ များစွာကြီးမားလာခဲ့ပြီး ဖြေရှင်းဖို့ များစွာ ခက်ခဲလာခဲ့ပါတယ်။

## Trade Preference မူဝါဒအပေါ် အလွန်အကျွံမှီခိုခြင်း

Trade Preference မူဝါဒဟာ ၁၉၈၉ ခုနှစ်ခန့်ကစပြီး ဒိုမီနီကန်သမ္မတနိုင်ငံရဲ့ Free Zone တွေ ဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ CBI -II (Caribbean Basin Economic Recovery Expansion Act) ပြဋ္ဌာန်းချက်အရ အကျိုးကျေးဇူးကို ခံစားခဲ့ရပါတယ်။ ဒီဥပဒေအရ ဒိုမီနီကန်သမ္မတနိုင်ငံက အမေရိကန်ပြည်ထောင်စုရဲ့ ဈေးကွက်တွေမှာ ထုတ်ကုန်အများအပြားကို အခွန်အကောက် မပေးရဘဲ ၁၉၉၀



ခုနှစ်တိုင်အောင် တင်သွင်းခွင့် ရထားခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာတော့ အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါတို့က NAFTA သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက်မှာ ကာရေဘီယံဒေသတွင်းနိုင်ငံတွေကို အခွင့်အရေးတူရရှိနိုင်ဖို့ NAFTA နဲ့ လိုက်လျောညီမည့် Caribbean Basin Trade Partnership Act ကို ၂၀၀၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး Textile Parity ငွေကြေးတန်ဖိုးညီမျှတဲ့ ချည်မျှင်နဲ့ အထည် ထွက်ကုန်ဈေးနှုန်းတွေကို ရရှိစေခဲ့ပါတယ်။ ဒိုမီနီကန်သမ္မတနိုင်ငံကလည်း CACM ကို ၁၉၉၈ ခုနှစ်မှာ ပါဝင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းနှင့် FTA သဘောတူစာချုပ်တွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်အတွင်းမှာ အမေရိကန်ပြည်ထောင်စုဟာ CAFTA စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဩဂုတ်လမှာတော့ DR-CAFTA စာချုပ်ကို ဒိုမီနီကန်သမ္မတနိုင်ငံနဲ့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစာချုပ်တွေအရ အမေရိကန်ပြည်ထောင်စုနဲ့ အဖွဲ့ဝင်နိုင်ငံတွေမှာ ပြင်ဆင်ပြုလုပ်တဲ့ ချည်မျှင်နဲ့ အထည်အလိပ် လုပ်ငန်းတွေအတွက် တင်သွင်းကုန်ပစ္စည်း အားလုံးအပေါ် သတ်မှတ်တဲ့ အခွန်အကောက်အားလုံးကို ပယ်ဖျက်လိုက်ပြီး CBI - Caribbean Basin Initiative ကို ချဲ့ထွင်လိုက်တာလည်း ဖြစ်ပါတယ်။

## နိုင်ငံတွင်း၊ ဒေသတွင်း လုပ်ငန်းများနဲ့ ပေါင်းစည်းဆောင်ရွက်နိုင်မှုမရှိခြင်း

ဒိုမီနီကန်သမ္မတနိုင်ငံရဲ့ Free Zone အစီအစဉ်တွေ စွမ်းဆောင်နိုင်မှု ကျဆင်းလာရခြင်းဟာ နိုင်ငံတွင်း၊ ဒေသတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အလိုက်သင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု မရှိခြင်းက အကြောင်းတရားတစ်ခု ဖြစ်ပါတယ်။ သည်အချက်က Free Zone တွေရဲ့ ကုန်ပစ္စည်းအမယ်စုံ တိုးချဲ့ထုတ်လုပ်နိုင်မှုကို ဟန့်တားသလို ဖြစ်စေပါတယ်။ ကုန်သွယ်မှုနဲ့ ရှေ့ဘက်ဦးတည်ဆက်သွယ်ချက် Forward Linkage တွေ အားကောင်းနိုင်ဖို့ Free Zone အတွက် ဥပဒေပြဋ္ဌာန်းချက်တွေဟာ ဒေသတွင်းဈေးကွက်တွေနဲ့ ချိတ်ဆက်ရာမှာ ဦးစားပေး ထောက်ကူထားချက်တွေတော့ ရှိပါတယ်။ Free Zone ကုမ္ပဏီများအနေနဲ့ ယင်းတို့ရဲ့ ထုတ်ကုန် ၂၀ ရာခိုင်နှုန်းအထိ ပြည်တွင်းဈေးကွက်ကို လွတ်လပ်စွာ တင်ပို့ရောင်းချခွင့်ပြုထားပါတယ်။ ဒါပေမဲ့ ဒီပစ္စည်းတွေထုတ်လုပ်ဖို့ တင်သွင်းလာတဲ့ ကုန်တွေအပေါ် သတ်မှတ်ထားချက်တွေကိုတော့ ပေးဆောင်ရမှာပါ။ ဒါပေမဲ့ ၂၀၀၈ ခုနှစ် ကာလတိုင်အောင် ပြည်တွင်းဈေးကွက်ကို ထုတ်ရောင်းတာ နည်းပါးခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အစိုးရက ကုန်သွယ်မှု နောက်ဘက်ဦးတည်ဆက်သွယ်ချက် Backward Linkage အားကောင်းဖို့ Free Zone တွေကို ထောက်ပံ့မည့် ပြည်ပမှတင်သွင်းတဲ့ ကုန်ကြမ်းများရှိခဲ့ရင် အကောက်အခွန် ကင်းလွတ်ခွင့် ပြုပေးထားပြန်ပါတယ်။ ဒါကတော့ ပြည်ပကယူတဲ့ ကုန်ကြမ်းတွေနဲ့ ယှဉ်ပြိုင်နိုင်အောင် ပြည်တွင်းထုတ်လုပ်မှုတွေကို အားပြိုင်အခြေချခွင့်ပြုခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဆောင်ရွက်တဲ့ Preference Program မှာဆိုရင် အဝတ်အထည်ထုတ်လုပ်မှု လုပ်ငန်းတွေအတွက် အဓိကကျတဲ့ အခြေခံပစ္စည်းတွေကို အမေရိကန်ပြည်ထောင်စုကသာ ရယူဖို့ ဒီဇိုင်းဆွဲထားတာလည်း ရှိပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းတဲ့ CBI - Caribbean Basin Initiative ပြဋ္ဌာန်းချက်အရ အဝတ်အထည် ထုတ်လုပ်သူတွေအတွက် သွင်းအားစုတွေကို ဒေသတွင်းနိုင်ငံတွေကပါ တင်သွင်းခွင့် ပြုလာသည့်တိုင်အောင် Backward Linkage ဟာ တိုးတက်လာခြင်း မရှိပါဘူး။ အဝတ်အထည်ကဏ္ဍက ၂၀၀၀ ခုနှစ်ဝန်းကျင်မှာ Free Zone အတွက် ဒေသတွင်းပစ္စည်းသုံးစွဲမှုဟာ Free Zone များရဲ့ ပြည်ပပို့ကုန်တန်ဖိုးရဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။ Backward Linkage တွေ အားကောင်းဖွံ့ဖြိုးမှုအပေါ် ပြန်လည်သုံးသပ်တဲ့အခါမှာ ပထမအကြောင်းတရားက Free Zone တွေမှာ ဦးစီးလုပ်ကိုင်နေသူတွေမှာ Free Zone အတွက် လိုအပ်တဲ့ အရင်းအနှီးနဲ့ တစ်ဝက်တစ်ပျက် ထုတ်လုပ်ပြီး ကုန်ပစ္စည်းတွေကို မကြာခဏ လွယ်ကူစွာ ရရှိနိုင်မှု မရှိခြင်း ဖြစ်ပါတယ်။ ဒုတိယအချက်က အချို့ပြည်တွင်းထုတ်လုပ်သူများအနေနဲ့ Free Zone တွေမှာ လိုအပ်တဲ့ပစ္စည်းများကို မကြာခဏ ထုတ်လုပ်ပေးဖို့ စိတ်ဝင်စားခြင်း မရှိကြပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ သမားရိုးကျ ကုန်ထုတ်လုပ်ငန်းတွေကရတဲ့ အကျိုးအမြတ်တွေနဲ့ပဲ ကျေနပ်နေကြပြီး ဒီအပေါ်မှာသာ ဦးစားပေး ဆောင်ရွက်ကြတာဖြစ်ပါတယ်။ တတိယအချက်ကတော့ ဒေသတွင်းထုတ်လုပ်သူများက Free Zone တွေကို ထုတ်ကုန်ပစ္စည်းတွေ တင်ပို့ကြရာမှာ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း၊ ဈေးနှုန်း၊ အရည်အသွေးနဲ့ ပေးသွင်းရမည့် စည်းကမ်းသတ်မှတ်ချက်များနဲ့ ကိုက်ညီအောင် ပေးသွင်းနိုင်မှု မရှိခြင်း ဖြစ်ပါတယ်။ တစ်ဘက်ကလည်း Free Zone တွေမှာရှိတဲ့ ကုမ္ပဏီများကလည်း များသောအားဖြင့် ဒေသတွင်းထွက်ကုန်များကို ဝယ်ယူအသုံးပြုပြီး ကုန်ပစ္စည်းတွေ ထုတ်လုပ်ဖို့စိတ်ဝင်စားမှု နည်းပါးကြပါတယ်။

ဒါကြောင့် အထက်မှာဖော်ပြခဲ့တဲ့ Linkage တွေဟာ Free Zone တွေရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေရုံသာမက ပြည်တွင်းကုန်ပစ္စည်း ထောက်ပံ့သူများ၊ စားသုံးသူများနဲ့ အထောက်အကူပြု ဆက်သွယ်ရာ ဝန်ဆောင်မှု လုပ်ငန်းများရဲ့ တိုးတက်လာမည့် အခြေအနေကောင်းများကို ဟန့်တားပိတ်ပင်သလို ဖြစ်ခဲ့ပါတယ်။ ဥပမာအားဖြင့် မလေးရှားနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့မှာ Free Zone တွေ ဖွံ့ဖြိုးဖို့ Free Zone တွေကို အထောက်အကူပြု ထုတ်လုပ်မှု လုပ်ငန်းတွေကို ထုတ်လုပ်တဲ့ပစ္စည်းများအပေါ် ဈေးနှုန်းဆိုင်ရာ လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ပေးပြီး ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့် သွင်းအားစုများ ထုတ်လုပ်နိုင်အောင် အခွင့်အလမ်းများ ထောက်ပံ့အားပေးပြီး လုပ်ငန်းစုများအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။

## လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုကိစ္စရပ်များအပေါ် မြှင့်တင်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် ရေရှည်တည်တံ့မည့် Free Zone အစီအစဉ်တို့၏ ဆက်နွယ်နေမှုကို အသိအမှတ်မပြုခြင်း

Free Zone အတွင်းမှာရှိတဲ့ လုပ်သားအင်အားစုတွေကို အရည်အသွေးမြင့်မားလာအောင် ပျိုးထောင်ပေးရမည့် အစားကျွမ်းကျင်မှုနည်းပါးတဲ့ အလုပ်သမားတွေပေါ်မှာသာ မှီခိုပြီး လုပ်ခသက်သာအောင် မှီခိုနေတာရယ်၊ အလုပ်သမားတွေရဲ့ဘဝကို မြှင့်တင်ပေးဖို့ လျစ်လျူရှုနေတာကိုလည်း ဝေဖန်ခဲ့ကြပါတယ်။ အထူးသဖြင့် Free Zone တွေမှာ သတ်မှတ်ထားတဲ့ အနည်းဆုံးလုပ်ခ သတ်မှတ်ချက်ဟာ အလွန်နိမ့်လွန်းပြီး ပြုပြင်ပြောင်းလဲမှု နည်းပါးခဲ့ပါတယ်။ အလုပ်သမားတွေ လုပ်ကိုင်မှုအရည်အသွေး မြင့်မားလာဖို့ သင်တန်းပို့ချမှု ပြုလုပ်မှုဟာလည်း ဘာသာရပ် နယ်ပယ်အားဖြင့် ကျဉ်းမြောင်းသလို သင်တန်းကာလကလည်း တစ်ချိန်ပို့ချရင် သင်တန်းသားတစ်ယောက်အတွက် တစ်နာရီထက် မပိုခဲ့ပါဘူး။ ဒိုမီနီကန်သမ္မတနိုင်ငံရဲ့ လူမှုရေးအသုံးစရိတ်ဟာလည်း အလွန်နည်းပါးခဲ့ပြီး ၂၀၀၁ ခုနှစ်မှာဆိုရင် နိုင်ငံရဲ့ GDP နဲ့ တွက်ရင် ၇ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိတယ်လို့ ဆိုပါတယ်။ ဒီအသုံးစရိတ်ဟာ ကော့စတာရီကာနိုင်ငံရဲ့ အသုံးစရိတ် ၂၀ ရာခိုင်နှုန်းနဲ့နှိုင်းယှဉ်ရင် အလွန်နည်းနေပြီး ကော့စတာရီကာမှာ ဒီအချိုးအတိုင်း နိုင်ငံအတွက် ဆယ်စုနှစ်များစွာ ကြာမြင့်အောင် သုံးစွဲနေခဲ့ပါတယ်။

စာမျက်နှာ (၃၂)သို့ ➤

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

ယခင်တစ်ပတ်မှအဆက်

၁၅။ ခွင့်ပြုမိန့်ချပေးသည့်ဌာန

(က)တိုးတက်ရေးနှင့်ပြုပြင်ပြောင်းလဲရေး ကော်မတီ - ဂျုံ၊ ပြောင်း၊ ဆန်၊ ဝါဂွမ်းစသည့်ကုန်ပစ္စည်းများ တင်ပို့မှုကိုတာအတွက် စိစစ်၍ ခွင့်ပြုမိန့်ချပေးသည်။

(ခ)ကုန်သွယ်ရေးဝန်ကြီးဌာန - နွားအရှင် (ဟောင်ကောင်၊ မကာအိုအတွက်သီးသန့်)၊ ဝက်အရှင် (ဟောင် ကောင်၊ မကာအိုအတွက်သီးသန့်)၊ ကြက်အရှင်(ဟောင်ကောင်၊ မကာအိုအတွက်သီးသန့်)၊ ဂျုံမှုန့်၊ ပြောင်းမှုန့်၊ ဆန်မှုန့်၊ ခဲမဖြူနှင့် ခဲမဖြူပစ္စည်း၊ ခနောက်စိမ်းနှင့် ခနောက်စိမ်း ပစ္စည်း (နိုင်ငံပိုင် ကုမ္ပဏီ လုပ်ပိုင်ခွင့်)၊ အဖြိုက်နက်နှင့် အဖြိုက်နက်ပစ္စည်း(နိုင်ငံပိုင် ကုမ္ပဏီ လုပ်ပိုင်ခွင့်)၊ ကျောက်မီးသွေး၊ ရေနံ၊ ဓာတ်ဆီ၊ သစ်ခွဲသား၊ ငွေ (နိုင်ငံပိုင်ကုမ္ပဏီ လုပ်ပိုင်ခွင့်)၊ အင်ဒီယမ်နှင့် အင်ဒီယမ်ပစ္စည်း၊ မီးစုန်း သတ္တု၊ နွယ်ချိုနှင့် နွယ်ချိုထွက်ပစ္စည်း၊ တရုတ်အိုင်းရစ်ပန်းနှင့် ထွက်ကုန်ပစ္စည်း မှလွဲ၍ မဂ္ဂနီဆီယမ်၊ ကန့်ကူအတုံး (အမှုန့်) တင်ပို့မှုကိုတာအတွက် စိစစ်၍ ခွင့်ပြုမိန့်ချပေးသည်။ ဤတွင် ဂျုံ၊ ပြောင်း၊ ဆန်၊ ဝါဂွမ်းတို့၏ ကိုတာခွင့်ပြုမိန့်ကို တိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မတီမှ ချပေးသည်။ (ခွင့်ပြုသည့်အရေအတွက်-အရေအတွက် ကန့်သတ်ထား၍ တစ်နှစ်ကို တစ်ကြိမ် ကိုတာအပြောင်းအလဲလုပ်သည် )

၁၆။ လျှောက်ထားနိုင်သူများ (က)ဥပဒေနှင့်အညီ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထား၍ ခွင့်ပြုမိန့်ကျပြီးသူများ။ (ခ)ကုန်ပစ္စည်းတင်သွင်းရေးစာချုပ်ကို ဥပဒေနှင့်အညီ ချုပ်ဆိုထားသူများ။

၁၇။ ဂျုံမှုန့်၊ ပြောင်းမှုန့်၊ ဆန်မှုန့်တင်ပို့ရန် လျှောက်ထားသူအနေဖြင့် အောက်ပါအချက်များနှင့်ကိုက်ညီလျှင် ခွင့်ပြုမိန့်ချပေးမည်ဖြစ်သည်-

(က) ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်

(၁)အသင်းအဖွဲ့မှတ်ပုံတင်၊ တစ်နိုင်ငံလုံး၏ စက်မှုထုတ်ကုန်လုပ်ငန်းထုတ်လုပ်ခွင့်၊ စားသောက်ကုန်တင်ပို့မှု ကျန်းမာရေး ထောက်ခံခွင့်ပြုမိန့်၊ သွင်းကုန်ပို့ကုန်လုပ်ငန်းလုပ်ကိုင်ခွင့် (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်နှင့် ဥပဒေကြောင်းအရ လွတ်လပ်စွာ လုပ်ငန်းကို ပိုင်ဆိုင်သူဟူသည့် အချက်များနှင့် ကိုက်ညီရမည်။

(၂) ထုတ်ကုန်ပစ္စည်း၏ အရည်အသွေးမှာ နိုင်ငံတော်သတ်မှတ်ချက် (သို့မဟုတ်) ထိုကဏ္ဍ၏ သတ်မှတ်ချက်များနှင့်ကိုက်ညီရမည်ဖြစ်သလို၊ (ISO-9000)အရည်အသွေးအောင်လက်မှတ် (ISO-14001) သဘာဝပတ်ဝန်းကျင် အောင်လက်မှတ် (HACCP) အောင်လက်မှတ်များရှိရမည်။

(၃) စက်ရုံထွက်အမှုန်များ၊ ရေဆိုးများ၊ ညစ်ညမ်းလေထုများ စသည်တို့ကို နိုင်ငံတော်မှချထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။ ထို့အတူ မြို့နယ် အထက်အဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ထိုနှစ်အတွက် စစ်ဆေးချက်စာတန်း ပါရှိရမည်။

(၄) ကုန်ထုတ်လုပ်သည့်စက်ပစ္စည်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် တပ်ဆင်ထားသော စက်ပစ္စည်းများမှာ ခေတ်မီရမည်ဖြစ်ပြီး အဓိကစက်ပစ္စည်း၊ ကိရိယာ၊ တိုင်းတာရေးကိရိယာများမှာ ၁၉၉၀ ခုနှစ် နောက်ပိုင်းထုတ်သည့်စက်များဖြစ်ရမည်။

(၅) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာ ဒေသမှထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို၊ ဝန်ထမ်းများအတွက် ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း

## ■ သန်းသန်းနိုင်

ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ်စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက် တိကျစွာ ဝယ်ယူထားရှိရမည်ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့်အလုပ်သမားရေးရာ ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာပါရှိရမည်။

(၆) ပြီးခဲ့သော သုံးနှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေများ ချိုးဖောက်မှုမရှိရ။

(၇) စားသောက်ကုန် အမှုန့်ကြိတ်သည့် ထုတ်ကုန်စက်ရုံအနေဖြင့် ပြီးခဲ့သည့် သုံးနှစ်အတွင်း တစ်နှစ်ကို ပျမ်းမျှဂျုံမှုန့် ထုတ်ကုန် တန်ချိန် တစ်သိန်း၊ ပြောင်းမှုန်နှင့် ဆန်မှုန့်ထုတ်ကုန်မှာ တန်ချိန် တစ်သောင်းစီ အနည်းဆုံးရှိရမည်။

(၈) ပြီးခဲ့သည့် သုံးနှစ်အတွင်း စားနပ်ရိက္ခာအမှုန့် တင်ပို့မှုမှတ်တမ်းရှိရမည်ဖြစ်ပြီး ဂျုံမှုန့်အနေဖြင့် တစ်နှစ်ကို ပျမ်းမျှ တန်ချိန် ၃၀၀၀ ထက်မနည်း တင်ပို့မှုရှိရမည်။ ဤအတွက် နိုင်ငံတော်စာရင်းစစ်ချုပ်အဖွဲ့၊ အကောက်ခွန်ဌာနတို့မှ ထုတ်ပြန်သည့် ကိန်းဂဏန်းကို အတည်ယူမည်။

(ခ) ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းရှင်

(၁)နိုင်ငံတော်မှ သတ်မှတ်ထားသော သတ်မှတ်ချက်နှင့်အညီ စက်မှုကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော၊ သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော၊ ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှာ ငါးနှစ်အထက် မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ကုမ္ပဏီမတည်ငွေမှာ ယွမ်သိန်း(၅၀)အထက်တွင် ရှိရမည်။

(၃) ရောင်းဝယ်ဖောက်ကားတင်ပို့သည့် ကုန်မှာ အပိုဒ်၁ (က-စ) အထိ သတ်မှတ်ထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းကုမ္ပဏီဖြစ်ရမည်။

(၄) (ISO-9000)အရည်အသွေး အောင်လက်မှတ်စသည်တို့ပါရှိရမည်။

(၅) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို ဝန်ထမ်းများအတွက် ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည်ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့် အလုပ်သမားရေးရာ ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာပါရှိရမည်။

(၆) လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေများ ချိုးဖောက်မှုမရှိရ။

(၇) အမှုန့်ကြိတ်စားသောက်ကုန်တင်ပို့သည့်ကုမ္ပဏီအနေဖြင့်ပြီးခဲ့သည့် သုံးနှစ်အတွင်း တစ်နှစ်ကို ပျမ်းမျှဂျုံမှုန့်ထုတ်ကုန်တန်ချိန် ၃၀၀၀ အနည်းဆုံးရောင်းချထားမှုရှိရမည်။ ဤအတွက် နိုင်ငံတော်စာရင်းစစ်ချုပ်အဖွဲ့၊ အကောက်ခွန်ဌာနတို့မှ ထုတ်ပြန်သည့်ကိန်းဂဏန်းကို အတည်ယူမည်။

(၈) ကုန်ထုတ်လုပ်မှုလုပ်ငန်းကိုပါ လုပ်ကိုင်သည့် ကုမ္ပဏီအနေဖြင့် ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်အတွက် တောင်းဆိုထားချက်များနှင့် ကိုက်ညီလျှင်ရသည်။

၁၈။ ခဲမဖြူနှင့် ခဲမဖြူထုတ်ကုန်ပစ္စည်းများ တင်ပို့လိုသူအနေဖြင့် အောက်ပါအချက်များနှင့်ကိုက်ညီရမည်။

(က) ထုတ်လုပ်သည့်လုပ်ငန်းကုမ္ပဏီ။ ၂၀၁၄ခုနှစ်မှ ချပေးထားသော ကန့်သတ်တင်ပို့ကုန်တင်ပို့ခွင့်ရ ကုမ္ပဏီဖြစ်ရမည်။ အကယ်၍ထိုတင်ပို့ခွင့်အသစ် လျှောက်ထားလိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ၂၀၁၅ ခုနှစ် ခဲမဖြူတင်ပို့ခွင့်ကိုတာကို လျှောက်ထားနိုင်သည်။

(၁) နိုင်ငံတော်မှသတ်မှတ်ထားသော သတ်မှတ်ချက်နှင့်အညီ စက်မှုကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော၊ သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှာ မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) အသစ်လျှောက်ထားသော လုပ်ငန်းကုမ္ပဏီမှာ သုံးနှစ်အထက် အလုပ်လည်ပတ်နေသော၊ ယခင်နှစ်က ခဲမဖြူထုတ်လုပ်မှုမှာ တန်ချိန်(၂၀၀၀)ကျော်ရှိသော ကုမ္ပဏီဖြစ်ရမည်။ အချက်အလက်တူလျှင် လုပ်ငန်းကုမ္ပဏီ၏ အထွေထွေကဏ္ဍများကို သုံးသပ်မည်။ ထုတ်ကုန်လုပ်ငန်ပြီးပြည့်စုံမှုကို သုံးသပ်မည်။ ထပ်ဆင့်အချောကိုင်လုပ်ငန်း ပိုမိုလုပ်ကိုင်နိုင်သော လုပ်ငန်းကုမ္ပဏီကို ဦးစားပေးရွေးချယ်သွားမည်။ ထုတ်လုပ်နိုင်စွမ်းကို ထိုလုပ်ငန်းကဏ္ဍတွင်းရှိ အသင်းအဖွဲ့မှ ပြည်တွင်းရောင်းချမှုပမာဏကို စိစစ်အတည်ပြုပေးမည်ဖြစ်သည်။

(၃) နိုင်ငံတော်မှသတ်မှတ်ထားသော သတ်မှတ်ချက်နှင့်အညီ စက်မှုကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော၊ သွင်းကုန်ပို့ကုန်လုပ်ငန်းလုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော၊ ဥပဒေအရကုမ္ပဏီပိုင်ဆိုင်သူမှာ မှတ်ပုံတင်ထားသူဖြစ်ရမည်။ ထို့အတူ (၁)နှစ်အထက်(၃)နှစ်အောက် လုပ်ငန်းလည်ပတ်ထားသော ကုမ္ပဏီအသစ်အနေဖြင့် နိုင်ငံတော်တိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီမှ ထုတ်ပြန်ထားသည့် ၂၀၀၆ (၉၄) ကြေညာချက်ပါ တစ်နှစ်ပျမ်းမျှ တန်ချိန်နှင့်ကိုက်ညီရမည်။ ယခင်နှစ်က တင်ပို့မှုကုန်ပမာဏမှာ တန်ချိန် ၃၀၀ ထက်မနည်းစေရ။ ကုန်ထုတ်လုပ်မှု စွမ်းအားကို ထိုကဏ္ဍရှိအသင်းအဖွဲ့မှ စိစစ်အတည်ပြုသွားမည်။

(၄) အရည်အသွေး စစ်ဆေးအတည်ပြုချက်မှာ လုပ်ငန်းကဏ္ဍတွင်း သတ်မှတ်ချက်နှင့်ကိုက်ညီရမည် ဖြစ်သလို (ISO-9000) အရည်အသွေးအောင်လက်မှတ်လည်း ရရှိထားရမည်။ အရည်အသွေးစစ်ဆေးမှုများပြုလုပ်နေသည့် ကုမ္ပဏီအနေဖြင့် စစ်ဆေးမှုပြုနေကြောင်း ထောက်ခံစာပါရှိရမည်။

(၅) စက်ရုံထွက်အမှုန်များ၊ ရေဆိုးများ၊ ညစ်ညမ်းလေထုများ စသည်တို့ကို နိုင်ငံတော်မှချထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(၆) လုပ်ငန်းကုမ္ပဏီမှ ထုတ်လုပ်သော ပစ္စည်းသည် နိုင်ငံတော်သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ထားသော (တရုတ်နိုင်ငံအဆင့်မြင့်နည်းပညာထုတ်ကုန်စာရင်း) (သို့မဟုတ်) (တရုတ်နိုင်ငံအဆင့်မြင့်နည်းပညာထုတ်ကုန်တင်ပို့ကုန်စာရင်း)တွင် ပါရှိသော ကုန်ပစ္စည်းဖြစ်ပါက (သို့မဟုတ်) သိပ္ပံနည်းပညာဝန်ကြီးဌာနမှ အတည်ပြုထားသော အဆင့်မြင့်နည်းပညာထုတ်ကုန်ပစ္စည်း ဖြစ်ပါက အပိုဒ်၁(ဂ)(ဃ)ပါ သတ်မှတ်ချက်များကို အခြေအနေအရ ဖြေလျှော့ပေးမည်။

(၇) သတ္တုကျိုစက်လုပ်ငန်း လုပ်ကိုင်သူအနေဖြင့် ခဲမဖြူပါဝင်မှုမြင့်သည့် ကုန်ကြမ်း (သို့မဟုတ်) တစ်ဝက်တစ်ပျက်အချောကိုင်ထားသော ကုန်ကြမ်းကို သတ္တုတူးဖော်ခွင့်ရ ကုမ္ပဏီ၏ တရားဝင်လုပ်ခွင့်ရှိသူထံမှ ဝယ်ယူထားခြင်း ဖြစ်ရမည်။

ဆက်လက်ဖော်ပြပါမည်

# ထိုင်းနိုင်ငံတွင် အရာထမ်း ၆၀၀၀၀ ခန့် ပညာသင်စရိတ် ချေးငွေ ပြန်လည် ပေးဆပ်မှု မရှိ၍ အလုပ်ထိခိုက်နိုင်

ထိုင်းနိုင်ငံမှ အစိုးရ အရာထမ်း ၆၀၀၀၀ ခန့်တို့သည် အစိုးရထံမှ ချေးယူထားသည့် ပညာသင်စရိတ် ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိသည့်အတွက် အလုပ်မှ ထုတ်ပယ်ခံရနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၂၀ ရက်က တရားဝင် ထုတ်ပြန်ခဲ့ပါသည်။ ပညာသင်စရိတ် ချေးငွေရန်ပုံငွေ (The Student loan Fund-SLF)သည် မကြာမီ ပုဂ္ဂလိက ကုမ္ပဏီများသို့ ချေးငွေများအတွက် လစာငွေမှ ပြန်လည်ဖြတ်တောက်ယူရန် အသေးစိတ်အချက်အလက်ကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စတာ ဆွန်ချိုင်းကလည်း ချေးငွေကိုပြန်လည်ပေးဆပ်ရန် ပျက်ကွက်သူများအား ဝန်ထမ်း စည်းမျဉ်းစည်းကမ်းအရ အရေးယူသွားမည်ဖြစ်ပြီး အလုပ်မှ ထုတ်ပယ်သည်အထိ အပြစ်ပေး အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ပညာသင်စရိတ် ချေးငွေ ထုတ်ယူထားသူ အရာထမ်းနှစ်သိန်းခန့်ရှိပြီး ၎င်းတို့အနက် ခြောက်သောင်းခန့်မှာ ချေးငွေ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေကြကြောင်း ထပ်လောင်း ပြောကြားခဲ့ပါသည်။




ပညာသင်စရိတ် ချေးငွေ ရန်ပုံငွေအား အရစ်ကျစနစ်ဖြင့် ကာလတစ်ခုအတွင်း ပြန်လည်ပေးဆပ်ရန် ခွင့်ပြုထားကြောင်း၊ အတိုးနှုန်း နည်းပါးစွာ ခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ ယခုနှစ်ကုန်တွင် အရစ်ကျ ပြန်လည်ပေးဆပ်မှု မပြီးပြတ်ပါက ဇန်နဝါရီလမှ စတင်၍ ၎င်းတို့၏ လစာငွေမှ အလိုအလျောက် ဖြတ်တောက်သွားရန် သတိပေးထားပြီးဖြစ်ကြောင်း၊ SLF အနေဖြင့် နိုင်ငံတစ်ဝန်းရှိ ကုမ္ပဏီများသို့ တရားဝင် စည်းမျဉ်းစည်းကမ်းများ အသိပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရန်ပုံငွေအား ဆုံးရှုံးမှုမရှိဘဲ ပြန်လည်ရရှိနိုင်ရန်အတွက် ၎င်းတို့ ထုတ်ချေးထားသည့် အလုပ်သမားများထံမှ ဖြတ်တောက်ရယူပေးရန် အသိပေးထားကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပညာသင်စရိတ် ချေးငွေများကို ထုတ်ယူခဲ့ပြီး ပြန်လည်ပေးဆပ်မှု မရှိဘဲ ရှောင်ရှားနေကြကြောင်း၊ ကုမ္ပဏီများအနေဖြင့် အကြွေးရှိသော အလုပ်သမားများအား လစာငွေမှဖြတ်တောက်ရယူပြီး အစိုးရသို့ ပြန်လည်ပေးသွင်းရန် တာဝန်ရှိပါကြောင်း၊ ကုမ္ပဏီများအနေဖြင့် လစာငွေမှ ဖြတ်တောက်ပေးသွင်းရန် တာဝန်ပျက်ကွက်ပါက ပြစ်ဒဏ်ခံရနိုင်ကြောင်း မစ္စတာ ဆွန်ချိုင်းက ရှင်းလင်းပြောကြားခဲ့ပါသည်။

SLF ဥပဒေအား ယခုနှစ် အစောပိုင်းတွင် ပြင်ဆင်ချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေး ဆုံးခန်းတိုင် သင်ကြားခဲ့ပြီး လက်ရှိ ပုဂ္ဂလိက ကဏ္ဍများတွင်သော်လည်းကောင်း၊ အစိုးရဌာနများတွင်သော်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသော ချေးငွေရယူထားသည့် အမည်စာရင်းအား ထုတ်ပြန်ပေးထားကြောင်း၊ ၎င်းတို့ထံသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့် ချေးငွေမှတ်တမ်းများအား ကုမ္ပဏီများမှ လိုအပ်ပါက အသေးစိတ်ထုတ်ပြန်ပေးနိုင်ပါကြောင်း၊ ဥပဒေအရ တစ်ကြိမ်တစ်ခါ အလုပ်အကိုင် လုပ်ကိုင်ခဲ့ဖူးသူတိုင်း ၎င်းတို့ SLF မှ ချေးယူထားသည့် ချေးငွေအား ပြန်လည်ပေးသွင်းရန် တာဝန်ရှိပါကြောင်း၊ သို့သော်လည်း ချေးယူထားသူ အမြောက်အမြားတို့သည် တာဝန်ရှောင်လွှဲမှုကို တွေ့ရှိနေရကြောင်း၊ ယနေ့အခါတွင် ချေးငွေရန်ပုံငွေ ဘတ် ၅၅၃ ဘီလီယံ အထိ တိုးချဲ့ခွင့်ပြုထားပြီး ပညာသင် ကျောင်းသား ၅ ဒသမ ၂၈ သန်းသို့ ထုတ်ပေးထားကြောင်း၊ သို့သော်လည်း အကြွေးပြန်လည်ပေးဆပ်မှုမှာ ပိုမိုနည်းပါးလာကြောင်း၊ ချေးငွေ ထုတ်ချေးသူ ၂ သန်းတို့ထံမှ ဘတ် ၆၂ ဘီလီယံခန့် ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ ချေးငွေပေးဆပ်ရန် ပျက်ကွက်သူ ၁ ဒသမ ၂ သန်းတို့နှင့် တရားရင်ဆိုင်ရာတွင်လည်း SLF မှ ရှုံးနိမ့်ခဲ့ကြောင်း၊ ယခုနောက်ဆုံး ပြင်ဆင်ချက်တွင် အတိုးနှုန်း ၁ ရာခိုင်နှုန်းမှ အမြင့်ဆုံးနှုန်းထားဖြစ်သည့် ၇ ဒသမ ၅ ရာခိုင်နှုန်းသို့ ပြောင်းလဲ ပြင်ဆင်ထားကြောင်း ဖော်ပြထားပါသည်။

Source : Bangkok Post

သောင်းနိုင်

---

**စာမျက်နှာ (၃၀)မှ ကင်းလွတ်ဇုန် . . . . မှအဆက်**

အလုပ်အကိုင်ရရှိရေးကို ဖန်တီးပေးနိုင်တဲ့ Free Zone တွေရဲ့ အနာဂတ်အောင်မြင်မှုဟာ အကန့်အသတ် ရှိနေတာတော့ အမှန်ပါပဲ။ သမားရိုးကျ မျှော်မှန်းချက်တွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၏ ဈေးကွက်ကို ထာဝရမှီခိုမှု၊ မြင့်မားတဲ့ ဘဏ္ဍာရေးမက်လုံးပေးမှုကို မျှော်လင့်မှုနှင့် ကုန်ထုတ်လုပ်မှုစရိတ် သက်သာအောင် ကျွမ်းကျင်မှုနည်းတဲ့ လုပ်အားအင်အားစုတွေကို မှီခိုမှုပြုနေရင်တော့ Free Zone တွေရဲ့ အနာဂတ် အရေးပါမှုဟာ ကျဆင်းသွားမှာလို့ ဝေဖန်ကြပါတယ်။ မြင့်မားတဲ့ ဈေးကွက်ယှဉ်ပြိုင်မှု ရရှိဖို့ Free Zone တွေမှာ အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ပေးရမှာဖြစ်ပြီး လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးဖို့ ကျွမ်းကျင်မှု မြင့်မားရေး၊ နည်းပညာသစ်များ သုံးစွဲရေးနဲ့ ရေရှည်တည်တံ့မည့် နိုင်ငံရဲ့ ယှဉ်ပြိုင်မှုအကျိုး Competitive Advantages တွေကို ထိရောက်စွာ အသုံးပြုသင့်တယ်လို့ ထောက်ပြကြပါတယ်။

**နိုင်ငံရဲ့ လက်ရှိအနေအထား**

သင်ခန်းစာများ အားလုံးကို ခြုံငုံသုံးသပ်ရင်တော့ အထူးစီးပွားရေးဇုန် စီမံကိန်းတွေမှာ Free Zone ဆိုင်ရာ မူဝါဒတွေ ချမှတ်ကျင့်သုံးရာမှာ ကုန်သွယ်ဘက်နိုင်ငံ တစ်နိုင်ငံတည်းကိုသာ အားထားခြင်း၊ ထုတ်ကုန်တစ်မျိုးတည်းပေါ်သာ အားထားမှီခိုခြင်း၊ Forward Linkage နဲ့ Backward Linkage တွေကို ဟန်ချက်ညီညီ ချိတ်ဆက်မဆောင်ရွက်နိုင်ခြင်း၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုကိစ္စရပ်များအပေါ် မြှင့်တင်ဆောင်ရွက်မှု အားနည်းခြင်းများရှိနေမယ်ဆိုရင် ရေရှည်တည်တံ့တဲ့ အောင်မြင်မှုကို မရနိုင်ကြောင်း သုံးသပ်ရပါကြောင်း တင်ပြလိုက်ရပါတယ်။


ရည်ညွှန်း (၁) Special Economic Zones, Progress, Emerging Challenges, and future Direction, WB.

ရည်ညွှန်း (၂) Dominican Republic, Wikipedia


---

# ထိုင်းနိုင်ငံတွင် ဈေးပေါသော စီးကရက်များအပေါ် တစ်ဗူးလျှင် အခွန်ငွေ ၁၀ ဘတ် တိုးမြှင့်မည်

ဆေးလိပ် သောက်သုံးသူများအနေဖြင့် စက်တင်ဘာ ၁၆ ရက် တွင် စတင် အသက်ဝင်မည့် အထူးကုန်စည်ခွန် အသစ်အရ ဈေးပေါသော စီးကရက်တစ်ဗူးအပေါ် အခွန်ငွေ ၁၀ ဘတ် ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဈေးကြီးသော အမှတ်တံဆိပ်များအပေါ် စည်းကြပ်မည့်နှုန်းထားသည် အနည်းငယ် လျော့နည်းမည်ဖြစ်ကြောင်း၊ စီးကရက်များအကြား ဈေးနှုန်းကွာဟချက် ကျဉ်းမြောင်းရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

အခွန်နှုန်းထားသစ်အရ စီးကရက်များသည် ပမာဏနှင့် တန်ဖိုးနှစ်ရပ်လုံးအပေါ် အခွန်ပေးဆောင်ရန် တာဝန်ရှိကြောင်း၊ ပမာဏအပေါ် ကောက်ခံမှုတွင် ယခင် တစ်လိပ်လျှင် ၁ ဒသမ ၁၀ ဘတ်မှ ယခု ၁ ဒသမ ၂၀ ဘတ်သို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ တန်ဖိုးအပေါ် စည်းကြပ်ကောက်ခံမှုကို အတန်းအစား နှစ်ခု ခွဲခြား ကောက်ခံသွားမည်ဖြစ်ကြောင်း၊ လက်လီရောင်းဈေး ဘတ် ၆၀ အောက် စီးကရက်များအပေါ် ၂၀ ရာခိုင်နှုန်းနှင့် ဘတ် ၆၀ အထက် စီးကရက်များအပေါ် ၄၀ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် စီးကရက်တစ်ဗူးလျှင် ဈေးအသက်သာဆုံး ဘတ် ၄၀ တန်အတွက် ပမာဏအပေါ် အခွန်ငွေ ၂ ဘတ်နှင့် တန်ဖိုးအပေါ် အခွန်ငွေ ၈ ဘတ်၊ စုစုပေါင်း စီးကရက် တစ်ဗူးအပေါ် ၁၀ ဘတ် အခွန် ထပ်မံတိုးမြှင့်ပေးဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ လက်ရှိတွင် ဈေးပေါသော စီးကရက်များ၏ ပမာဏအပေါ်၌သာ ကောက်ခံလျက်ရှိပါသည်။

အရက်များအတွက် အခွန်ကောက်ခံရာတွင် အယ်လ်ကိုဟောပါဝင်မှု များပြားသည်နှင့်အမျှ အခွန်နှုန်းထား မြင့်မားမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း စီးကရက်ကဲ့သို့ ပုံသဏ္ဍာန်များစွာ ပြောင်းလဲမည်မဟုတ်ကြောင်း ပြောကြားသွားပါသည်။

ဈေးပေါသော စီးကရက်များအပေါ် အထူးကုန်စည်ခွန် တိုးမြှင့်ကောက်ခံခြင်းမှာ ကျန်းမာရေးဝန်ကြီးဌာန၏ စီးကရက် လွယ်ကူစွာရရှိနိုင်မှုအား လျှော့ချသွားရန် ရည်ရွယ်ချက်အရလိုက်ပါဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုအခွန်နှုန်းထားအသစ် ပုံသဏ္ဍာန်မှာ ဈေးပေါသော စီးကရက်များကို အခွန်နှုန်းထား တဖြည်းဖြည်းချင်း တိုးမြှင့်၍ ဈေးကြီးသော စီးကရက်များနှင့် ဈေးနှုန်းကွာဟမှု လျော့နည်းသွားရန် ရည်ရွယ်ကြောင်း၊ နောင် နှစ်နှစ်တွင် ဈေးနှုန်းကွာဟချက် ပိုမိုကျဉ်းမြောင်းရန်အတွက် ဈေးပေါသော စီးကရက်အပေါ် အခွန်နှုန်းထား ထပ်မံပြင်ဆင်တိုးမြှင့်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

လက်ရှိတွင် ဈေးအပေါဆုံး စီးကရက်တစ်ဗူး၏ ဈေးနှုန်းမှာ ဘတ် ၄၀ ရှိပြီး ဈေးကြီးသော စီးကရက်မှာ ၁၆၅ ဘတ်အထိရှိကြောင်း၊ ဈေးပေါသော စီးကရက်များကို ပြည်တွင်းရှိ Thailand Tobacco Monopoly မှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အထူးကုန်စည်ခွန် ကြီးကြပ်ရေးဌာနအနေဖြင့် ဈေးနှုန်းအဆင့်သတ်မှတ်ချက်ဖြင့် အခွန်စည်းကြပ်ရန် ရည်ရွယ်ချက်ရှိပြီး ပြည်သူ့ကျန်းမာရေးနှင့် အစိုးရ အခွန်အခ နှစ်ခုအကြား မျှခြေရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source : Bangkok Post

သောင်းနိုင်

# အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ် ပထမခြောက်လအတွင်း ချည်မျှင်နှင့် အထည်မှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံကျော်ရရှိ



အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ချည်မျှင်နှင့် အထည်အလိပ်များကို ပြည်ပသို့ တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၂ ဘီလီယံကျော် ရရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ကထက် ၂ ဒသမ ၇၁ ရာခိုင်နှုန်း တိုးတက်ရရှိခြင်းဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ စက်မှုဝန်ကြီး Airlangga Hartarto က ယခုနှစ်ကုန်ပိုင်းတွင်ချည်မျှင်နှင့် အထည်တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၉ ဘီလီယံအထိ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

“ပို့ကုန်နဲ့ ပြည်တွင်းဝယ်လိုအားတိုးတက်လာခြင်းက ထုတ်လုပ်မှုကို ပိုမိုတိုးတက်လာစေတဲ့ အကြောင်းအရင်းတွေပါပဲ”ဟု အင်ဒိုနီးရှားနိုင်ငံ စက်မှုဝန်ကြီး ဟာတာတိုက အနောက်ဂျာဗား၊ ဘန်ဒန်ရှိ PT Delami အထည်ချုပ်စက်ရုံသို့ ရောက်ရှိစဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။

ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းသည် နိုင်ငံ၏ပို့ကုန်ကဏ္ဍအတွက် အရေးပါသည့် မဟာဗျူဟာကဏ္ဍတွင် ပါဝင်နေကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်းနှင့် သယ်ယူပို့ဆောင်မှုလွယ်ကူစေခြင်းတို့ကြောင့် ယခုကဲ့သို့ ပို့ကုန်ကဏ္ဍတွင် ပမာဏများ တိုးတက်လာရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည်တွင်းမှထုတ်လုပ်သည့် ကုန်အမှတ်တံဆိပ်များသည် ပိုမိုခိုင်မာ အားကောင်းလာရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ပြည်တွင်းဈေးကွက် ကြီးမားခြင်းနှင့် ပို့ကုန်တင်ပို့မှုအတွက် အလားအလာရှိခြင်းကြောင့် အထည်အလိပ်လုပ်ငန်းသည် ပို့ကုန်ဖွံ့ဖြိုးတိုးတက်စေမည့် ကြီးမားသည့် အခွင့်အရေးကြီးတစ်ရပ်ပင်ဖြစ်သည်ဟု ဆိုသည်။

“ဒါကြောင့် ဒီအထည်အလိပ်လုပ်ငန်းကို ၂၀၁၅ကနေ ၂၀၃၅ အမျိုးသားစက်မှုဖွံ့ဖြိုးမှုအဓိကစီမံကိန်းထဲမှာ ထည့်သွင်းရေးဆွဲထားပါတယ်” ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ အစိုးရသည် အထည်အလိပ်လုပ်ငန်းနှင့် ပတ်သက်၍ အုပ်စုသုံးစုခွဲခြားထားရာ ပထမအုပ်စုတွင် ချည်မျှင်ထုတ်လုပ်သည့် လုပ်ငန်း၊ ဒုတိယအုပ်စုတွင် ချည်ငင်ခြင်း၊ သိုးမွေးထိုးခြင်း၊ ကော်ဇောပြုလုပ်ခြင်း၊အထည်ဆေးဆိုးခြင်း၊ ပုံနှိပ်ခြင်းလုပ်ငန်းများ၊ တတိယအုပ်စုတွင် အဝတ်အထည်များ ချုပ်လုပ်ခြင်းနှင့် အခြားသော ချည်ထည်များထုတ်လုပ်ခြင်းတို့ဖြစ်သည်။

## အာရှအခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုဘဏ်က အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်းတွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရင်းနှီးမြှုပ်နှံ

အာရှ အခြေခံအဆောက်အဦးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (The Asian Infrastructure Investment Bank-AIIB) က အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (International Finance Corporation-IFC) တွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက်ကထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံလိုက်ခြင်းကြောင့် AIIB သည် ရန်ပုံငွေအင်အား အတောင့်တင်းဆုံးသော ဘဏ်ကြီးတစ်ဘဏ်ဖြစ်လာကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် IFC သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်နှင့် ပုဂ္ဂလိကကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အကြံဉာဏ်များကို ကူညီပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

“အာရှတိုက်တစ်ခွင်မှာ ကြီးမားတဲ့ အခြေခံအဆောက်အဦးတွေ တည်ဆောက်ဖို့လိုအပ်နေတာကြောင့် ရန်ပုံငွေတွေပိုမိုရရှိဖို့ စည်းရုံးလုပ်ဆောင်ကြရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအခြေခံမူများကို ပူးပေါင်းဆောင်ရွက်ကြဖို့ စည်းရုံးလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်”ဟု AIIB ၏ ဒုတိယဥက္ကဋ္ဌနှင့် Chief Investment Officer ဒီဂျေပန်ဒီယန်က ပြောကြားခဲ့သည်။

ထို့ပြင် AIIB ဘဏ်အနေဖြင့် ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြားသော အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

AIIB သည် အိန္ဒိယနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကို ထုတ်ချေးမည်ဖြစ်ကြောင်း အတည်ပြုထားပြီးဖြစ်သည်။

အဆိုပါစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် AIIB တို့ပူးတွဲ၍ ငွေကြေးများ ပူးတွဲစိုက်ထုတ်ကျခံမည်ဖြစ်သည်။၂၀၁၆ခုနှစ်ကတည်းက လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည့် AIIB သည် အခြားသောငွေကြေးအဖွဲ့အစည်း ၁၆ ခုနှင့်ပူးပေါင်း၍ နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် အခြေခံအဆောက်အဦးပေါင်း ၂၁ ခုအတွက် အမေရိကန်ဒေါ် လာ ၃ ဒသမ ၅၉ ဘီလီယံ ထုတ်ချေးပြီးဖြစ်သည်။

မယ်သီတာ စုစည်းသည်

## ၂၀၁၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေး ၆ ရာခိုင်နှုန်းကျော် တိုးတက်မည်ဟု အေဒီဘီကခန့်မှန်း

၂၀၁၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က ခန့်မှန်းခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ပုဂ္ဂလိကလုပ်ငန်းများက အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းနှင့် အစိုးရ၏ လူမှုစီးပွားရေးလမ်းကြောင်းများအား တွန်းအားပေးဆောင်ရွက်လာခြင်းတို့ အပါအဝင် ပြည်တွင်းဝယ်လိုအားများ မြင့်တက်လာမှုတို့ကြောင့် ယခုကဲ့သို့ မြင့်တက်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

အခြေခံအဆောက်အဦး တည်ဆောက်ရေး၊ လူမှုရေးအစီအစဉ်များ၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖိလစ်ပိုင်အစိုးရအနေဖြင့် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရာတွင် ကူညီထောက်ပံ့လျက်ရှိကြောင်း မနီလာမြို့အခြေစိုက် Asian Development Outlook ၏ နောက်ဆုံးထုတ်စာစောင်တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ဂျီဒီပီသည် ပြီးခဲ့သည့် ဧပြီလက ၆ ဒသမ ၄ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ တိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။ ထို့ပြင် ၂၀၁၈ ခုနှစ်တွင် အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပြီး ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားသုံးမှုနှုန်း တိုးတက်လာမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကြောင့် ယခုကဲ့သို့ မြင့်တက်ရခြင်းဖြစ်ကြောင်း အေဒီဘီက ဆက်လက်ခန့်မှန်းထားသည်။

“ဖိလစ်ပိုင်အစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုတွေကြောင့် ပြည်သူပိုင်လုပ်ငန်းများကို အကောင်အထည်ဖော်ရာမှာ တိုးတက်အောင်မြင်ခဲ့ပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွေမှာလည်း စီးပွားရေးနယ်ပယ်ကို တိုးချဲ့နိုင်အောင် တွန်းအားပေးတဲ့အစီအစဉ်တွေကြောင့် ဆက်လက်တိုးတက်လာမှာဖြစ်ပါတယ်”ဟု အေဒီဘီ၏ ဌာနေမန်နေဂျာဒါရိုက်တာ ရစ်ချတ်ဘို့တ်က ပြောကြားခဲ့သည်။

“အခြေခံအဆောက်အဦတွေကို ရင်းနှီးမြှုပ်နှံခြင်းနဲ့ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို အကောင်အထည်ဖော်ခြင်းတို့ကို တွန်းအားပေးခြင်းဟာ ၂၀၁၈ခုနှစ်အထိ အရှိန်အဟုန်နဲ့ တိုးတက်လာမယ်ဆိုတဲ့လုပ်ဆောင်ချက်ပါပဲ”ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၇ ခုနှစ် ပထမခြောက်လအတွင်း ၆ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။



### အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# ကျန်းမာခြင်းရဲ့ ဟီးရိုး ARONAMIN Gold

Active B12 · Vitamin C · Active B6 · Active B1 · Active B2 · Vitamin E

ARONAMIN Gold

## ၂၀၁၇ခုနှစ်

သီတင်းကျွတ် အခါသမယတွင်

အရှိန်မြင့်ဂိုးလ် ဖြင့် ဖိုးဖိုးဖွားဖွား၊

ဖေဖေ၊ မေမေ တို့ကို ကန်တော့ပြီး

ကုသိုလ်ယူလိုက်ပါ . . .

Like us on Aronamin Gold Myanmar

**ASIA WINNER INDUSTRIAL LTD.** (AWI)

No. 25, 63rd Street, Botataung Tsp, Yangon, Myanmar

☎ : (95-1) 397096 (Dir), 9010237, 9010238, 397097~397100,

Fax : (951) 397101, Hotline : 09 783 85 83 86

| | | |
|---|---|---|
| Pathein Office | ☎ | 042-22098 |
| Magwe Office | ☎ | 063-26080 |
| Sittwe Office | ☎ | 043-22504 |
| Nay Pyi Taw Office | ☎ | 067-26223 |
| Myeik Office | ☎ | 09-7800 36 005 |
| Mandalay Office | ☎ | 09-910 16221 |
| Mawlamyine Office | ☎ | 09-4980 5134 |
| Taung Gyi Office | ☎ | 081-21-24952 |
| Pyay Office | ☎ | 09-425005115 |
| Myit Kyina Office | ☎ | 09-2400 136 |

# Foreign Banking Services

## SECURE, SECRET, SWIFT AND CORRECT, MYAWADDY BANK

MYAWADDY BANK LIMITED

- နိုင်ငံခြားငွေကြေး (USD/ SGD/ EUR/ THB) တို့ဖြင့် စာရင်းရှင်စာရင်းဖွင့်လှစ်ခြင်း။
- Western Union Company နှင့် ချိတ်ဆက်၍ ငွေလွှဲ ဆောင်ရွက်ပေးခြင်း။
- ပြည်ပနိုင်ငံများ မှ ငွေလွှဲပို့ခြင်း။
- ပြည်ပနိုင်ငံများ သို့ ငွေလွှဲပို့ခြင်း။
- Import L/C ဖွင့်လှစ်ခြင်း။
- Export L/C အကြောင်းကြားပေးခြင်း။
- T.T စနစ်ဖြင့် ငွေလွှဲပေးပို့ခြင်း။
- ဘဏ်အာမခံထုတ်ပေးခြင်း။
- နိုင်ငံခြားငွေကြေး (USD/ SGD/ EUR/ THB) တို့ကို ဝယ်ယူ/ရောင်းချလဲလှယ်ခြင်းလုပ်ငန်းများ။

Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm

Phone No : (067) 421441, 421581, 421582,
Fax : (067) 421442, 421443
Email : mwdbanknpt@gmail.com

# EVER RICH GROUP CO.,LTD

* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ



**EVER RICH GROUP CO.,LTD** စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

အမှတ်(၃၆/ဒီ)၊လမ်းသစ်လမ်း၊နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ ☎ ၀၁-၉၆၆၅၇၁၇၊၀၁-၉၆၄၀ ၂၇၇၊၀၉-၃၀၀၈၈၇ ၂၀၊၀၉-၄၅၇၇၄၈၀၆၅၊၀၉-၉၇၆၇၀၀ ၂၅၀

အဆောင်(၁၃၀)၊အခန်း(၄)၊ရွှေဝါလမ်း၊ဇော်ဘွားကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်။ ☎ ၀၁-၉၆၄၀ ၂၅၅၊၀၁-၉၆၄၀ ၂၆၆၊၀၉-၉၆၅၀၀၇ ၂၅၅၊၀၉-၂၆၃၃၃၉၄၉၉၊၀၉-၄၅၇၇၄၀၀၆၆

အမှတ်(၄၁၇)၊လှသီရိလမ်းနှင့်ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်။ ☎ ၀၁-၆၁၇၁၄၉၊၀၉-၇၃ ၂၅၁၁၅၊၀၉-၇၉၆၁၀၈၁၄၁၊၀၉-၉၇၇၉၄၁၀၀၁၊၀၉-၄၅၇၇၄၀၀၆၄



thyssenkrupp





*Safe & Quality Engineering Services for Elevators & Escalators in Myanmar*

- *Passenger Elevator*
- *Panorama Elevator*
- *Freight Elevator*
- *Home Elevator*
- *Escalator*
- *Moving Walk*
- *Bed Elevator*
- *Car Elevator*

"thyssenkrupp"
Global German Elevator Brand

SHADE

Authorized Distributor

**SHADE Engineering Co., Ltd**
No.40, Myaung Mya Street, Sanchaung Township, Yangon.
Hotline: +95-9-420 60 4422-33 , Mobile: +95-9-500 9635
Email: aungwinhan.shadeengineering@gmail.com

COMMERCE INTERNATIONAL

# အီးယူနိုင်ငံများသို့ ကြက်သားတင်ပို့နိုင်ရန် ဗီယက်နမ်နိုင်ငံ ကြိုးပမ်းလျက်ရှိ

အီးယူနိုင်ငံများသို့ ကြက်သားတင်ပို့နိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ဥရောပနိုင်ငံများသို့ ကြက်သားထုတ်ကုန်များကို ဒတ်ချ်ကုမ္ပဏီတစ်ခုဖြစ်သည့် Jan Zaandbergen နှင့် အချို့သော မိတ်ဖက်ပို့ကုန်လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍တင်ပို့နိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး မစ္စတာ Vu Van Tam က ပြောကြားခဲ့သည်။

လူဦးရေသန်း ၅၀၀ ကျော်ရှိသည့် အီးယူဈေးကွက်သည် ကြက်သားများ အများအပြားစားသုံးသည့်ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ကြက်သားတင်ပို့နေသည့်နိုင်ငံများမှာ ဘရာဇီး၊ ထိုင်းနှင့် ယူကရိန်းနိုင်ငံတို့ဖြစ်ကြောင်း Jan Zaandbergen မှ ကိုယ်စားလှယ်က ဒုတိယဝန်ကြီးနှင့် ဟန္ဓိုင်းမြို့တွင်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

၂၀၁၇ခုနှစ်တွင် ဥရောပနိုင်ငံများ၏ ဈေးကွက်၌ ကြက်သားတန်ချိန်ပေါင်း ကိုးသိန်းခွဲ ဝယ်လိုအားရှိပြီး ကြက်ရင်ပုံသား စားသုံးမှုမှာ ကြက်သားစားသုံးမှုစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းရှိသည်။ Jan Zaandbergen သည် ယူရိုသန်း ၄၀၀ တန်ဖိုးရှိသည့် အသားစားကြက်၊ ဝက်သားနှင့် သိုးသား တန်ချိန် ၈၅၀၀၀ တင်သွင်းရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်-အီးယူ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်၏ အကျိုးသက်ရောက်မှု ရှိချိန်တွင် အကောက်ခွန် သုည ရာခိုင်နှုန်းဖြင့် အီးယူသို့ ကြက်သားတင်သွင်းခွင့်ရရှိအောင်လုပ်ဆောင်သင့်ကြောင်း၊ ဗီယက်နမ်ကြက်သားကို အီးယူအနေဖြင့် ခွဲတမ်းသတ်မှတ်ထားခြင်း မရှိကြောင်း Jan Zaandbergen ကိုယ်စားလှယ်က ဗီယက်နမ်နိုင်ငံသို့ အကြံပြုပြောကြားခဲ့သည်။

သို့သော် ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် ကြက်သားတင်ပို့ရာတွင် အီးယူမှ သတ်မှတ်ထားသည့် အချက်များ၊ လိုအပ်ချက်များ အထူးသဖြင့် အစားအစာ လုံခြုံစိတ်ချရမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ပင်ရင်းဒေသဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် ကြက်များတွင် ဖြစ်ပွားတတ်သော ရောဂါများအား ကာကွယ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို လုပ်ဆောင်သင့်ကြောင်း ၎င်းကအကြံပြုထားသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဥပဒေနှင့် အစားအစာလုံခြုံစိတ်ချရမှုဆိုင်ရာ တရားဝင်အထောက်အထားပေါင်း ၁၃ ခုကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ သွင်းကုန်များအပေါ်၌ ကန့်သတ်ချက်မြောက်မြားစွာထားရှိသည့်အပြင် အစားအစာ လုံခြုံစိတ်ချရမှုရှိရေးအား ဦးစားပေးသည့်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံအပါအဝင် အခြားသောဈေးကွက်များအတွက်လည်း လိုအပ်သည့် အထောက်အထားများကို ဗီယက်နမ်နိုင်ငံအနေဖြင့် စိတ်ကျေနပ်သည်အထိ လုပ်ဆောင်ပေးနေသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဖန်ဘန်ဒေါင်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ ကြက်ရင်ပုံများကို ပထမအသုတ်အဖြစ် ဂျပန်နိုင်ငံသို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း ဒုတိယဝန်ကြီးက ထပ်မံပြောကြားခဲ့သည်။





# အာဆီယံ ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တက်ရောက်မည်ဟု အတည်ပြု

(၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကို လာမည့် နိုဝင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တက်ရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ အလည်အပတ် ခရီးသွားရောက်ပြီးနောက် အဆိုပါညီလာခံသို့ တက်ရောက်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် စေ့စပ်ဆွေးနွေးမှုများဖြင့် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ကိုရီးယားကျွန်းဆွယ်ဒေသအား နျူကလီးယားကင်းမဲ့ဇုန်အဖြစ်ထားရှိရန် ဖြစ်နိုင်၊ မဖြစ်နိုင်ကို စိစစ်အတည်ပြုရန်အတွက် သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်မှထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်ဟုဆိုသည်။

သမ္မတဒေါ်နယ်ထရမ့်သည် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး၏ အမေရိကန်ဆန့်ကျင်ရေး စကားလုံးများကြောင့် ယခုနှစ်ဧပြီလအတွင်းက ကျင်းပခဲ့သည့် အကြိမ်(၃၀)မြောက် အာဆီယံထိပ်သီးညီလာခံသို့ တက်ရောက်ခြင်းမရှိခဲ့ပေ။ သို့သော် ယခုကျင်းပမည့် (၃၁)ကြိမ်မြောက် ထိပ်သီးညီလာခံသို့မူ တက်ရောက်မည်ဖြစ်သည်ဟု အိမ်ဖြူတော်ကထုတ်ပြန်ခဲ့သည်။

အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)မှ ခေါင်းဆောင်များညီလာခံကို ထရမ့် ဗီယက်နမ်သို့ ရောက်ရှိစဉ်ကာလအတွင်း ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့၌ နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မကြာသေးမီကကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံခဲ့သည့် အာရှနိုင်ငံများမှ ခေါင်းဆောင်များသည် အာဆီယံထိပ်သီးညီလာခံသည် ၎င်းအတွက်အရေးကြီးသည့် ညီလာခံတစ်ရပ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

# အိန္ဒိယနိုင်ငံတွင် မိုးစပါးအထွက်နှုန်း လျော့ကျနိုင်ပြီး ပဲမျိုးစုံထွက်ရှိမှုလည်း ကျဆင်းနိုင်ဟုဆို

အိန္ဒိယနိုင်ငံ၌ ယခုနှစ်မုတ်သုံရာသီအတွင်း ရေလွှမ်းမိုးမှုများနှင့် မိုးခေါင်မှုများကြောင့် မိုးစပါးအထွက်နှုန်း လျော့ကျနိုင်ပြီး ပဲမျိုးစုံထွက်ရှိမှုလည်း လျော့ကျနိုင်ကြောင်း အစိုးရတာဝန်ရှိသူများ၏ပြောကြားချက်များအား ကိုးကား၍ တိုင်းမ်အော့ဖ်အိန္ဒိယသတင်းတွင် ဖော်ပြထားသည်။

ယခုနှစ်မုတ်သုံရာသီတွင် အိန္ဒိယနိုင်ငံ၌ စပါးမက်ထရစ်တန်ချိန် ၁ ဒသမ ၉သန်းအထိ ကျဆင်းနိုင်ဖွယ်ရာရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ပဲမျိုးစုံနှင့်အခြားသော ကောက်ပဲသီးနှံများ၏ အထွက်နှုန်းသည်လည်း ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားသည်။ ပြီးခဲ့သည့်မုတ်သုံရာသီက ပဲမျိုးစုံနှင့် အခြားသောကောက်ပဲသီးနှံများ၏ထွက်ရှိမှုမှာ မက်ထရစ်တန်ချိန် ၁၃၈ ဒသမ ၅၂ ရှိခဲ့သော်လည်း ယခုနှစ်တွင်မူ မက်ထရစ်တန်ချိန် ၁၃၄ ဒသမ ၆၇ အထိ ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းထားသည်။

စပါး၊ ပဲမျိုးစုံနှင့်အခြားသော ကောက်ပဲသီးနှံများကို မကြာခင်ကာလတွင် ရိတ်သိမ်းကြတော့မည်ဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အများအပြားစိုက်ပျိုးလျက်ရှိသည့် ကြံမှတစ်ပါး အခြားသော အဓိက မုတ်သုံသီးနှံများ၏ အထွက်နှုန်းများ ကျဆင်းလာနိုင်သည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက လာမည့်အောက်တိုဘာ၂ ရက်တွင် စပါး၊ ပဲမျိုးစုံနှင့် အခြားသော ကောက်ပဲသီးနှံများ၏ ခန့်မှန်းအထွက်နှုန်းကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။



၂၀၁၇-၁၈ သီးနှံရာသီတွင် စပါးတန်ချိန် ၉၄ ဒသမ ၄၈ မက်ထရစ်တန် ထွက်ရှိမည်ဟု ခန့်မှန်းထားရာ ယခင်နှစ်က ခန့်မှန်းထားသည့်တန်ချိန်ထက် လျော့နည်းခဲ့ကြောင်း အမည်မဖော်လိုသူ အစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ယခင်နှစ်က စပါး ၉၆ ဒသမ ၃၉ မက်ထရစ်တန် ထွက်ရှိခဲ့သည်။ အလားတူ ပဲမျိုးစုံထွက်ရှိမှုသည် မိုးရေချိန် လျော့နည်းရရှိမှုနှင့် ဈေးနှုန်းများ ကျဆင်းမှုတို့ကြောင့် ၉ ဒသမ ၄၂ မက်ထရစ်တန် ထွက်ရှိမည်ဟု ခန့်မှန်းထားသော်လည်း ၈ ဒသမ ၇၁ မက်ထရစ်တန်အထိ ကျဆင်းနိုင်သည်ဟုဆိုသည်။ ထို့ပြင် ပဲစင်းငုံသည် ၃ ဒသမ ၉၉ မက်ထရစ်တန်ထွက်ရှိနိုင်ပြီး မတ်ပဲသည် ၂ ဒသမ ၅၃ မက်ထရစ်တန် ထွက်ရှိမည်ဟုဆိုသည်။

သို့သော် ကြံထွက်ရှိနှုန်းမှာမူ မြင့်တက်နိုင်ဖွယ်ရှိပြီး တန်ချိန် ၃၀၆ ဒသမ ၇၂ သန်းမှ တန်ချိန် ၃၃၇ ဒသမ ၆၉ သန်းအထိ တိုးတက်နိုင်သည်ဟုဆိုသည်။

မယ်သီတာ စုစည်းသည်